# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၁၁၅)




နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
## နာဂဒေသ လေရှီးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ကလေး ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးလှမော်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန် ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လေရှီးမြို့ အားကစားကွင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မ ယခင်နှစ်တုန်းက ဒီကိုလာဖို့ စီစဉ်ခဲ့ပေမယ့် ရာသီဥတုအခြေအနေကြောင့် မရောက်ခဲ့ပါဘူး။ ဒီနှစ်မှာ ဖြစ်အောင်ကို လာမယ်ဆိုပြီး ရောက်အောင်လာခဲ့တာပါ။ ကျွန်မ ဒီလိုနေရာတွေကို လာတယ်ဆိုတာက ပြည်သူတွေနဲ့ ထိတွေ့မှုရှိချင်လို့ ဖြစ်ပါတယ်။ ဘယ်လောက်ဝေးလံတဲ့ နေရာပဲဖြစ်ဖြစ်၊ ဘယ်လိုခေါင်တဲ့နေရာပဲဖြစ်ဖြစ်


*စာမျက်နှာ ၃ ကော်လံ ၁* ✽





# ညီအစ်ကိုအရင်းအချာစိတ်

စည်းလုံးခြင်းသည် အင်အားဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအဖို့မူ စည်းလုံးခြင်းမှ ရရှိအပ်သည့် အင်အားသည် နိုင်ငံကို တည်ဆောက်ရန်နှင့် နိုင်ငံကို ကာကွယ်ရန်တို့အတွက် မရှိမဖြစ်လိုအပ်သည်။ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ နှစ်ပရိစ္ဆေဒကြာမြင့်စွာကတည်းက အတူနေထိုင်ခဲ့ကြသည့် နိုင်ငံလည်းဖြစ်သည်။ စုစည်းညီညွတ်စွာ၊ တစ်စည်းတစ်လုံးတည်း၊ အေးအတူပူအမျှ နေထိုင်ခဲ့ကြခြင်းဖြစ်သည့်အလျောက် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ဟူ၍လည်း တင်စားကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ် ခုနစ်ပြည်နယ် သတ်မှတ်ပိုင်းခြားထားသည်။ ယင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ အကျယ်အဝန်းမတူ၊ လူဦးရေမတူ၊ ဖွံ့ဖြိုးတိုးတက်မှုများလည်း မတူ၊ တစ်ခုနှင့်တစ်ခု ကွာခြားနေကြသည်။ သို့ရာတွင် တိုင်းဒေသကြီးတိုင်း၊ ပြည်နယ်တိုင်းမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးစီသာ နေထိုင်ကြခြင်းမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများအားလုံး အတူတကွ ပျံ့နှံ့နေထိုင်နေကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသည် အခြေခံဥပဒေအရ အဆင့်အတန်းတူညီကြသည်။ လက်ရှိကမ္ဘာ့အခြေအနေ၊ မိမိတို့နိုင်ငံတည်ရှိရာဒေသတွင်းအခြေအနေနှင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေတို့အရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ်အရေးကြီးနေသည်။ စင်စစ်အားဖြင့်မူ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး၏ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုနိုင်ငံအတွက် ထာဝရအရေးပါသည့် လိုအပ်ချက်ဟူ၍ပင် ဆိုရမည်။

"ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေအားလုံး၊ ပြည်ထောင်စုသားချင်းတွေအားလုံးဟာ ညီအစ်ကိုအရင်းအချာတွေဆိုတဲ့စိတ်ကို မွေးစေချင်ပါတယ်။ ဒီလိုစိတ်မွေးနိုင်မှ နိုင်ငံရဲ့ မတူကွဲပြားမှုတွေဟာ ကျွန်မတို့အတွက် အင်အားဖြစ်မှာ၊ မတူတဲ့သူတွေက ငါတို့ရန်သူ၊ မတူတဲ့လူတွေက ငါတို့နဲ့ တစ်သားတည်းနေနိုင်မှာမဟုတ်ပါဘူး၊ မတူတဲ့သူတွေမို့လို့ ငါတို့ "ပ" ထားရမယ်ဆိုတဲ့ စိတ်တွေထားရင် ကျွန်မတို့နိုင်ငံဟာ အင်အားတွေ လျော့သွားပါလိမ့်မယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့၌ လူထုနှင့်တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍လည်း မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိကြောင်း၊ တိုင်းရင်းသားတိုင်းတွင် ချစ်စရာကောင်းသည့် ဓလေ့များနှင့် လေးစားစရာကောင်းသည့် အယူအဆများရှိကြောင်း၊ ယင်းကို သိနားလည်အောင်ကြိုးစားရင်း အပြန်အလှန်သင်ယူခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူရန်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီးကို ထူထောင်ရန်လည်း တိုက်တွန်းပြောကြားသွားခဲ့သည်။

ယနေ့ကာလသည် မိမိတို့နိုင်ငံအဖို့ တိုင်းသစ်ပြည်သစ်ထူထောင်နေရသည့် ကာလဖြစ်သည်။ နိုင်ငံငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားကုန်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်နေရသလို နိုင်ငံ၏ အချုပ်အခြာကို ထိပါးလာနိုင်သည့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်တွန်းလှန်နေရသည့် အချိန်ဖြစ်သည်။ ယင်းသို့သော အခြေအနေ အချိန်အခါတွင် မိမိတို့နိုင်ငံအဖို့ ခိုင်မာတောင့်တင်းသည့် အင်အားကို လိုအပ်သည်သာ ဖြစ်သည်။ ယင်းအင်အားသည် ပြည်တွင်းမှာသာရှိသည့် စည်းလုံးညီညွတ်မှုအင်အားဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်မှု အားကောင်းသည့်အခါတိုင်း ဒေသတွင်းမှာ ခေါင်းမော်ဝင့်ကြွားနိုင်ခဲ့သည်ချည်းဖြစ်သည်။ စည်းလုံးညီညွတ်မှုပြိုကွဲ၍ အားအင်ချည့်နဲ့ချိန်တွင်မူ ကျူးကျော်စော်ကားမှုတို့ ခံစားခဲ့ရဖူးသည်မှာလည်း သမိုင်းသင်ခန်းစာပင်ဖြစ်သည်။

သတင်းအချက်အလက်နည်းပညာများ တိုးတက်မြင့်မားလာသည့် ယနေ့ခေတ်တွင် တိုင်းရင်းသားလူမျိုးများ တစ်မျိုးနှင့်တစ်မျိုးအကြား ရန်ငြိုးရန်စ အာဃာတတို့ ကြီးမားလာစေရန်၊ သံသယနှင့် မယုံသင်္ကာစိတ်များ ပွားများလာစေရန်၊ သေးသည့်အမှုတို့ ကြီးကာ အမုန်းမီးတို့ တောက်လောင်လာစေရန် သွေးခွဲသပ်လျှိုမှုများကို မသမာသူတို့က နည်းလမ်းအသွယ်သွယ်၊ ပညာသားပါပါ၊ ပရိယာယ်ဝေဝုစ်များစွာတို့ဖြင့် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်နေကြသည်ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ပြတ်သားစွာ ပိုင်းဖြတ်အပ်ပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။




ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ချေးငွေအာမခံအဖွဲ့အစည်း ထူထောင်နိုင်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ငွေကြေးပံ့ပိုးပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ချေးငွေအာမခံအဖွဲ့အစည်း ထူထောင်နိုင်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ငွေကြေးပံ့ပိုးပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ဗဟိုဘဏ်တို့ ပူးတွဲကျင်းပသည့် ချေးငွေအာမခံအဖွဲ့အစည်း ထူထောင်နိုင်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ငွေကြေးပံ့ပိုးပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အစိုးရ၏ မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ချေးငွေဝန်ဆောင်မှုပေးရေးနှင့် ထိုင်းနိုင်ငံ ချေးငွေဝန်ဆောင်မှု အဖွဲ့အစည်း၏ စိုက်ပျိုးရေး လုပ်ငန်းများအတွက် SMEs ဆိုင်ရာ ငွေကြေးမူဝါဒများ၊ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြစ်သည့် ချေးငွေချထားခြင်း၊ ကြွေးမြီကောက်ခံခြင်း၊ ရင်းနှီးမြှုပ်နှံမှုလေ့လာစောင့်ကြည့်ခြင်းနှင့် ချေးငွေဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုများအား သိရှိနိုင်ပါရန် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းကဏ္ဍ မြှင့်တင်နိုင်ရန် ဆောင်ရွက်နေသော်လည်း ၎င်းတို့အတွက် ငွေကြေးရရှိနိုင်မှု ခက်ခဲပါကြောင်း၊ သို့ဖြစ်၍ အသေးစား၊ အလတ်စားလုပ်ငန်းကဏ္ဍအတွက် ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှသာ မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် "ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)" ၂၀၁၈ - ၂၀၃၀ အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး MSDP ၏ ပန်းတိုင် (၃)၊ မဟာဗျူဟာ (၂) မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းမှတစ်ဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင်ဖန်တီးရေးကို အထောက်အကူပြုရန် ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည်ကို သိရှိသည့်အားလျော်စွာ ချေးငွေအာမခံ လုပ်ငန်းများအတွက် ချေးငွေအာမခံအဖွဲ့အစည်း တည်ထောင်ရန် အစိုးရမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Credit Guarantee Corporation (CGC) တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအပါအဝင် SMEs လုပ်ငန်းများ တည်ထောင်နိုင်ရန်အတွက် ချေးငွေ အာမခံဝန်ဆောင်မှုဖြင့် အထောက်အကူပြုနိုင်ရန်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအကြား တွေ့ကြုံလာနိုင်သည့် ကြွေးမြီဆုံးရှုံးနိုင်မှုများကို မျှဝေနိုင်ရန်အတွက် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဗဟိုဘဏ်မှ Communication and Corporate Relation Group ၏ Assistant Governor ဖြစ်သူ Mrs. Chantavarn Sucharitakul က ထိုင်းနိုင်ငံ၏ လက်ရှိအောင်မြင်နေသော Credit Guarantee လုပ်ငန်းများနှင့် SMEs ၊ MSMEs လုပ်ငန်းများ အကြောင်း ပြောကြားခဲ့ပြီး ယခုဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ထိုင်းနိုင်ငံ ဗဟိုဘဏ်က မြန်မာနိုင်ငံတွင် SMEs ၊ MSMEs နှင့် Credit Guarantee Corporation (CGC) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ထိုင်းနိုင်ငံ၏ လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများအား မျှဝေပေးနိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် အခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ဆွေးနွေးပွဲအား အစီအစဉ် (၇) ရပ်ဖြင့် ဇန်နဝါရီ ၂၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ကိုယ်စားလှယ် ၁၀၀ ကျော်ခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လေရှီးမြို့ အားကစားကွင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

❀ ရှေ့ဖုံးမှ

“ဒီအတိုင်းပဲ ကျွန်မတို့နိုင်ငံရဲ့ ပြည်သူပြည်သားတွေဟာ ဘယ်နေရာမှာပဲနေနေ ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် နိုင်ငံအတွက် တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ တန်ဖိုးရှိတယ်ဆိုတာကို ယုံကြည်စေချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှ တခြားသူကလည်း ကိုယ့်ကို ယုံကြည်နိုင်မှာပါ။ ကျွန်မတို့ ငြိမ်းချမ်းရေးရဖို့ ကြိုးစားတဲ့အခါမှာ ယုံကြည်မှုတည်ဆောက်ရေးဆိုပြီး ခဏခဏ ပြောပါတယ်”

နိုင်ငံရဲ့ အစိတ်အပိုင်းအားလုံးဟာ ကျွန်မတို့အတွက် တန်းတူညီတူ တန်ဖိုးရှိပါတယ်။

ဒီကိုရဟတ်ယာဉ်နဲ့ လာတဲ့အခါ အောက်ကိုကြည့်လိုက်တော့ ကျွန်မတို့ရဲ့ဒေသခံတွေဟာ ဘယ်လောက်ခက်ခက်ခဲခဲနဲ့ ဘဝကို အသက်မွေးဝမ်းကျောင်းပြုနေရသလဲဆိုတာ ကျွန်မတို့ အများကြီးပဲ နားလည်ပါတယ်။ လူ့ဘဝဆိုတာ ဒီလိုပါပဲ။

တောင်စောင်းမှာ အိမ်လေးတွေဆောက်ပြီး ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းအတွက် ဘိုးဘွားဘီဘင်အစဉ်အဆက် နေထိုင်လုပ်ကိုင်ခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ ဘဝတွေကို ကျွန်မ ပိုပြီးကောင်းမွန်စေချင်ပါတယ်။ ပိုပြီးကောင်းမွန်စေချင်တယ်ဆိုတာက ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ပြည်သူအားလုံးဟာ ချမ်းချမ်းသာသာနဲ့ တိုးတက်တဲ့အခြေအနေကို ရောက်စေချင်တယ်။ ဒါမှကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ဟာ ကောင်းမှာပါ။

## နိုင်ငံရေးကို နားလည်စေချင်

နိုင်ငံရဲ့တန်ဖိုးဟာ ပြည်သူတွေရဲ့တန်ဖိုးပါပဲ။ ပြည်သူတွေရဲ့တန်ဖိုးဟာ ပြည်သူတွေ ဘယ်လောက်စိတ်လုံခြုံမှု ရှိသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ကလေးတွေကို အထူးအလေးပေးပြီး ဒီလိုအစည်းအဝေးတွေကို တက်စေချင်တယ်။ ငယ်ငယ်ကတည်းက ကလေးတွေဟာ နိုင်ငံရေးကို နားလည်စေချင်တယ်။ ငယ်ငယ်ကတည်းက နိုင်ငံရေးဆိုတာ ကိုယ့်ကိစ္စဖြစ်တယ်ဆိုတာ ကလေးတွေအားလုံး ငယ်ငယ်ကတည်းက နှလုံးသွင်းထားစေချင်တယ်။ ကိုယ်တစ်ယောက်တည်းနေလို့ ဘယ်တော့မှ မရဘူး။ ဘယ်သူမှ တစ်ယောက်တည်း နေလို့မရဘူး။ ကျွန်မတို့ လူသားတွေဆိုတာဟာ တစ်ယောက်ကို တစ်ယောက် မှီတင်းပြီး နေရတဲ့သူတွေပါ။ ဒီလို တစ်ယောက်ကိုတစ်ယောက် မှီတင်းပြီး ရှင်သန်ကြရတဲ့သူတွေမို့လို့ တစ်ယောက်နဲ့တစ်ယောက် နေတတ်အောင်လည်း ကျွန်မတို့ ကြိုးစားရတယ်။ နေတဲ့အခါမှာ အေးအေးချမ်းချမ်း ဖြစ်အောင်လို့လည်း ကြိုးစားရတယ်။

## လုံးဝငြိမ်းချမ်းရေးရှိတယ်ဆိုတာ တစ်ခါမှမဖြစ်ခဲ့

ကျွန်မတို့နိုင်ငံရဲ့ အားနည်းချက်တစ်ခုက ဘာလဲဆိုတော့ လွတ်လပ်ရေးရတဲ့အချိန်ကစပြီး အခုထိ ဒီနိုင်ငံမှာ လုံးဝငြိမ်းချမ်းရေးရှိတယ်ဆိုတာ တစ်ခါမှ မဖြစ်ခဲ့သေးဘူး။ တစ်နေရာမဟုတ်တစ်နေရာမှာ ပြည်တွင်းစစ်တွေက ဖြစ်နေတာပဲ။ ဒီဟာတွေ ပပျောက်သွားအောင် ကျွန်မတို့အစိုးရက အထူးဂရုပြုပြီး ကြိုးစားနေပါတယ်။ ကျွန်မတို့ နိုင်ငံတစ်နေရာမှာ မငြိမ်မသက်ဘူးဆိုရင် တစ်နိုင်ငံလုံးကို ထိခိုက်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကို လူတစ်ယောက်ရဲ့ အခြေအနေနဲ့ မကြာခဏနှိုင်းယှဉ်ပြီး ပြောပါတယ်။ လူတစ်ယောက်ဟာ လက်ညှိုးလေး နာနေရင်လည်း နာနေတာပါပဲ၊ လက်ညှိုးလေးမို့လို့ မနာဘူးပြောလို့ မရပါဘူး။ ရောဂါကြီးကြီးရှိမှလည်း ဝေဒနာခံစားရတာ မဟုတ်ပါဘူး။ အင်မတန်မှသေးတဲ့ ဝေဒနာလေးလို့ ပြောရမယ့်၊ လက်ညှိုးလေး နာနေတယ်ဆိုရင် နာနေတဲ့အလျောက် အနာခံနေရတဲ့ လူအပေါ်မှာ အကျိုးသက်ရောက်မှုရှိပါတယ်။

## ယုံကြည်မှုတည်ဆောက်

ဒီအတိုင်းပဲ ကျွန်မတို့နိုင်ငံရဲ့ ပြည်သူပြည်သားတွေဟာ ဘယ်နေရာမှာပဲနေနေ ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် နိုင်ငံအတွက် တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ တန်ဖိုးရှိတယ်ဆိုတာကို ယုံကြည်စေချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှ တခြားသူကလည်း ကိုယ့်ကို ယုံကြည်နိုင်မှာပါ။ ကျွန်မတို့ ငြိမ်းချမ်းရေးရဖို့ ကြိုးစားတဲ့အခါမှာ ယုံကြည်မှုတည်ဆောက်ရေးဆိုပြီး ခဏခဏ ပြောပါတယ်။

ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် မယုံကြည်တဲ့သူတွေက လူအများကို ယုံကြည်ဖို့ဆိုတာ အင်မတန်မှ ခက်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကို အရည်အချင်း ပြည့်စုံစေချင်ပါတယ်။ အရည်အချင်းပြည့်စုံတဲ့ အခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နိုင်တယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှ တခြားလူတွေနဲ့ ဆက်ဆံရေးဟာ မှန်ကန်နိုင်မယ်။ ကိုယ့်ကိုယ်ကိုယ် မယုံကြည်တဲ့လူတွေ၊ ကိုယ့်အတွက် ကိုယ်စိုးရိမ်နေတဲ့လူတွေက တခြားလူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ဆက်ဆံရေး မကောင်းကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အတွက် ကိုယ်စိုးရိမ်နေရလို့ပါ။ ဒီလိုကိုယ့်အတွက် ကိုယ်စိုးရိမ်နေရတဲ့ဘဝကနေ လွတ်ကင်းအောင်လို့ ကျွန်မတို့အားလုံး လက်တွဲပြီး ဆောင်ရွက်မှ ဖြစ်ပါလိမ့်မယ်။ အဲဒီအထဲမှာ ကလေးတွေလည်း ပါပါတယ်။

ဒီမှာထိုင်နေတဲ့ ကလေးတွေအားလုံးက ကျောင်းသွားတဲ့အရွယ် မရောက်သေးဘူးလို့ ထင်ပါတယ်။ တချို့က ကျောင်းမရောက်သေးတဲ့ အရွယ်ပါ။ ဒါပေမယ့် အများစုက ကျောင်းတက်နေကြပြီ၊ အဲဒီတော့ ကျောင်းသွားတဲ့အခါ ကျရင် ကျောင်းမှာ ဆရာ ဆရာမတွေက သင်ပေးလိုက်တဲ့ စာတွေတင် မဟုတ်ဘူး၊ ဘာသင်ယူရလဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် တည့်အောင်နေဖို့ သင်ယူကြရပါတယ်။ ကျောင်းခန်းထဲသွားတယ်ဆိုရင် ကလေးတစ်ယောက်တည်းက ကိုယ်လုပ်ချင်သလို လုပ်နေလို့ မရပါဘူး။ အားလုံးထိုင်ပြီး စာရေးဆိုရင် ကိုယ်လည်း ထိုင်ပြီး စာရေးရပါတယ်။ သူများတွေထိုင်ပြီး စာရေးနေတဲ့အချိန်မှာ ကလေးတစ်ယောက်တည်းထပြီး ဆော့ရင် ဆရာမက စိတ်ဆိုးမှာပါ။

## သုံးလို့ရမယ့်ပညာတွေကို သင်ယူ

ဒီလိုခွင့်ပြုလို့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်တည်း ဆော့နေရင် ကျန်တဲ့လူတွေကို အနှောင့်အယှက်ဖြစ်ပါတယ်။ ဒီတော့ ငယ်ငယ်ကတည်းက ကျောင်းသွားတယ်ဆိုတာ တခြားလူတွေနဲ့ နေတတ်အောင် သင်ယူတာလည်း ဖြစ်တယ်။ အသက်ကြီးလာတဲ့အခါ သုံးလို့ရမယ့်ပညာတွေကို သင်ယူဖို့လည်း ဖြစ်ပါတယ်။ ဒါကြောင့် မိဘတွေက ဒီလိုစိတ်ထားပေးစေချင်ပါတယ်။ ကလေးတွေကို ကျောင်းလွှတ်တယ်ဆိုတာ ပညာသင်ယူဖို့၊ တခြားသူတွေနဲ့ အဆင်ပြေအောင်နေတတ်ဖို့ ဖြစ်တယ်ဆိုတာကို နားလည်စေချင်ပါတယ်။ ကိုယ်တိုင်လည်း ဒီလိုပဲ စိတ်ထားစေချင်ပါတယ်။

လူတိုင်း၊ လူတိုင်းဟာ ကိုယ့်အသိုင်းအဝိုင်းနဲ့ အဆင်ပြေဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒါကို လူကြီးတွေက သင်ပေးမှ လူငယ်တွေက နားလည်မှာပါ။ လူကြီးတွေက သင်ပေးတယ်ဆိုတာဟာ ပါးစပ်ပြောနဲ့ သင်ပေးလို့ မရပါဘူး။ ကိုယ်တိုင်လုပ်ပြမှ ဖြစ်တာပါ။ ကလေးတွေဟာ လူကြီးတွေကိုကြည့်ပြီး အတုခိုးပါတယ်။ ဥပမာ တချို့ကလေးတွေကို မိဘတွေက သတိပြုမိမှာပါ။ ကိုယ်က သင်မပေးလိုက်ဘဲနဲ့ တတ်သွားပြီဆိုပြီး ပြောကြပါတယ်။ တကယ်က ကိုယ်ကမသိမသာ သင်ပေးလိုက်တာကို ကိုယ်မသိလို့ပါ။

## အချင်းချင်းညီညွတ်အောင်နေ

ကိုယ်လုပ်နေတာ၊ တခြားလူကြီးတွေ လုပ်နေတာကို ကြည့်ပြီး တတ်သွားကြတာပါ။ ဒီလိုပဲ ဘယ်သူ့ကိုမှ မကြည့်ဘဲနဲ့ တတ်သွားတာ မဟုတ်ပါဘူး။ ဒါကြောင့် လူကြီးတွေဟာ သတိထားဖို့ လိုပါတယ်။ လူငယ်တွေအတွက် ကောင်းတဲ့နမူနာဖြစ်ဖို့၊ ကောင်းတဲ့ဥပမာပေးဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကလေးတွေက တစ်ချိန်လုံး ကြည့်နေတယ်ဆိုတာကို လူကြီးတွေက သဘောမပေါက်ပါဘူး။ ဒါကြောင့် ကျွန်မတို့အချင်းချင်း ညီညွတ်အောင်နေပါ၊ အဆင်ပြေအောင်နေပါ။ ဒါမှ ကျွန်မတို့ နောင်လာမယ့် မျိုးဆက်တွေ၊ နိုင်ငံရဲ့ အနာဂတ်ကို ထူထောင်မယ့် မျိုးဆက်တွေဟာ အချင်းချင်း အဆင်ပြေအောင်နေနိုင်မှာ ဖြစ်ပါတယ်။

ကျွန်မ ဒီနေရာကိုလာတဲ့အခါမှာ ဒီနိုင်ငံ တိုးတက်အောင်လုပ်ဖို့၊ ဘယ်လောက်ကြိုးစားရဦးမလဲဆိုတာကို ကျွန်မ သဘောပေါက်လာတယ်။ တောင်စောင်းတွေမှာ နေနိုင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ ပြည်သူပြည်သားတွေဟာ ဖြစ်အောင်နေခဲ့တာ

*စာမျက်နှာ ၄ သို့*



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လေရှီးမြို့ရှိ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

နှစ်တွေ ရာချီနေပါပြီ။ ဒီလိုနေခဲ့တာတွေကို ပြောင်းလဲဖို့ လိုပါတယ်။ ဒီအတိုင်းပဲ ကျွန်မတို့အမြဲနေသွားလို့ မဖြစ်ဘူး၊ ခေတ်နဲ့အညီ ကျွန်မတို့ ပြည်သူပြည်သားတွေဟာ တိုးတက်ဖို့ လိုပါတယ်။ ဒါပေမယ့် တိုးတက်လာတဲ့ အချိန်မှာလည်း ကိုယ့်ရဲ့ ရိုးရာဓလေ့ထုံးတမ်းတွေရဲ့တန်ဖိုးကို မမေ့ကြပါနဲ့။ ဒါတွေက အင်မတန်မှ အရေးကြီးပါတယ်။

**ဆွေမျိုးသားချင်းတွေလို ခံစားရ**

ကျွန်မ ဒီမှာဘာကို သတိထားမိလဲဆိုတော့ ကျွန်မတို့ ငယ်ငယ်တုန်းက အိမ်မှာ နာဂလုံ ၂ ချောင်း ရှိပါတယ်။ နာဂလုံ ၂ ချောင်းကို ကြက်ခြေခတ်လုပ်ပြီး အိမ်နံရံမှာ ချိတ်ထားပါတယ်။ ကျွန်မငယ်ငယ်တုန်းက ဒါနာဂလုံတွေ၊ နာဂတွေဆိုတာ ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေ ဖြစ်တယ်။ ဒီတိုင်းရင်းသားတွေက ကျွန်မမိဘတွေအပေါ်မှာ မေတ္တာအလျှောက် ပေးထားတဲ့ လက်ဆောင်တွေဖြစ်တယ်ဆိုတာ ငယ်ငယ်ထဲက သိခဲ့ရပါတယ်။ ဒါကြောင့် နာဂများဟာ ကျွန်မတို့နယ်က ဆွေမျိုးသားချင်းတွေလို ခံစားရပါတယ်။ မိဘတွေ အချင်းချင်း ချစ်ချစ်ခင်ခင်ရှိရင် သားသမီးတွေ အချင်းချင်းလည်း ချစ်ချစ်ခင်ခင်ရှိလာပါတယ်။

ကျွန်မတို့ တိုင်းရင်းသားများဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်ရှိဖို့ အင်မတန်အရေးကြီးပါတယ်။ ဒီမြို့ သေးသေးလေးမှာတောင် မတူတဲ့ ဘာသာတွေရှိကြတယ်။ အချင်းချင်းညီညီညွတ်ညွတ်နဲ့ အေးအေးဆေးဆေးနေနိုင်တာဟာ နိုင်ငံရဲ့ အင်အားဖြစ်ပါတယ်။ ဒီလေရှီးမြို့လေးမှာနေတဲ့ ကျွန်မတို့ ပြည်သူတွေဟာ မြို့သေးပေမယ့် နှလုံးသားကြီးတယ်၊ သဘောထားကြီးတယ်။ သဘောထားကြီးလို့ ကိုယ်နဲ့မတူညီတဲ့ ဘာသာကို ကိုးကွယ်နေတဲ့သူတွေနဲ့ အေးအေးချမ်းချမ်းနေနိုင်တာဖြစ်ပါတယ်။ ဒါတွေကို ကျွန်မတို့တစ်နိုင်ငံလုံးနားလည်အောင်လုပ်ရမယ်။

**မတူကွဲပြားမှုကနေ ညီညွတ်မှုထူထောင်နိုင်**

ကျွန်မတို့နိုင်ငံမှာ ဒီလိုသဘောထားမကြီးတဲ့ နေရာတွေလည်း ရှိပါတယ်။ တစ်ခါတလေဆိုရင် လူမျိုးအရ၊ ကိုးကွယ်တဲ့ ဘာသာအရ၊ ပြောတဲ့ ဘာသာစကားအရ၊ တစ်ယောက်နဲ့တစ်ယောက် မတည့်ဘဲနဲ့ နေကြရပါတယ်။ မတူလို့ မတည့်စရာအကြောင်း ဘာမှမရှိပါဘူး။ မတူပေမယ့်လည်း တည့်အောင်နေနိုင်တယ်။ မတူကွဲပြားမှုကနေ ညီညွတ်မှု ထူထောင်နိုင်တယ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ထပ်တလဲလဲပြောနေတာပါ။ တချို့တွေဆိုရင် ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ဘာလဲဆိုတာကို နားမလည်ကြပါဘူး။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ဘာလဲဆိုတာကို နားမလည်ဘဲနဲ့ ကိုယ့်ရဲ့အသိုင်းအဝိုင်းလေးတစ်ခုအတွက် စဉ်းစားကြပါတယ်။ ကိုယ့်ရဲ့ အသိုင်းအဝိုင်းလေးတစ်ခုအတွက် စဉ်းစားရင် ကိုယ့်ကမ္ဘာကြီးက ဘယ်လောက်ကျဉ်းသွားမလဲဆိုတာ စဉ်းစားကြည့်ပါ။ လေရှီးမှာ မွေးဖွားပြီး အသက်ကြီးတဲ့အထိ နေသွားတဲ့ ကျွန်မတို့ ပြည်သူတွေဟာ လေရှီးအပြင် ဒီကမ္ဘာကြီးက ဘာမှအရေးမကြီးဘူးဆိုတဲ့ စိတ်တွေထားမယ်ဆိုရင် ဘယ်ကောင်းမလဲ။ ကိုယ့်ရဲ့အဖွဲ့အစည်း၊ ကိုယ့်ပတ်ဝန်းကျင်လေးတစ်ခုအတွက်ပဲ စဉ်းစားတယ်ဆိုတာဟာ ကိုယ့်အတွက်လည်း မကောင်းဘူး၊ ကိုယ့်ပတ်ဝန်းကျင်အတွက်လည်း မကောင်းဘူး။ လေရှီးမှာနေတဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေ၊ ကလေးတွေကို ကမ္ဘာကြီးကို လှည့်ပြီးကြည့်ချင်တဲ့ စိတ်ဓာတ်တွေရှိစေချင်ပါတယ်။ ကမ္ဘာကြီးကို လှည့်ပြီး ကြည့်ဖို့ဆိုတာ ထွက်ပြီးသွားဖို့ မလိုဘူး။ တကယ်ပဲ သဘောထားကြီးကြီးနဲ့ လေ့လာချင်တဲ့စိတ်နဲ့ ကမ္ဘာကြီးကို သုံးသပ်လို့ရပါတယ်။

ဒါပေမယ့် ကျွန်မတို့ ပြည်သူပြည်သားတွေ သွားချင်လာချင်တဲ့အခါ သွားနိုင်လာနိုင်တဲ့အခြေအနေရှိအောင် ကျွန်မတို့က လုပ်ပေးချင်ပါတယ်။ ကိုယ်က ဒီကမ္ဘာကြီးကို သိချင်တဲ့အခါမှာ အခြေအနေမပေးလို့ သိခွင့်မရဘူးဆိုရင် အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့အခြေအနေတိုးတက်ဖို့ အစွမ်းကုန်ကြိုးစားပေးပါ့မယ်။ ဒီလိုကြိုးစားတဲ့အခါမှာ ပြည်သူတွေကလည်း ဝိုင်းဝန်းပြီး ကူညီပါ။ ကိုယ့်အတွက်ကို တာဝန်ယူတဲ့အခါ ကိုယ်ကပတ်ဝန်းကျင်နဲ့ ဆက်စပ်မှုရှိနေတဲ့အတွက် ကိုယ့်ပတ်ဝန်းကျင်အတွက်လည်း တာဝန်ယူရပါတယ်။ ဒီလိုစိတ်တွေထားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ အင်မတန်မှ တိုးတက်တဲ့နိုင်ငံဖြစ်မှာပါ။ ဒ့ါအပြင် နိုင်ငံဟာ မြန်မြန်ဆန်ဆန်တိုးတက်နိုင်တဲ့ အခြေအနေမှာ ရှိမှာပါ။

**လူငယ်လေးတွေက ပိုပြီးတက်ကြွ**

မနေ့က ဟုမ္မလင်း၊ ပင်လည်ဘူးနဲ့ နန်းယွန်းကိုလည်း ရောက်ခဲ့ပါတယ်။ အခုလေရှီးကို ရောက်နေပြီ၊ ဒီအချိန်အတိုလေးအတွင်းမှာ ကျွန်မဘာကို သတိပြုမိသလဲဆိုတော့ ဒီဘက်က တိုင်းရင်းသားတွေဟာ တခြားတိုင်းရင်းသားတွေနဲ့ မတူတဲ့ကိစ္စက ဒီဘက်က လူငယ်လေးတွေက ပိုပြီးတက်ကြွမှုရှိတယ်လို့ မြင်ရပါတယ်။ တစ်နေရာနဲ့တစ်နေရာ အဲဒီလိုမတူညီတာက စိတ်ဝင်စားစရာကောင်းတဲ့အပြင် သင်ယူစရာတွေလည်း အများကြီးပါ။ ကျွန်မစဉ်းစားတယ်၊ ဘာဖြစ်လို့ ဒီဘက်ပိုင်းက လူငယ်တွေဟာ အခြားဒေသထက်စာရင် ပိုပြီးတက်ကြွနေသလိုပဲ အထူးသဖြင့် ယောကျာ်းလေးတွေ ဖြစ်ပါတယ်။ အခြားဒေသတွေမှာ ယောကျာ်းလေးတွေက နည်းနည်းရှက်ပြီး မိန်းကလေးတွေက ပိုပြီးရဲပါတယ်။ ဒီဘက်မှာ ယောကျာ်းလေးတွေက ပွင့်ပွင့်လင်းလင်းနဲ့ တက်တက်ကြွကြွရှိတယ်။ ဒါလူမှုရေးစနစ်ကြောင့် ဖြစ်မယ်၊ ဒီကလေးတွေကို ပြုစုပျိုးထောင်တဲ့အထဲမှာ ကောင်းတဲ့အရာတွေရှိလို့ ကလေးတွေက ဒီလိုဖြစ်တာပဲလို့ ကျွန်မသုံးသပ်ပါတယ်။

ဒါကြောင့် လူတိုင်းလူတိုင်းဟာ ဒေသတိုင်း ဒေသတိုင်းမှာ ကိုယ့်အတွက်ကို ဂုဏ်ယူစရာတွေရှိပါတယ်။ ကိုယ်မသိပေမယ့် ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ကောင်းနေတဲ့အရာတွေရှိတယ်။ တန်ဖိုးထားစရာတွေရှိတယ်။ လေးစားစရာတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူပါလို့ ပြည်သူတွေကို ထပ်တလဲလဲ သတိပေးပါတယ်။ အားမငယ်ပါနဲ့ ဒီလိုမြို့လေးမှာ နေရလို့၊ ဒီလိုတောင်စောင်းတွေမှာ မွေးဖွားကြီးပြင်းလာရလို့ အားငယ်တဲ့စိတ် မရှိပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းလူတိုင်းမှာ တခြားသူနဲ့မတူတဲ့ တန်ဖိုးရှိတယ်။

လူတိုင်းလူတိုင်းမှာ တန်ဖိုးရှိပါတယ်။ လူတိုင်းလူတိုင်း တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကမ္ဘာကြီးမှာ နေသွားတဲ့ လူတွေ ဘယ်တစ်ယောက်နဲ့မှ မတူဘူး။ ကိုယ့်လိုလူဆိုတာ တစ်ယောက်ပဲရှိတယ်။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပါ။ အကောင်းဆုံးဖြစ်အောင်လို့ ပြုစုပျိုးထောင်ပါ။ ကျွန်မတို့အစိုးရအဖွဲ့အနေနဲ့ ဒီလိုအကောင်းဆုံးဖြစ်အောင်လို့ ပြုစုပျိုးထောင်တဲ့နေရာမှာ ဝိုင်းပြီးကူညီပေးချင်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်မှုရှိအောင်လို့ လုပ်ပေးချင်**

ကျန်းမာရေးနဲ့ ပညာရေးဘက်က ကူညီပေးချင်တယ်။ အဲဒါက တစ်ဦးချင်း၊ တစ်ဦးချင်း ပြည့်ဝတဲ့ အရည်အချင်းရှိလာဖို့။ ဖွံ့ဖြိုးတိုးတက်မှုရှိအောင်လို့ လုပ်ပေးချင်တယ်။ ဒါဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် အဲဒီလို ဝိုင်းပြီးလုပ်တဲ့နေရာမှာ ပြည်သူတွေ ပါဝင်ကြပါလို့ ကျွန်မအနေနဲ့ ထပ်တလဲလဲမေတ္တာရပ်ခံချင်ပါတယ်။ ပြည်သူတွေ မပါဝင်ဘဲနဲ့ ဒီနိုင်ငံဟာ မတိုးတက်နိုင်ပါဘူး။ ဘယ်နိုင်ငံမှ မတိုးတက်နိုင်ပါဘူး။

အင်မတန်မှ တိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံတွေကို ကြည့်လိုက်ရင် ဘာတွေ့ရလဲဆိုတော့ သူတို့ရဲ့ ပြည်သူတွေက အင်မတန်မှ ဝီရိယရှိတယ်၊ ဇွဲရှိတယ်၊ ကြိုးစားတယ်ဆိုတာကို တွေ့ရပါတယ်။ သူတို့က ပိုပြီးတော်လို့မဟုတ်ပါဘူး။ မွေးရာပါ ဦးနှောက်ပိုပြီး ကောင်းလို့မဟုတ်ပါဘူး။ ဒါပေမယ့် ဝီရိယကောင်းလို့၊ ဇွဲကောင်းလို့၊ အလုပ်လုပ်နိုင်တဲ့ အင်အားရှိလို့ တိုးတက်တာပါ။ ဝီရိယ၊ ဇွဲတို့ဆိုတာ ကိုယ့်ဟာကိုယ်ဖြစ်အောင်လည်း လုပ်လို့ရပါတယ်။ ကြိုးစားစေချင်ပါတယ်။ ကြိုးစားတဲ့နေရာမှာ ကျွန်မတို့ ဘယ်လိုအကူအညီပေးနိုင်မလဲဆိုတာကို အမြဲလေ့လာပါတယ်။ ပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေ လုပ်တယ်ဆိုတာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေဘာရှိလဲ၊ ဒေသရဲ့ လိုအပ်ချက်တွေက ဘာရှိလဲ ဒီဟာတွေကို ကျွန်မတို့အနေနဲ့ ဘယ်လိုပံ့ပိုးပေးနိုင်မလဲဆိုတာ သိချင်လို့၊ ဒီလိုတွေ့ဆုံပွဲတွေလုပ်တာ ဖြစ်ပါတယ်။


ကျွန်မခန်းမထဲမှာ မလုပ်ချင်ဘူးဆိုတာက ခန်းမထဲမှာဆိုရင် လူနည်းနည်းလေးပဲ ဝင်လို့ရတယ်။ အများအားဖြင့် ကလေးတွေကိုအပြင်မှာ ထားခဲ့တယ်။ ကလေးတွေကိုအပြင်မှာ ထားခဲ့တဲ့အခါ ဝင်ချင်ကြလို့ ဟိုအော်ဒီအော်နဲ့ ဆူညံကြတာပါ။ အားလုံးအတူတူ စုလိုက်တာက အကောင်းဆုံးပါပဲ။ ဒီလိုစုပြီး အခွင့်အရေးရှိတဲ့နေရာမှာ ပြည်သူတွေအနေနဲ့ မေးချင်တာတွေရှိရင် မေးဖို့ ကျွန်မတို့ စီစဉ်ထားပါတယ်”ဟု ပြောကြားသည်။

**မေးမြန်းတင်ပြ**

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် လေရှီးမြို့နယ်မှ ဦးစစ်ကျော်က လေရှီးမြို့၌ အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ရေး၊ လေရှီးမြို့ နန်ဝယ်ချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်ပေးနိုင်ရေး၊ လေရှီးမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် သားဖွားဆရာမခန့်ထားပေးနိုင်ရေးနှင့် အရည်အချင်းနှင့် ကိုက်ညီသည့် ဒေသခံများအား ဦးစားပေးသင်တန်းဝင်ခွင့်ပြုရေး၊ ထမံသီ-လေရှီး ဆက်သွယ်ထားသည့် လမ်းမကြီး၏ ပျက်စီးနေသည့်နေရာ ၁ မိုင်အား လမ်းလွှဲဖောက်လုပ်ပေးရေးနှင့် ရာသီမရွေးသွားလာနိုင်ရန် မတ်စောက်နေသည့်နေရာများ ပြုပြင်ပေးနိုင်ရေးနှင့် လေရှီးအခြေခံပညာမူလတန်းကျောင်း(ခွဲ)သို့ သွားရောက်သည့်လမ်းအား ပြုပြင်ပေးနိုင်ရေး၊ လေရှီးမြို့ ပြည်သူများအတွက် သောက်သုံးရေ လုံလောက်မှုရှိစေရန် မတူဂီချောင်းမှ ရေပိုက်လိုင်းအား အသစ်လဲလှယ်ပေးနိုင်ပေးရေး၊ ဆမ္ပရာမြို့မှ မြို့မိမြို့ဖဦးသီးယိုင်းပေ့ါက ဆမ္ပရာမြို့ သာယာကျေးရွာနှင့် ချယ်ရာကျေးရွာတို့တွင် MPTဆက်သွယ်ရေးတိုင်များစိုက်ထူပေးရေးနှင့် လေရှီး-ဆမ္ပရာလမ်းပေါ်ရှိ ကျေးရွာများ ရွာဝင်ရွာထွက်လမ်းများအား ကွန်ကရစ်ခင်းပေးရေး၊ မြို့မိမြို့ဖ ဦးမောင်သန်းက လစ်လပ်နေသည့် ဆရာဝန်များအား အမြန်ဆုံးခန့်ထားပေးရေးနှင့် မြို့နယ်ခန်းမတည်ဆောက်ပေးရေးတို့နှင့် စပ်လျဉ်းသည့်မေးမြန်းတင်ပြချက်များကိုလည်းကောင်း။

ထပ်မံမေးမြန်းတင်ပြလိုသူ ၁၄ ဦးအနက် မဲပေါက်သူသုံးဦးဖြစ်သည့် လေရှီးမြို့နယ်မှ ဦးကီရှိုးမှူးက နာဂဒေသဖွံ့ဖြိုးရေးအတွက် အထူးဒေသအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရေးနှင့် ခန္တီးနှင့်ဟုမ္မလင်းမြို့တို့ကို နာဂဒေသထဲသို့ ပြန်လည်ထည့်သွင်းသတ်မှတ်ပေးရေး၊ ဒိန်းဂလိန်းကျေးရွာမှ ဦးပါဆယ်ကံက အခြေခံပညာနှင့် တက္ကသိုလ်ဝင်တန်းပညာ မပြီးမြောက်သည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရေး၊ လေရှီးမြို့နယ်မှ ဦးကျော်ဝင်းဌေးက နာဂဒေသပတ်ဝန်းကျင်ကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ တံတားများ အရည်အသွေးပြည့်မီမှုရှိ၊ မရှိစစ်ဆေးသွားရေးနှင့်ဒေသခံများ ဝန်ထမ်းခန့်အပ်ရာတွင် နီးစပ်သူများ ခန့်အပ်နေမှုကို

*စာမျက်နှာ ၅ သို့*



ဇန်းမောက်မြို့ရှိ ဇလုံတောင်စေတီတော်အား ဖူးတွေ့ရစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

စိစစ်ဆောင်ရွက်ပေးရေး မေးခွန်းများကိုလည်းကောင်း မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ ဦးကိုလေးဝင်းတို့က ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် စိစစ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

တင်ပြမေးမြန်းချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေရရှိရေးကို အလေးထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လေရှီးမြို့နယ်ခန်းမကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နာဂဒေသသာမက အခြားဒေသများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ခက်ခဲဒေသများကို အထူးဂရုစိုက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရက ဆောင်ရွက်ပေးသည့် ကျန်းမာရေးဝန်ဆောင်မှုများကို အသုံးပြုရန်လိုကြောင်း၊ ကျန်းမာရေးပညာပေးမှုကို လေ့လာကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ ပညာသင်ယူမှုမပြီးမြောက်သည့် လူငယ်များအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်လက်မဲ့လူငယ်များအား စာရင်းကောက်ယူပြီး စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

## မိမိဒေသတိုးတက်ရေး ဝိုင်းဝန်းကူညီ

ဒေသခံများ ဝန်ထမ်းခန့်ထားရေးအပိုင်းကို ပြန်လည်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နာဂဒေသသို့ လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများကို ဒေသခံပြည်သူများက စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ တာဝန်ထမ်းဆောင်နိုင်အောင် ကူညီပေးကြစေလိုကြောင်း၊ ပြည်သူများတွင် အခွင့်အရေးရှိသကဲ့သို့ တာဝန်လည်းရှိပါကြောင်း၊ ထို့အတူ အစိုးရတွင်လည်း လုပ်ပိုင်ခွင့်ရှိသကဲ့သို့ တာဝန်လည်းရှိပါကြောင်း၊ လမ်း၊ တံတားများ တည်ဆောက်ပေးရန်ကိစ္စကို တစ်နိုင်ငံလုံးတောင်းဆိုနေကြပါကြောင်း၊ မိမိတို့အနေဖြင့် တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းဆောင်ရွက်ပေးနိုင်ရန်မှာ မလွယ်ကူပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိနိုင်ငံ၊ မိမိဒေသတိုးတက်ရေးအတွက် မိမိတွင်တာဝန်ရှိသည်ဆိုသည့် စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီကြစေလိုကြောင်းပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် လေရှီးမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး ဇန်းမောက်မြို့ ဇလုံတောင်သို့ရောက်ရှိကာ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဇလုံတောင်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဇန်းမောက်မြို့ ဇလုံတောင်စေတီတော်၌ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။ သတင်းစဉ်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဇလုံတောင်မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ဇန်းမောက်မြို့သို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇန်းမောက်မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီခန်းမထဲကို ကျွန်မအနေနဲ့ နောက်ကျပြီးရောက်တာကို တောင်းပန်ပါတယ်။ နောက်ကျရတဲ့အကြောင်းရင်းက ကျွန်မကိုလမ်းမှာ ပြည်သူတွေက လာနှုတ်ဆက်တဲ့အခါ ပြန်ပြီးနှုတ်ဆက်တော့ အချိန်ယူရပါတယ်။ အဲဒါကို တချို့က ကျွန်မကို ပြည်သူတွေလက်ကမ်းလို့ရှိရင် လိုက်ပြီး မနှုတ်ဆက်ပါနဲ့လို့ ပြောပါတယ်။

ဒါပေမယ့် ကျွန်မရဲ့အမြင်မှာ လက်ကမ်းလာရင် လက်ဆွဲပြီး ပြန်နှုတ်ဆက်ချင်ပါတယ်။ ဒါကပြည်ထောင်စုစိတ်ဓာတ်လို့ ကျွန်မက သတ်မှတ်ပါတယ်။ ကိုယ့်ကို စေတနာ၊ မေတ္တာနဲ့ကမ်းတဲ့လက်ကို ကျွန်မကဆွဲကိုင်မှ ညီညွတ်မှုနဲ့ တိုးတက်မှုရနိုင်မှာပါ။ ဒါကြောင့်အချိန်တွေကြာရင် နားလည်ပေးစေချင်ပါတယ်။

ကျွန်မအနေနဲ့ ဖြစ်နိုင်ရင် သန်းငါးဆယ်ကျော် ပြည်သူလူထုကို တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တွေ့ပြီး နှုတ်ဆက်ချင်ပါတယ်။ တကယ်တော့ ဒါက လက်တွေ့ကျကျ မဖြစ်နိုင်ပါဘူး။

ရွာတစ်ရွာနဲ့တစ်ရွာ ဖောက်ထားတဲ့လမ်းအမျိုးမျိုး၊ တံတားအမျိုးမျိုးကို ကျွန်မတို့ပြည်သူတွေက တောင်းကြပါတယ်။ အရှေ့အနောက်တောင်မြောက် ဘာမှမကွာခြားပါဘူး။ နောက်တစ်ခုက လျှပ်စစ်မီးကို တောင်းကြပါတယ်။ ပြည်သူများက လျှပ်စစ်မီးရှိမှ အဆင်ပြေမယ်ဆိုပြီး တောင်းကြတာပါ။ ဒီကိုမရောက်ခင် ကျွန်မတို့ ဇလုံတောင်မှာဝင်ပြီး ဘုရားဝင်ဖူးတော့ ဆရာတော်ကြီးက လျှပ်စစ်မီးလိုချင်တယ်လို့ မိန့်ပါတယ်။ ဆရာတော်ကြီး လျှပ်စစ်မီးလိုချင်တဲ့အကြောင်းက သက်ကြီးရွယ်အိုဘုရားဖူးတွေ ဓာတ်လှေကားနဲ့တက်ပြီး ဘုရားဖူးနိုင်အောင်ဆိုပြီး လျှပ်စစ်မီးရရှိရေးနဲ့ ပတ်သက်ပြီးမိန့်ပါတယ်။ ဒီတော့ ကျွန်မတို့ကလည်း ကြိုးစားရမှာပါ။

နောက်ပြီး သောက်သုံးရေကို တချို့ရွာတွေက ကျွန်မတို့ကို တောင်းကြပါတယ်။ ဒါလည်း အင်မတန်မှ အရေးကြီးတယ်ဆိုတာ အားလုံးအသိပါ။ အဓိက ရေမရှိဘဲနဲ့ ရှင်သန်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒါတွေကို ကျွန်မဦးစားပေးပြီးလုပ်ပါမယ်။ နောက် ကျန်းမာရေးနဲ့ ပညာရေးဆိုရင် ကျန်းမာရေးကို ပိုပြီးတောင်းတာကို ကျွန်မသတိပြုမိပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ ပိုပြီးတောင်းတာကို သတိပြုမိတာက ဆရာဝန်၊ သူနာပြု ဆရာမတွေ လုံလုံလောက်လောက်မရှိဘူး။ အထူးကုတွေ မရှိဘူး။ ဘယ်ဆေးရုံမှာဆိုရင် ဝန်ထမ်းတွေ ရှိသင့်သလောက်မရှိဘူး။ ဝန်ထမ်းတွေလည်း မလာကြဘူးဆိုပြီး အဲဒီလိုတောင်းတာတွေ ရှိပါတယ်။

## ပညာရေးနဲ့ပတ်သက်လို့ တောင်းဆိုမှုနည်း

ဒါပေမယ့် ကျွန်မစိတ်ဝင်စားတာက ဒီဘက်ပိုင်းမှာ ပညာရေးနဲ့ပတ်သက်လို့ တောင်းတာနည်းပါတယ်။ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းတွေကိုတောင်းတာ ရှိပါတယ်။ ဒါပေမယ့် ကျောင်းတွေနဲ့ပတ်သက်လို့ ပြည်သူလူထုတွေရဲ့ တင်ပြချက်တွေ၊ တောင်းဆိုချက်တွေက နည်းနည်း နည်းပါတယ်။ အဲဒါကြောင့် ကျွန်မအံ့အားသင့်ပါတယ်။

ကျွန်မ စပြီးနိုင်ငံရေးလုပ်ကတည်းက တိုင်းပြည်ကို လှည့်ပြီး ပြည်သူလူထုတွေနဲ့တွေ့တဲ့အခါမှာ ကျန်းမာရေးနဲ့ ပညာရေးကို အလေးထားပြီးတောင်းတာကို အဲဒီတုန်းကတည်းက တွေ့ခဲ့ရပါတယ်။ နောက်ပိုင်းမှာ ပညာရေးဘက်ကို တောင်းတာနည်းလာတော့ ကျွန်မကစဉ်းစားရပါတယ်။ ပညာရေးဘက်မှာ အားကောင်းလာလို့လား၊ ပြည်သူတွေအနေနဲ့ ပညာရေးကို အရင်လောက်စိတ်မပါလို့လား၊ ဒါပေမယ့် မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ အခုဒီက ကလေးတွေသာမက မိဘတွေရော ပညာရေးကို စိတ်ပါတယ်ဆိုရင် ပညာရေးဘက်က ကျန်းမာရေးနဲ့စာရင် ပြဿနာနည်းလို့များလားလို့ ကျွန်မစဉ်းစားမိပါတယ်။ ဒါက ကျန်းမာရေးဝန်ကြီးက သေသေချာချာ စဉ်းစားရမယ့်ကိစ္စပါ။

ပညာရေးဟာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ပဲဆိုတာ အမြဲတမ်းပြောပါတယ်။ ဒီကိုလာရင်းလမ်းမှာ ကျောင်းသူကျောင်းသားတွေ အများကြီးတွေ့ရတဲ့အခါ တစ်ဖက်မှာ ကျွန်မတို့နိုင်ငံရဲ့တာဝန်ဟာ အင်မတန်ကြီးပါလားလို့ ခံစားမိပါတယ်။ ဒီကျောင်းသူ ကျောင်းသားတွေ အဆင့်အမြင့်ဆုံးပညာတတ်အောင်၊ သူတို့ရဲ့ဘဝလမ်းကြောင်းအတွက် တကယ်ကိုတန်ဖိုးရှိမယ့်၊ သုံးလို့ရမယ့် ပညာတတ်အောင်သင်ပေးဖို့ အင်မတန်မှကြီးတဲ့တာဝန်လို့ ကျွန်မ စဉ်းစားမိပါတယ်။ တစ်ဖက်က ကျောင်းသူကျောင်းသားတွေ များလေလေ ကျွန်မတို့အနာဂတ်အတွက် အင်အားတွေ များလေလေလို့ စဉ်းစားမိပါတယ်။ ဘဝဆိုတာ ဘယ်တော့မဆို ဟိုဘက်ဒီဘက် ခေါင်းနဲ့ပန်းလိုရှိနေတာပါ။ တစ်ဖက်က သူ့ရဲ့အကျိုးဆိုရင်၊ တစ်ဖက်မှ သူ့ရဲ့တာဝန်တွေက ဒီအကျိုးကိုခံစားရဖို့ အားထုတ်ရမယ့်ကိစ္စတွေ ရှိနေပါသေးတယ်။ ပြည်သူတွေ သဲသဲလှုပ်နေတဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ်လည်း ကူညီဖို့လိုပါလိမ့်မယ်။

ပြည်သူတွေကလည်း ကူညီပါ။ ဥပမာဝေးလံခေါင်သီတဲ့နေရာတွေမှာ ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေလိုတယ်လို့ ပြောတဲ့အခါမှာ ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေးအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးလို ခက်ခဲတဲ့နေရာတွေမှာ ပိုပြီးကျန်းမာရေးဝန်ထမ်းတွေ သွားနိုင်အောင်၊ ပိုပြီး ဆရာဝန်တွေရှိလာအောင် ဘယ်လိုအစီအစဉ်တွေလုပ်ထားတယ်ဆိုတာကို ရှင်းပြပါတယ်။ တစ်ချိန်တည်းမှာ ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေး အနေနဲ့ အမြဲပြောပါတယ်။ ဒီလိုပြင်ပက ဝန်ထမ်းတွေလာရင် ဒေသခံတွေအနေနဲ့ နေစရာ လုပ်ပေးပါ။ ဘာဖြစ်လို့လဲဆို ဒီမှာလာပြီး အလုပ်လုပ်တဲ့ ကျန်းမာရေးဝန်ထမ်းဖြစ်ဖြစ်၊ ပညာရေးဝန်ထမ်းပဲဖြစ်ဖြစ် ဒေသပြင်ပကလာတဲ့ပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ရပ်ရွာကို စွန့်ခွာခဲ့ရတယ်။ မိသားစုတွေကို ထားခဲ့ရတယ်။ သူတို့အတွက် အင်မတန်မှ စိမ်းနေတဲ့နေရာတစ်ခုကို လာရသလိုပါပဲ။

အဲဒါကြောင့် ဒီနေရာမှာ နေချင်အောင်၊ ကြာကြာတာဝန်ထမ်းဆောင်ချင်အောင် ဒေသခံတွေက ကူညီမှဖြစ်မှာပါ။ ဒေသခံတွေက ပြင်ပကလူတွေကို အပြင်ကလူတွေ၊ သူစိမ်းတွေဆိုတဲ့ စိတ်နဲ့ထားရင် ဒီလူတွေက သူစိမ်းတွေလိုဖြစ်ပြီး နေချင်မှာမဟုတ်ပါဘူး။ ဒါကိုယ့်ရဲ့သားချင်းတွေပဲ၊ တို့ရဲ့ဆွေမျိုးတွေပဲ၊ တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေပဲ၊ တို့အရပ် တို့ရွာကောင်းဖို့အတွက် လာပြီးကူညီတာပဲဆိုတဲ့စိတ်နဲ့ သူတို့ကို နွေးနွေးထွေးထွေး ကြိုဆိုဆက်ဆံမယ်ဆိုရင် ပြင်ပကလာတဲ့ ဝန်ထမ်းတွေဟာ ဒီမှာနေချင်မယ်။ အဲဒီလိုကျွန်မက ဖြစ်စေချင်ပါတယ်။

## တစ်ယောက်နဲ့တစ်ယောက် သူစိမ်းလို မြင်လို့မဖြစ်

ကျွန်မတို့တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိပါတယ်။ ဒီလို မြို့တစ်မြို့မှာကြည့်လိုက်ရင် တိုင်းရင်းသားဝတ်စုံအမျိုးမျိုးကို ကျွန်မတွေ့ရပါတယ်။ ဒီလိုတိုင်းရင်းသားမျိုးစုံရှိတဲ့နိုင်ငံမှာ တစ်ယောက်နဲ့တစ်ယောက်ကို သူစိမ်းလိုမြင်လို့ မဖြစ်ဘူး။ တစ်ယောက်နဲ့တစ်ယောက်ကို သူစိမ်းလိုမြင်မယ်ဆိုရင် ကျွန်မတို့ဘယ်လိုလုပ် စည်းလုံးညီညွတ်မှုရနိုင်မလဲ။

ဒါကြောင့်ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လိုဝတ်စုံပဲ ဝတ်ထားထား၊ ဒီမှာတိုင်းရင်းသားဝတ်စုံတွေ အမျိုးမျိုးဝတ်ထားတဲ့ ကလေးတွေဟာ တချို့တွေက တစ်ကျောင်းတည်း၊ တစ်တန်းတည်းက ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ကျောင်းထဲမှာ အတန်းအတူတူဆိုတဲ့အခါ ကိုယ့်ရဲ့ သူငယ်ချင်းတွေ၊ တခြား တိုင်းရင်းသားအုပ်စုတွေထဲကလည်း ပါမယ်။ ဒါပေမယ့် တခြားတိုင်းရင်းသားအုပ်စုတွေထဲက ဆိုပေမယ့် ကိုယ်ခင်ရာ၊ ကိုယ်ခင်ရာပါပဲ။ ဒီလိုပဲ စိတ်ထားစေချင်တယ်။ ကျွန်မတို့ရဲ့နိုင်ငံမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး၊ ပြည်ထောင်စုသားချင်းတွေအားလုံးဟာ ညီအစ်ကိုအရင်းအချာတွေဆိုတဲ့စိတ်ကို မွေးစေချင်ပါတယ်။ ဒီလိုစိတ်မွေးနိုင်မှ နိုင်ငံရဲ့ မတူကွဲပြားမှုတွေဟာ ကျွန်မတို့

*စာမျက်နှာ ၆ သို့*





နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗန်းမောက်မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
သတင်းစဉ်

*စာမျက်နှာ ၅ မှ*

အတွက် အင်အားဖြစ်မှာ။ မတူတဲ့သူတွေက ငါတို့ရန်သူ၊ မတူတဲ့လူတွေက ငါတို့နဲ့ တစ်သားတည်းနေနိုင်မှာ မဟုတ်ပါဘူး။ မတူတဲ့သူတွေမို့လို့ ငါတို့ "ပ" ထားရမယ် ဆိုတဲ့ စိတ်တွေထားရင် ကျွန်မတို့နိုင်ငံဟာ အင်အားတွေ လျော့သွားပါလိမ့်မယ်။ ဒီလိုအင်အားတွေ မလျော့သွားအောင် ကလေးတွေ ငယ်ငယ်ကတည်းကစပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးကြပါ။ ကလေးတွေအနေနဲ့ ဘယ်တော့မှ မမေ့ပါနဲ့။ ဒီနိုင်ငံဟာ ပြည်ထောင်စုပါ။ တိုင်းရင်းသား လူမျိုးပေါင်းစုံရှိပါတယ်။ တိုင်းရင်းသားတိုင်းမှာ သူတို့ရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့တွေရှိပါတယ်။ သူတို့ရဲ့ လေးစားစရာကောင်းတဲ့ အယူအဆလေးတွေ ရှိပါတယ်။ အဲဒါတွေကို ကိုယ်က သိအောင်ကြိုးစားပါ။ ကြိုးစားမှ ကိုယ်ကလည်း ငါတို့မသိတာတွေ အခုသူတို့ဆီကနေ သိနေပါလား၊ ကိုယ်ကလည်း သူတို့မသိတာကို သင်ပေးလို့ရမယ်။ ဒီလိုစိတ်ဓာတ်နဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးကို ထူထောင်ဖို့လိုပါတယ်။




နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗန်းမောက်မြို့နယ်မှ ကျောင်းသားကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

### ကျန်းမာရေး၊ ပညာရေးကောင်းဖို့ ကူညီရမယ်

ကျွန်မတို့နိုင်ငံဟာ ကမ္ဘာပေါ်မှာ အလုပ်လုပ်နိုင်တဲ့ အရွယ်ကောင်းတွေ အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒါတွေက အင်အားပါ။အလုပ်လုပ်နိုင်တဲ့ အရွယ်ကောင်းတွေရှိတယ်ဆိုတာ နိုင်ငံရဲ့တာဝန်တွေကို ထမ်းဆောင်မယ်၊ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုန်းကန်ပြီးအားထုတ်ပေးနိုင်မယ်။ ဒါပေမယ့် အရွယ်ကောင်းတဲ့ကလေးတွေကို ပထမဦးဆုံး ကျန်းမာရေးကောင်းဖို့၊ ပညာရေးကောင်းဖို့ အစိုးရကနေကူညီရမယ်၊ ကြိုးစားရမယ်။

ပညာသင်ယူတတ်မြောက်ပြီးတဲ့အချိန်မှာသင့်တော်တဲ့အလုပ်ရနိုင်အောင်လည်း အစိုးရကနေပြီး စီမံခန့်ခွဲပေးဖို့ အင်မတန်မှအရေးကြီးပါတယ်။ ဘွဲ့ရအလုပ်လက်မဲ့ဆိုတဲ့ အသုံးအနှုန်းဟာ ကျွန်မတို့နိုင်ငံမှာအင်မတန်မှ ကျယ်ပြန့်ပါတယ်။ တက္ကသိုလ်ဘွဲ့ရပြီး အလုပ်မရှိဘူး၊ တက္ကသိုလ်ဘွဲ့ရထားတယ်။ ဘာမှ အလုပ်မရနိုင်ဘူးဆိုတာ ကောင်းတာမဟုတ်ပါဘူး။ ကျွန်မအနေနဲ့ ပညာတတ်ဆိုတာ တက္ကသိုလ်ဘွဲ့ရမဟုတ်ဘူးဆိုတဲ့ အမြင်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင်လို့ ကြိုးစားနေပါတယ်။

### အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ဖို့ ဖန်တီး

ပညာဆိုတာ ကိုယ့်ဘဝအတွက် လိုအပ်တဲ့အရည်အချင်းတွေ၊ လိုအပ်တဲ့ အသိပညာတွေပါ။ တက္ကသိုလ်ဘွဲ့ရမှ ဒီလိုပညာတွေရှိတာမဟုတ်ပါဘူး။ ကျွန်မအနေနဲ့ အသက်မွေးဝမ်းကျောင်းပညာကို အင်မတန်မှ အားပေးချင်ပါတယ်။ ဒီလိုအားပေးရခြင်းဟာ ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတချို့ဟာ အသက်မွေးကျောင်းပညာကို တက္ကသိုလ်ပညာနဲ့ တန်းတူတန်ဖိုးထားတယ်။ တန်းတူသာမက တချို့နေရာတွေမှာ ပိုပြီးတန်ဖိုးထားတယ်လို့ ပြောနိုင်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာသင်သွားတဲ့ လူငယ်တွေဟာ တက္ကသိုလ်ဘွဲ့ရလူငယ်တွေနဲ့ တန်းတူရည်တူ ဝင်ငွေကောင်းတယ်။ နိုင်ငံ့ရဲ့တာဝန်တွေကို ထမ်းဆောင်နိုင်တယ်။ စီးပွားရေးမှာအင်မတန်ဩဇာရှိတယ်။ ဒါကြောင့် အသက်မွေးဝမ်းကျောင်းပညာဟာ ဘယ်လောက်အရေးကြီးလဲဆိုတာကို တစ်နေ့ထက်တစ်နေ့ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုလာပါပြီ။ ကျွန်မတို့နိုင်ငံမှာ ပညာရေးက အားနည်းတယ်။ ဒါပေမယ့် အားနည်းချက်ကို အားသာချက်လုပ်လို့ရပါတယ်။ ဒီနိုင်ငံမှာ တက္ကသိုလ်ဘွဲ့ရ ၄ ရာခိုင်နှုန်းပဲရှိပါတယ်။ ၄ ရာခိုင်နှုန်းဆိုတာ အင်မတန်မှနည်းပါတယ်။ အများစုဖြစ်တဲ့ ပြည်သူတွေဟာ တက္ကသိုလ်ဘွဲ့ မရပါဘူး။ ဒါကအကြောင်းမဟုတ်ပါဘူး။ လူငယ်တွေ ကိုယ့်ဘဝအတွက် သင့်တော်တဲ့အသက်မွေးဝမ်းကျောင်းပညာတွေကို သင်ယူနိုင်ဖို့ အခွင့်အရေးတွေရအောင် ကျွန်မတို့ ဖန်တီးပေးပါမယ်။ ဖန်တီးပေးမယ့် အခွင့်အရေးတွေကို ယူကြပါ။ မိဘတွေကလည်း အားပေးကြပါ။ တစ်ချိန်တည်းမှာ မိဘတွေကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ မိဘများဟာ အသက်မွေးဝမ်းကျောင်းပညာကို ပိုပြီး အားပေးလာတာကို တွေ့ရတဲ့အတွက် ဖြစ်ပါတယ်။

အရင်တုန်းက တက္ကသိုလ်ဘွဲ့လေး ရစေချင်တယ်။ ဘွဲ့နှင်းသဘင်အခမ်းအနားမှာ ဓာတ်ပုံရိုက်ရတာကို သဘောကျတဲ့ ခေတ်တွေက တော်တော်နည်းသွားပါပြီ။ အသက်မွေးဝမ်းကျောင်းပညာသင်ပြီးကြောင်း လက်မှတ်ရရင်လည်း ဘွဲ့ရတွေလို အခမ်းအနားလုပ်လို့ရပါတယ်။ ဒါတွေကို ကျွန်မစီစဉ်ပေးပါမယ်။ ပညာတိုင်း၊ ပညာတိုင်းဟာ သူ့တန်ဖိုးနဲ့သူရှိတယ်ဆိုတာကို အများနားလည်အောင် လို့ပါ။

### ဒေသခံတွေ တင်ပြနိုင်အောင် အခွင့်အရေးပေး

အခုလို ပြည်သူလူထုနဲ့ ဆုံတဲ့အခါ မိမိတို့လိုအပ်ချက်ကလေးတွေကို တင်ပြကြပါ။ တစ်နေရာနဲ့တစ်နေရာမှာ လိုအပ်ချက်တွေက ဆင်တူယိုးမှားတွေရှိပါတယ်။ တချို့က မေးပါလိမ့်မယ်၊ ဆင်တူယိုးမှားဆိုရင် ဘာဖြစ်လို့ဆက်မေးခွင့်ပေးတာလဲ။ ဒီနေရာမှာ မေးတဲ့မေးခွန်းတွေကလည်း ဒါပဲ။ ဟိုနေရာမှာမေးတဲ့ မေးခွန်းတွေကလည်းဒါပဲ၊ ဒါပေမယ့်မတူပါဘူး။ ကိုယ်ကိုယ်တိုင် ကိုယ့်ရဲ့ပြဿနာ၊ ကိုယ့်ရဲ့လိုအပ်ချက်၊ ကိုယ့်ရဲ့အခက်အခဲတွေကို တင်ပြတာက တခြားလူတင်ပြတာနဲ့ မတူပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့က ဘယ်သွားသွားတတ်နိုင်သရွေ့ ဒေသခံတွေက မိမိတို့ရဲ့ အခက်အခဲတွေ၊ မိမိတို့ရဲ့ မျှော်လင့်ချက်တွေ၊ စိုးရိမ်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ တင်ပြနိုင်အောင် အတတ်နိုင်ဆုံး အခွင့်အရေးပေးပါတယ်။ တချို့မေးခွန်းတွေက စာရေးပြီး စောစောကတည်းက တင်ထားတယ်။ အဲဒါတွေကို ဦးစားပေးပါတယ်။ ဒီဟာတွေ ဖြေပြီးလို့ အချိန်ကျန်တဲ့အခါမှာ ကျွန်မတို့က မဲနှိုက်ပြီး ပရိသတ်ထဲက ပုဂ္ဂိုလ်တွေကို မေးခွင့်ပေးပါတယ်။ အခုစာနဲ့တင်ပြထားတဲ့ မေးခွန်းတွေကို ပထမဆုံးဖြေပေးပါမယ်။ တချို့မေးခွန်းတွေကို ပြည်ထောင်စုအစိုးရအဖွဲ့က ဖြေပါ့မယ်။ တချို့မေးခွန်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေပါ့မယ်"ဟု ပြောကြားသည်။

### ဆောင်ရွက်ပေးရမည့် အခြေအနေများ ရှင်းလင်း

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင် တင်ပြမေးမြန်းထားသည့် ဗန်းမောက်မြို့ လိပ်စောမင်းကုန်းကျေးရွာမှ ဦးမောင်စိုးက လိပ်စောမင်းကုန်းကျေးရွာအနီးတွင် အရှည်ပေ (၂၀၀) တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေး၊ ကြောင်လည်ရွာမှ ဦးသိန်းထွန်းက ဗန်းမောက်- ဟုမ္မလင်းလမ်းအား ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ နားပင်ရွာမှ ဦးမောင်ပိုက ကြောင်လည်စံပြကျေးရွာ၌ နယ်မြေရဲစခန်းဖွင့်လှစ်ပေးနိုင်ရေး၊ နန်းတပ်ပေကုန်းကျေးရွာမှ ဦးရဲပိုက စာခမ်း-ဟော်ယောကျေးရွာကျောက်ချောလမ်းခင်းပေးနိုင်ရေး၊ မံလူကျေးရွာမှ ဦးတင်ရှိန်က ကြောင်လည်စံပြကျေးရွာ၌ ၆၆/KV/ ၅ MVA ဓာတ်အားခွဲရုံအသစ် တည်ဆောက်ပေးရေး၊ တဇွန်းကျေးရွာမှ ဦးထွန်းကြီးက နန်းဇားကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး၊ စီကတောင်ကျေးရွာမှ ဦးဝင်းတင့်က စီကတောင်ကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အဦနှင့် သားဖွားဆရာမနေအိမ်အား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရေးတို့ကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် စိစစ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ခန်းမအတွင်းမှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၁၉ ဦးအနက် မဲပေါက်သူ နှစ်ဦးဖြစ်သည့် ဗန်းမောက်မြို့မှ ဒေါ်ဝေနှင်းမွန်က ဗန်းမောက်မြို့တွင် မူးယစ်ဆေးဖြတ် ဆေးရုံတည်ဆောက်ပေးရေး၊ ကသာမြို့မှ ကိုလီလီထွန်းက ကြံစိုက်တောင်သူများအတွက် ပြည်တွင်းသကြားစျေးကွက် ဖော်ဆောင်ပေးရေး မေးခွန်းများကိုလည်းကောင်း၊ ခန်းမအပြင်မှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၁၂ ဦးအနက် မဲပေါက်သူ နှစ်ဦးဖြစ်သည့် ဗန်းမောက်မြို့ မံယူကြီးကျေးရွာမှ

*စာမျက်နှာ ၈ သို့*

- သက်ဆိုင်ရာဌာနများနှင့် ကြီးကြပ်မှုကော်မတီအနေဖြင့်လည်း ခွင့်ပြုထားသည့် လုပ်ငန်းများသည် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ" အား လိုက်နာဆောင်ရွက်မှု ရှိ/ မရှိကို စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်
- စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှု မရှိပါက အဆင့်ဆင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် မှာကြားလို

* ကျောဖုံးမှ

ရေးဦးစွာ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် "အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ" ကို လုပ်ငန်းတာဝန် (၂၆) ရပ် ချမှတ်ကာ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် အဖွဲ့ဝင် (၂၅) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် အဖွဲ့ဝင် (၂၈) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၆) ခုနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## အမြန်ပြီးစီးရေးဆောင်ရွက်

"အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ"၏ (၃) နှစ်ခွဲကျော်ကာလအတွင်း အစည်းအဝေး (၈) ကြိမ် ကျင်းပခဲ့ရာ ဆုံးဖြတ်ချက် စုစုပေါင်း (၁၀၄) ချက်အနက် ဆောင်ရွက်ပြီး (၅၇) ချက်၊ ဆောင်ရွက်ဆဲ (၄၇) ချက်ရှိပြီး ဆောင်ရွက်ဆဲ (၄၇) ချက်တွင်လည်း ရေရှည်ဆောင်ရွက်ရမည့်အချက် (၁၅) ချက် ပါဝင်သည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများသည် မြန်မြန်ပြီးစီးပါက မြန်မြန်အကျိုးရှိမည်ဖြစ်သည့်အတွက် အချိန်ကာလသတ်မှတ်ကာ အမြန်ပြီးစီးရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

## ထုတ်ပြန်နိုင်ခဲ့

ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများထဲမှ ထူးခြားအောင်မြင်သည့် ဆောင်ရွက်မှုများအနေဖြင့် **မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၃၀) နှင့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** တို့ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ထုတ်ပြန်နိုင်ခြင်းသည် သက်ဆိုင်ရာဌာနအသီးသီးအနေဖြင့် နိုင်ငံတော်က ရှေ့ဆက်သွားမည့် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" ကို အကောင်အထည်ဖော်ရန်အတွက် အခြေခံကျသည့် လမ်းညွှန်ချက်များနှင့် မူဘောင်များ ဖြစ်ပါကြောင်း။

ထို့ပြင် "သမားရိုးကျ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်" ကို ကျင့်သုံးနေခြင်းမှ "စွန့်ပစ်ပစ္စည်းများအား ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် အသုံးဝင်ပစ္စည်းများအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း" စသည့် နည်းလမ်းများကို အခြေခံသော "ရေရှည်တည်တံ့ခိုင်မြဲပြီး အကျိုးဖြစ်ထွန်းသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်" သို့ ပြောင်းလဲကျင့်သုံးသွားနိုင်ရေးအတွက် **မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အတည်ပြုပြီးဖြစ်သည့်အတွက် မကြာမီ ထုတ်ပြန်နိုင်တော့မည်ဖြစ်ပါကြောင်း။

ထို့အတူ "ပုဂ္ဂလိက ကဏ္ဍက အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးလာစေရန်၊ သဘာဝသယံဇာတ ထုတ်ယူအသုံးပြုသည့် စီးပွားရေးလုပ်ငန်းများမှ ထွက်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲနိုင်ရန်၊ ပုဂ္ဂလိက ကဏ္ဍအတွက် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်စဉ်ဆက်မပြတ်ရရှိနိုင်စေရေးအတွက် သေချာစေရန်နှင့် အဆိုပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် အစိုးရဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှုများ ဖွံ့ဖြိုးလာစေရန်" ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားသည့် **အမျိုးသားအဆင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်** ကိုလည်း ထုတ်ပြန်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

## အသိအမှတ်ပြုကြိုဆို

ကော်မတီများ၊ ကြီးကြပ်မှုကော်မတီများနှင့် သက်ဆိုင်ရာ ဌာနများအနေဖြင့် ဗဟိုကော်မတီက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် နှစ်အလိုက် "နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ" ရေးဆွဲပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် **မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** ပါ လုပ်ငန်းစဉ်များနှင့် **အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** ပါ လုပ်ငန်းစဉ်များထဲမှ မိမိတို့လုပ်ငန်းဌာနနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းများ ရေးဆွဲပြီး လိုအပ်သည်များကို ကြိုတင်စီမံဆောင်ရွက်ထားကြရန် ပြောကြားလိုပါကြောင်း။

## စစ်ဆေးကြပ်မတ်

ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်သူများ သိရှိအောင် ပညာပေးခြင်း၊ အသိပညာပြန့်ပွားအောင် ဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများ ဆောင်ရွက်ပေးခြင်းတို့ကို အမြဲမပြတ် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဌာနများနှင့် ကြီးကြပ်မှုကော်မတီအနေဖြင့်လည်း ခွင့်ပြုထားသည့် လုပ်ငန်းများသည် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ" အား လိုက်နာဆောင်ရွက်မှု ရှိ/ မရှိကို စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှု မရှိပါက အဆင့်ဆင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် မှာကြားလိုပါကြောင်း။

## စီမံခန့်ခွဲမှုအစီအစဉ်များ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဦးစားပေးစက်မှုလက်မှုကဏ္ဍ (၉) ခုအောက်ရှိ စက်မှုလုပ်ငန်းများကို "ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်" များ ရေးဆွဲတင်ပြရန်အတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၉ ရက်နေ့အထိ အချိန်ကာလ တိုးမြှင့်ပေးခဲ့ရာ မကြာခင် သတ်မှတ်ကာလ ပြည့်တော့မည်ဖြစ်သည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိနယ်မြေဒေသအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲတင်ပြနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ စိစစ်ကြပ်မတ် တွန်းအားပေး ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ထို့ပြင် တစ်နေ့ထက်တစ်နေ့ ပြောင်းလဲဖြစ်ပေါ်လာနေသည့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို မျက်ခြည်မပြတ်လေ့လာပြီး ရင်ဆိုင်တုံ့ပြန်ဖြေရှင်းနိုင်အောင် လိုအပ်သည့် ကြိုတင်စီမံမှုများကိုလည်း ပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း။

## ကမ္ဘာလုံးဆိုင်ရာပြဿနာ

မြန်မာနိုင်ငံအနေဖြင့် **မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၃၀)** နှင့် **မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** တို့ကို ထုတ်ပြန်ထားပြီးဖြစ်သလို **အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** နှင့် **အမျိုးသားအဆင့် အစိမ်းရောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင် (၂၀၁၈-၂၀၃၀)** တို့ကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ယနေ့ ရာသီဥတုပြောင်းလဲမှုနှင့် အဏ္ဏဝါပြင်အတွင်း စွန့်ပစ်အမှိုက်များအပါအဝင် ပလတ်စတစ်အမျိုးမျိုးတို့၏ ညစ်ညမ်းမှုဆိုသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာ (၂) ခုကို ဖြေရှင်းနိုင်ရန် လိုအပ်သည့် မူဝါဒနှင့် မူဘောင်တွေ ရှိနေပြီဟု ပြောရမည်ဖြစ်ပါကြောင်း၊ အဆိုပါ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်းအားဖြင့် ကမ္ဘာလုံးဆိုင်ရာပြဿနာကို ဖြေရှင်းနိုင်ရန် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားအတွက် ယခုကဲ့သို့ ဆောင်ရွက်ခွင့်ရနေသည့် အချိန်ကာလတွင် မိမိတို့ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်မှုကော်မတီများ၏ ပေါင်းစပ်ညှိနှိုင်းမှု၊ ကြီးကြပ်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြစေလိုပါကြောင်းနှင့် ယနေ့အစည်းအဝေးတွင် ကော်မတီ၏ (၃) နှစ်ခွဲကျော်ကာလအတွင်း ရရှိခဲ့သည့်အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များအပေါ်တွင် အခြေခံပြီး ကောင်းမွန်သည့် ပတ်ဝန်းကျင်အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရေး အကြံပြုဆွေးနွေးသွားကြရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီ၏ အဋ္ဌမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လုပ်ငန်းကော်မတီများမှ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများကို ပေါင်းစပ်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက **မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ(၂၀၁၈-၂၀၃၀)နှင့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများနှင့် ကမ္ဘာ့ဘူမိဥယျာဉ် (Global Geopark) အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးများဖြစ်ကြသည့် ဦးလဆိုင်း၊ ဦးတီရယ်၊ ဦးစောပြည်သာ၊ ဦးမန်းဟင်းဒါးလ်၊ ဦးလှထွေး၊ ဒေါက်တာစောညိုဝင်း၊ ဦးမြင့်ဇော်၊ ဦးမျိုးသစ်၊ ဒေါက်တာမင်းကြည်ဝင်း၊ ဦးကျော်လွင်၊ ဦးဟံထွန်းနှင့် ဦးတင်အောင်ဝင်းတို့က ကော်မတီ၏ (၃) နှစ်ခွဲကျော်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံပြီး ကောင်းမွန်သည့် ပတ်ဝန်းကျင်အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နေမှု အခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအရ ကာကွယ်ကြပ်မတ်ဆောင်ရွက်နေမှုများ၊ Chain Saw နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှု၊ အသုံးပြုမှုနှင့် စပ်လျဉ်း၍ ထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဖြစ်သူ မြန်မာနိုင်ငံ သစ်တောအသင်းအတွင်းရေးမှူး ဦးတင်အေးနှင့် ပုဂ္ဂလိကစီးပွားရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဖြစ်သူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်တို့က အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများအား ယခုထက် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

## ညှိနှိုင်းဖြေရှင်းပေး

အကြံပြု ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို တင်ပြပြီး အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း (၁၇) ချက်ကို အတည်ပြုချမှတ်ခဲ့သည်။

ယင်းနောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဦးသန်းဦးက မံယူကြီးကျေးရွာကိုယ်ထူကိုယ်ထလှူဒါန်းထားသည့် အဆောက်အဦအား တိုက်နယ်ဆေးရုံအသစ်အဖြစ် တိုးချဲ့ဆောင်ရွက်ရေး၊ အနောက်တောကျေးရွာမှ ဦးထွေးအောင်က ကန်ကုန်း- လွှင်ကြီး- ဝေတုတ်ခီ- အနောက်တော- ဟုမ္မလင်းလမ်း ပြန်လည်ပြုပြင်ပေးနိုင်ရန်နှင့် ကျေးရွာဖြတ်လမ်းများ ဖောက်လုပ်ပေးရေး မေးခွန်းများကိုလည်းကောင်း တင်ပြမေးမြန်းကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးတားဆီးရေးကိစ္စမှာ ပြည်သူများ ပါဝင်ရန်လိုကြောင်း၊ ကြံစိုက်တောင်သူများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဈေးကွက်ရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ကြံစိုက်တောင်သူများအား ဈေးကွက်သီးနှံများ ပြောင်းလဲစိုက်ပျိုးရန်အတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဗန်းမောက်မြို့ ပြည်သူများနှင့် ခဏတာတွေ့ရသော်လည်း မိမိအတွက် တန်ဖိုးရှိပါကြောင်း၊ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသား၊ ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ကိစ္စတစ်ခုချင်းအလိုက် တွေ့ဆုံဖြေရှင်းရန် မှာကြား**

ကြိုတင်မေးမြန်းတင်ပြထားသည့် မေးခွန်းများအနက် ဗန်းမောက်မြို့ နားမော်ကျေးရွာမှ ဦးကျော်ငွေးက နားမော်ကျေးရွာတွင် ဓာတ်အားခွဲရုံအမြန်တည်ဆောက်ပေးနိုင်ရေး၊ မြို့မရပ်ကွက်မှ ဦးဘလင်းက ဇလုံတောင်လမ်း ကျောက်စီမြေထိန်းနံရံ တည်ဆောက်ပေးနိုင်ရေးနှင့် ဗန်းမောက်-ဇလုံတောင်လမ်းအား ရာသီမရွေးသွားလာနိုင်အောင်ဆောင်ရွက်ပေးရေး၊ မြို့မရပ်ကွက်မှ ဒေါ်မို့မို့ခိုင်က ဗန်းမောက်-အင်းတော်ဆက်သွယ်ထားသည့် လမ်းအား အကျယ် ၁၈ ပေလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေး၊ မြို့မရပ်ကွက်မှ ဦးနေဝေထူးက ဗန်းမောက်မြို့တွင်း လမ်းများအား အကျယ် ၂၄ ပေ လမ်းဆောင်ရွက်ပေးနိုင်ရေး၊ ပင်ဟင်းခါးကျေးရွာမှ ဦးကျော်သန်းက ပင်ဟင်းခါး- လက်ပံကျင်း-ကျောက်ဆည်ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရေး၊ မြို့မရပ်ကွက်မှ ကိုကျော်ဂိုဂိုထက်က ဗန်းမောက်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် လစ်လပ်နေသည့် ဆရာဝန်များဖြည့်ဆည်းပေးနိုင်ရေး၊ စက်တောရွာမှ ဦးအောင်ဝင်းတင်က စက်တောဘုန်းကြီးကျောင်းရှိ မင်းတုန်းမင်းလှူဒါန်းထားသည့် ရှေးဟောင်းပစ္စည်းများ ပြသနိုင်ရန်ပြခန်းနှင့် ၎င်းပြခန်းမှ ဇလုံတောင်ယာဉ်ရပ်နားစခန်းသို့ လွယ်ကူစွာသွားနိုင်ရန် လမ်းဖောက်လုပ်ပေးရေးတို့နှင့်စပ်လျဉ်းသည့် မေးမြန်းတင်ပြချက်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူးအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍကိစ္စတစ်ခုချင်းအလိုက် တွေ့ဆုံဖြေရှင်းဆွေးနွေးသွားရန် လမ်းညွှန်မှာကြားခဲ့သည်။

**ကလေးမြို့သို့ ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဗန်းမောက်မြို့မှ ပြန်လည်ထွက်ခွာကြရာ ဟုမ္မလင်းမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ကလေးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကလေးလေဆိပ်နှင့် ကလေးမြို့တွင်း လမ်းမများ၌ သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်သည်။

**သတင်းစဉ်**

# ကမ္ဘာ့ဘဏ်မှချေးငွေဖြင့် ဆောင်ရွက်ရန်ရှိသည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ စီမံကိန်းတို့အား ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director Mr. Gevorg Sargsyan အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်မှချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ စီမံကိန်းတို့အား ဆက်လက်အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်ဖက်ညှိနှိုင်း၍ အတည်ပြုချက်ရယူဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် လျှပ်စစ်စွမ်းအား ထိရောက်တိုးတက်စေရေးစီမံချက်၊ ကျန်းမာရေးဆိုင်ရာစီမံချက်နှင့် ငြိမ်းချမ်းသာယာသော လူထုစီမံချက်တို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ကမ္ဘာ့ဘဏ်မှ ယခုလတွင် ထုတ်ပြန်ခဲ့သည့် မြန်မာစီးပွားရေး လေ့လာမှုအစီရင်ခံစာ (Myanmar Economic Monitor– MEM) တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှေးကွေးလာမှုနှင့် ပြည်တွင်းရေးရာ ကိစ္စရပ်များရှိနေသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းကို ဆက်လက်ပြသလျက်ရှိကြောင်း၊ နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှု ကဏ္ဍများတွင် အားကောင်းလာမှုကြောင့် ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှဦးစီး၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့် ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ဆေးပညာကို စိတ်ပါဝင်စား၍ လာရောက်လေ့လာသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညီလာခံအခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက Video ရုပ်သံဖြင့် မိန့်ခွန်းပြောကြားရာတွင် ယခုညီလာခံကြီးကို ကျင်းပခြင်းသည် အားကစားလောကတိုးတက်အောင်မြင်ရန် ဖြစ်သောကြောင့် ဝန်ကြီးဌာနတစ်ခုတည်း သာမက (၄၈)ခုသော အားကစားအဖွဲ့ချုပ်များနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့ပါ ပူးပေါင်းဆောင်ရွက်မှသာ Exercise is Medicine (EIM) ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ EIM ဖြစ်လာခြင်းဖြင့် ကျန်းမာရေးတွင် အလွန်အကျိုးရှိပြီး အားကစားလှုပ်ရှားသူများ၏ နှလုံးသွေးကြော၊ ကြွက်သား၊ အဆုတ်၊ အရိုး စသည်တို့ ကြံ့ခိုင်လာ၍ ကျန်းမာကြံ့ခိုင်သော လူမျိုးအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ ဆေးရုံဆေးခန်းများတွင် လူနာ နည်းပါးပြီး ဆရာဝန်ဆရာမများ အနေနှင့် လူနာနည်းပါးသည့်အတွက် အရည်အသွေးပြည့်ဝစွာ ကုသနိုင်ပါကြောင်း၊ ယခုအခါတွင် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး EIM ကို တစ်ပြည်လုံး အတိုင်းအတာအရ လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

ယခုညီလာခံကို အားကစားဆိုင်ရာသိပ္ပံ ပညာနှင့် ဆေးပညာရပ်များ တိုးတက်လာမှုဖြင့် မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းကို မြင့်မားလာစေရန်၊ အားကစားဆိုင်ရာ တားမြစ်ဆေးဝါးသုံးစွဲမှု ကင်းစင်သော မြန်မာ့အားကစားလောက အဖြစ် ဂုဏ်ယူသိက္ခာရှိစွာ ရပ်တည်နိုင်ရန်၊ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုများ ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။




ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ညီလာခံကြီးသည် မိမိတို့ မြန်မာလူမျိုးများ လိုအပ်နေသည့် ကွက်လပ်ကို ပြန်လည်ဖြည့်ဆည်းပေးသည့် ညီလာခံဖြစ်ပါကြောင်း၊ ညီလာခံကြီးအပြီးတွင် မြန်မာနိုင်ငံ အားကစားသိပ္ပံနည်းပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ကျန်းမာရေးတွင်လည်း အားကစားသည် ကုထုံးတစ်ရပ်ဖြစ်ပြီး ပြည်သူအားလုံး ပါဝင်သည့် အားကစားလှုပ်ရှားမှုများ၊ လူထုပါဝင်လာသော အားကစားဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ အနာဂတ်တွင် ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ယခုညီလာခံမှ တွန်းအားတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာ့အားကစားလောက၏ Sports Science သည် မည်သည့်အနေအထားမှ စတင်ပါဝင်ခဲ့ပြီး ယခုအခါ Sports Science သည် မည်သို့သော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် အားကစားလောကကို ဆေးပညာဖြင့် မည်သို့ဆောင်ရွက်ခဲ့ကြောင်း အသေးစိတ်ရှင်းလင်း ပြောကြားသည်။


ထို့နောက် ညီလာခံအား ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒေါက်တာ ရဲတင့်လွင်နှင့် ဟောပြောပို့ချမည့် နိုင်ငံတကာပညာရှင်တို့က အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ငြိမ်းချမ်းရေး ကော်မရှင် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညီလာခံ၌ ခင်းကျင်းပြသထားသော အားကစားဆေးဘက်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ညီလာခံ ဒုတိယအစီအစဉ်အဖြစ် သရုပ်ပြအစီအစဉ်များစတင်ခဲ့ပြီး နိုင်ငံ ခြောက်နိုင်ငံမှ အသိပညာရှင် ၊ အတတ်ပညာရှင် ၁၄ ဦးအား အားကစားဆိုင်ရာ သိပ္ပံနည်းကျပညာရပ်များ၊ အားကစားဆိုင်ရာ ဆေးဘက်ပညာရပ်များကို ၎င်းတို့၏ ကျွမ်းကျင်ရာ ကဏ္ဍ တစ်ခုချင်းအလိုက် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော် လေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော် လေတပ်ဦးစီးချုပ် Colonel Khamlek Sengphachanh အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဗေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ကြပြီး ဆက်ဆံရေးကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ လေတပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော် လေတပ်ဦးစီးချုပ် Colonel Khamlek Sengphachanh အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်ပါသည်။

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ပူတာအိုခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသော မဂွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တေဇကျော်၊ ကချင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းတို့နှင့်အတူ ဇန်နဝါရီ ၂၀ ရက် က နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပူတာအိုခရိုင်အတွင်းရှိ မဂွေဇ - ခေါင်လန်ဖူး လမ်းဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။

### လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပူတာအိုမှ မဂွေဇသို့ မော်တော်ယာဉ်များဖြင့် မဂွေဇ-ဆန်းလွတ်ချက် လမ်းအပိုင်းတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောက်ခင်းလမ်းအခြေအနေ၊ ဆောင်ရွက်ဆဲ တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇီဝဒမ်းလမ်းလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မဂွေဇ-ခေါင်လန်ဖူးလမ်း (၆၅/၄) မိုင်ကိုအပိုင်း (၁) အဖြစ် မဂွေဇမှ ငါ့လုံဒမ်းအထိ (၂၅/၄) မိုင်၊ အပိုင်း (၂) အဖြစ် ငါ့လုံဒမ်းမှ လုံးထုံဘိုတဲအထိ (၁၀/၀) မိုင်၊ အပိုင်း (၃) အဖြစ် လုံးထုံဘိုတဲမှ မေခမြစ်အနီး ဆီဆုံအထိ (၁၀/၄) မိုင်၊ အပိုင်း (၄) အဖြစ် ဆီဆုံမှ ခေါင်လန်ဖူးအထိ (၁၉/၄)မိုင်ကို နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်၊ တပ်မတော်၏ အနီးကပ်ကြီးကြပ်ထောက်ပံ့ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံပြည်သူနှင့် လက်တွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းအပြီးသတ်ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း။

### မဂွေဇ - ခေါင်လန်ဖူး လမ်းဖောက်

အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်က မဂွေဇ-ခေါင်လန်ဖူးလမ်းနှင့် ခါကာဘိုရာဇီ တောင်ခြေအမျိုးသားသဘာဝဥယျာဉ် လမ်းပိုင်းဖြစ်သော ပန်နန်းဒင်-ကဝိုင်-ဓဟွမ်ဒမ်းလမ်းနှင့် မဂွေဇ - ခေါင်လန်ဖူး လမ်းများ ဖောက်လုပ်နေမှု၊ လူအင်အားစုဖွဲ့မှု၊ ယာဉ်/ ယန္တရား စုဖွဲ့မှု၊ စက်သုံးဆီ၊ ယမ်းနှင့် ဆက်စပ်ပစ္စည်းများ ပို့ဆောင်ထိန်းသိမ်းထားရှိမှု၊ နှစ်အလိုက်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ စစ်မြေပြင် အင်ဂျင်နီယာ တပ်ရင်းတာဝန်ခံအရာရှိ ဗိုလ်ကြီး ဇင်ဝင်းထိုက်က တပ်မတော်စစ်မြေပြင် အင်ဂျင်နီယာများ အကူအညီဖြင့်တစ်ကြောင်း ထိုးမြေလမ်းဖောက်လုပ်ရေး လုပ်ငန်းတွင် ကျောက်တောင်များကို မိုင်းထုပ်ခြင်း၊ မိုင်းဆင်ခြင်း၊ မိုင်းခွဲခြင်း လုပ်ငန်းစဉ်များနှင့် တပ်မတော် ရဟတ်ယာဉ်ဖြင့် ခေါင်လန်ဖူးသို့ ပို့ဆောင်ခဲ့သော စက်ယန္တရားနှစ်စီးဖြင့် အဖွဲ့ခွဲ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း။

ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဒီပါမောင်က လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လမ်းအူကြောင်းအတိုင်း တစ်ကြောင်းထိုးရှေ့ပြေးလမ်း ဖောက်လုပ်ရေးအဖွဲ့၏ ဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်လှိုင်ဝင်း က တစ်ကြောင်းထိုး ဆောင်ရွက်ပြီး အမာခံမြေသား လမ်းအပေါ်တွင် ရာသီမရွေး သွားလာနိုင်ရေးအတွက် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်တို့က လုပ်ငန်းများ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပြီး လမ်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များနှင့် ဒေသခံဌာနေ လုပ်သားများကို ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆန်းလွတ်ချက်တောင်ထိပ်အထိ သွားရောက်ခဲ့ပြီး ဆန်းလွတ်ချက်မှ ရီဒမ်းကြိုးတံတားသို့ ဆက်လက်ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို တောင်ထိပ်မှ ကြည့်ရှုခဲ့ပြီး ညအိပ်ရပ်နားခဲ့သည်။

### ဂုဏ်ပြုမှတ်တမ်းတင်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မဂွေဇ-ခေါင်လန် ဖူးလမ်း (၄၂/၂)မိုင် နေရာသို့ ရောက်ရှိခဲ့ပြီး ရဟတ်ယာဉ်ကွင်းဖောက်လုပ်ထားမှု၊ ကျောက်တောင်များမိုင်းခွဲရန် ပြင်ဆင်နေမှု၊ ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းလုပ်ငန်းဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနဝန်ထမ်းများ၊ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ စစ်သည်များနှင့် ဒေသခံဌာနေလုပ်သားများအား လမ်းဖောက်လုပ်ခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးရေးအတွက် တာဝန်ကျေပွန်ရုံသာမက မွန်မြတ်သောလုပ်ငန်းဖြစ်သဖြင့် စေတနာရောဝီရိယပါ စိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်သွားရန်နှင့် ယခုလိုရာသီဥတု ခက်ခဲကြမ်းတမ်းသည့် မြေပြင်အနေအထားတွင် လုပ်ငန်းဆောင်ရွက်နေကြသူများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ကျန်းမာရေး ဂရုစိုက်ကြရန် အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေခမြစ်ကူးရီဒမ်းကြိုးတံတား အထိမြေပြင်အခြေအနေအရ ခြေကျင်ခရီးဖြင့် သွားရောက်ပြီး ဆက်လက်ဖောက်လုပ်မည့် လမ်းအူကြောင်းအခြေအနေနှင့် မေခမြစ်အားယန္တရားကြီးများ ဖြတ်ကူးနိုင်မည့် နေရာ၊ဖောင်ကူးဆိပ် ဆောင်ရွက်မည့်နေရာများကို ရီဒမ်းကြိုးတံတားပေါ်မှကြည့်ရှုပြီး အတည်ပြုရွေးချယ် ဆုံးဖြတ်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မိုင်တိုင် ၄၂ မှ မဂွေဇသို့ ပြန်လည်ထွက်ခွာခဲ့ပြီး မဂွေဇလမ်းစခန်းတွင် ဆောင်ရွက် ထားရှိပြီးဖြစ်သော မေခမြစ် ဖြတ်ကူးရန် အသုံးပြုမည့် ကူးတို့ဖောင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တပ်မတော် ရဟတ်ယာဉ်ဖြင့် ပူတာအိုသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

### လူမှုစီးပွားဘဝ မြင့်မားလာနိုင်

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ကြိုးပမ်းမှုဖြင့် မဂွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်ရာတွင် ပထမရည်မှန်းချက်ဖြစ်သော မဂွေဇ-မေခမြစ်အပိုင်းတွင် အခက်အခဲဆုံးဖြစ်သော ပေ ၇၇၀၀ ဆန်းလွတ်ချက် တောင်အား ခက်ခဲစွာကြိုးပမ်းဖြတ်ကျော်နိုင်ခဲ့ပြီး တောင်ဆင်းကားလမ်း (၄၂/၂) မိုင်အထိ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် ယခင်က မဂွေဇမှ ခေါင်လန်ဖူးသို့ ဒေသခံပြည်သူများ ခက်ခဲပင်ပန်း အချိန်ကြာမြင့်စွာ ကူးလူးသွားလာခဲ့ရမှု အခြေအနေမှ မကြာမီ ကားလမ်းပေါက်အောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်သဖြင့် ခေါင်လန်ဖူးဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် မဂွေဇ - ခေါင်လန်ဖူး လမ်းဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးစဉ်။ သတင်းစဉ်

# မြန်မာ့ရုပ်ရှင် စိန်ရတုခေတ်သို့ သမင်လည်ပြန်

စန်းနီလာဝင်း

### ရုပ်ရှင်ဟူသောဝေါဟာရအဖွင့်

ရုပ်ရှင်ဟူသောဝေါဟာရနှင့် ပတ်သက်၍ မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "ရုပ်ရှင်သည် ရုပ်ပုံများကို ရွေ့လျားစေပြီး မီးမောင်းထိုးခြင်းအားဖြင့် ပိတ်ကားပေါ်တွင် လှုပ်ရှားမှုပေါ်ပေါက်လာသည့်ပုံရိပ်၊ အက်ရှင်၊ ဘိုင်အိုစကုပ် ဖြစ်သည်" ဟု ဖွင့်ဆိုထားပါသည်။ ရုပ်ရှင်သည်ရုပ်ပုံသေပေါင်းမြောက်မြားစွာကို လူတို့၏ မျက်စိအမြင်သဘောအရလည်းကောင်း၊ ရုပ်ရှင်စက်မှုအတတ်ပညာများအရလည်းကောင်း တီထွင်ပြုလုပ်ထား၍ ရှင်နေသော အရုပ်၊ ရုပ်ရှင်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာအားဖြင့် Bioscope, Film Cinema, Moving Picture (or) Motion Picture ဟု အမျိုးမျိုးခေါ်ဝေါ်ကြပါသည်။ တစ်ချိန်ကမူ ရုပ်ရှင်ကို "အရိပ်ပြပွဲ"၊ "ဓာတ်ရှင်" ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြပါသေးသည်။

ရုပ်ရှင်အနုပညာကို "အနုပညာရပ် (၇) ရပ် စုပေါင်းထားခြင်း" (Seventh Art) ဟု ဖွင့်ဆိုခဲ့ကြပြီး ထိုအနုပညာ (၇) ရပ်မှာ (၁) စာပေ၊ (၂) ဂီတ၊ (၃) သဘင်၊ (၄) ပန်းချီ၊ (၅) ပန်းပု၊ (၆) ဓာတ်ပုံနှင့် (၇) ရုပ်ရှင်တို့ ဖြစ်ကြသည်ဟု ကမ္ဘာ့အနုပညာရှင်အချို့က ဖွင့်ဆိုခဲ့ကြပါသည်။ တရုတ်အနုပညာရှင်များကမူ ပြဇာတ်ကိုပါ ထည့်သွင်း၍ အနုပညာ (၈) ရပ် (Eighth Art) စုပေါင်းထားခြင်းဟု ဖွင့်ဆိုခဲ့ပါသည်။

ကမ္ဘာ့ရုပ်ရှင်အနုပညာရှင်အချို့ကမူ ကမ္ဘာပေါ်တွင်–

(၁) စကားပြောသောဘာသာ (Spoken Language)

(၂) အရေးအသားဘာသာ (Written Language)

(၃) ကိုယ်ဟန်အမူအရာ လှုပ်ရှားခြင်းဘာသာ (Gesture Language) ဟူ၍ ဘာသာသုံးမျိုးရှိရာ ရုပ်ရှင်အနုပညာမှာ အမူအရာလှုပ်ရှားပြသသော ဘာသာစကား ဖြစ်သည်။ ထို့ကြောင့် ရုပ်ရှင်ကားတစ်ကားတွင် စကားပြောသည်က ၃၀ ရာခိုင်နှုန်း၊ လှုပ်ရှားမှုအမူအရာက ၇၀ ရာခိုင်နှုန်းပါဝင်သင့်ဟု ဆိုပါသည်။

အမူအရာနှင့်လှုပ်ရှားမှုများကို အများဆုံးအသုံးပြုသောရုပ်ရှင်ကားတစ်ကားကို ကမ္ဘာကနားလည်မည်၊ ယုတ်စွအဆုံး ဘဝကံပေးမလှ၍ ဆွံ့အသူများပင်လျှင် နားလည်ခံစားနိုင်မည်။ ထို့ကြောင့် ပညာရှင်များက အဆိုရှိပြန်သည်မှာ "ရုပ်ရှင်ပိတ်ကားချပ်ကြီးသည် စကားပြောဖို့ လုပ်ထားသည်မဟုတ်၊ ဤပိတ်ကားချပ်ကြီးပေါ်တွင် ဝတ္ထုဇာတ်လမ်းကိုလှုပ်ရှားနေသော အရုပ်များဖြင့် ဖော်ပြရန်အတွက်ပင်ဖြစ်သည်" ဟူသော အဆိုဖြစ်ပါသည်။

### မြန်မာ့ရုပ်ရှင်စိန်ရတုခေတ်နှင့် စိန်ရတုသဘင်(၁၉၇၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ)

အမျိုးသားယဉ်ကျေးမှုလက္ခဏာနှင့် သရုပ်မှန်ပြည်သူ့အကျိုးပြုအနုပညာသည် ခေတ်ရေစီးကြောင်းတွင်ကြည်လင်သည့် အသွင်၊ သန့်စင်သည့်အလျဉ်ဖြင့် စီးဝင်နေမြဲပင်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် အောင်မြင်ခဲ့သည့် ပြည်သူ့အနုပညာရှင်တိုင်းသည် သရုပ်မှန် အနုပညာဖန်တီးမှုစွမ်းအားနှင့်အတူ အမျိုးသားမှု၊ အမျိုးသားဟန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို မှန်ကန်စွာ ဖော်ကျူးတင်ပြနိုင်ခဲ့ခြင်းကြောင့်သာ မြန်မာ့အနုပညာသမိုင်းမှတ်တိုင်တွင် မှတ်တမ်းတင်ခံခဲ့ရခြင်းပင် ဖြစ်ပါသည်။




ဒါရိုက်တာ ဆရာဦးသုခ၏ လူငယ်ပြုပြင်ရေးသရုပ်ဖော်ရုပ်ရှင် "တစ်ဦးက စေတနာ တစ်ဦးက မေတ္တာ" ဇာတ်ကား။

ခေတ်အဆက်ဆက်၌ ပြည်သူတို့အား အသိပညာပေးရန် လှုံ့ဆော်ခဲ့သည့် အနုပညာနယ်ပယ်အသီးသီးတွင် ရုပ်ရောအသံပါတွေ့မြင်ခံစားရသော ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ဗီဒီယိုတို့မှာ အကောင်းဆုံးသော လူထုဆက်သွယ်ရေးကိရိယာအနုပညာတစ်ရပ် ဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်စိန်ရတုခေတ်ကာလတွင် စက်မှုပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ရုပ်ရှင်သာမက ဗီဒီယိုကားများပါ အရေအတွက်များစွာ ထုတ်လုပ်လာကြသည့် ကာလဖြစ်ပါသည်။

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းတစ်ပါးမှသရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်မှုကိုကာကွယ်ပြီး အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် ရုပ်ရှင်ဇာတ်ကားများအနက် ဖြေနိုင်ပေါင်၊ ငါ့ညီငါ့မြေ၊ ငါ့အမေ၊ နှလုံးသားနဲ့စစ်တာဝန်၊ အချစ်တစ်ပွဲစစ်ပွဲတစ်ရာ၊ ညတိုက်ပွဲ၊ အမိမြေမှသားကောင်းများ၊ ပြည့်လက်ရုံး၊ ဓားငမောက်၊ မြင်စိုင်းသား၊ ငါ့နိုင်ငံတော်၊ ဝေလည်းမွှေး ကြွေလည်းမွှေး၊ တိုက်ပွဲခေါ်သံ စသည့်ရုပ်ရှင်ဇာတ်ကားတို့မှာ ထင်ရှားခဲ့ပါသည်။

မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးအတွက်လည်းကောင်း၊ နယ်ချဲ့လက်သစ်တို့၏ ကျူးကျော်စွက်ဖက်မှုများကို တွန်းလှန်ကာကွယ်ရေးအတွက်လည်းကောင်း လှုံ့ဆော်ပေးသည့်ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်ခဲ့ကြပါသည်။ အမျိုးသားရေးရုပ်ရှင်ကားများကို ရိုက်ကူးတင်ဆက်ရာတွင် သမိုင်းဖြစ်ရပ်များကိုအခြေခံ၍ တည်ဆောက်ထားသည့် ရုပ်ရှင်ဇာတ်ကားများ (Historical Plot Construction) လည်း ပါဝင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ သာဓကအားဖြင့် "ဖြေနိုင်ပေါင်" ရုပ်ရှင်ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာ့လွတ်လပ်ရေးကြိုးပမ်းခဲ့ပုံများ၊ လွတ်လပ်ရေးရပြီးကာလ မြန်မာ့တပ်မတော်က ပြည်တွင်းသောင်းကျန်းဆူပူမှုအန္တရာယ်များကို ကာကွယ်တွန်းလှန်ခဲ့ပုံ စသည့်သမိုင်းနောက်ခံဖြစ်ရပ်များ၊ နယ်စပ်ဒေသပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးမှုလုပ်ငန်းများပေါ်တွင် အခြေခံ၍ ရိုက်ကူးတင်ဆက်ခဲ့သော မေတ္တာဘွဲ့ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် "ဝေလည်းမွှေး ကြွေလည်းမွှေး" အမည်ရှိ ရုပ်ရှင်ဇာတ်ကားမှာလည်း မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားကာကွယ်ရေးစိတ်ဓာတ်တို့ကို မြှင့်တင်ပေးထားသည့် ရုပ်ရှင်ကားကောင်းတစ်ကားအဖြစ် မြန်မာ့ရုပ်ရှင်စိန်ရတုခေတ်ကို ဂုဏ်ပြုမြှင့်တင်ပေးနိုင်ခဲ့သည်ကို ကြည့်ရှုခံစားကြရမည်ဖြစ်ပါသည်။ ထိုဇာတ်ကားတွင် တပ်မတော်သို့ဝင်လာကြသော သားအဖတစ်ဦးနှင့်တစ်ဦး မသိရှာကြပုံ၊ နိုင်ငံတော်၏ရန်ဆူးရန်ငြောင့်များကို တပ်မတော်သားများက အသက်စွန့်၍ တိုက်ခိုက်ကာကွယ်ကြပုံ၊ တပ်မတော်သားများမှာ တရားသောစစ်အတွက် အသက်ကို ပေးလှူကြရန် ဝန်မလေးကြပုံများကို မြင်တွေ့ခံစားခဲ့ကြရပြီး ထိုစစ်ကားမှာ လက်နက်ပစ္စည်းများမှစ၍ သရုပ်ဆောင်များပါမကျန် သဘာဝကျစွာ သရုပ်ဆောင်နိုင်ကြရန် တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၏ ခွင့်ပြုချက်၊ အကြံပေးမှု၊ အကူအညီများကို ရယူခဲ့သဖြင့် အသက်ဝင်သဘာဝကျလှပြီး ပီပြင်ပြောင်မြောက်သည့် ဂန္ထဝင်စစ်ကားတစ်ကားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်ကို တွေ့ရသည်။

ထို့အပြင် ကိုလိုနီခေတ်အမွေဆိုးတစ်ခုဖြစ်သော စာမတတ်သူဘဝဆိုး၊ ဘဝမှောင်ထဲမှ လွတ်မြောက်အလင်းရောင်ရရန် "အရေး၊ အဖတ်၊ အတွက်" ဟူသော "အသုံးလုံး" တတ်မြောက်ရေးအတွက် ဒါရိုက်တာစာရေးဆရာကြီးဦးသုခ၏ "ဘယ်သူပြိုင်လို့ လုပါတော့နိုင်" (၁၉၇၃) အမည်ရှိရုပ်ရှင်ဇာတ်ကားမှာ စာရေးဆရာမင်းကျော်၏ ခရီးသွားဆောင်းပါးရှည်ကြီးကို အခြေခံ၍ ပညာပေးရသမြောက်လွန်းအောင် ဖော်ကျူးတင်ဆက်နိုင်ခဲ့သည့် စံပြရုပ်ရှင်ဂန္ထဝင်ရုပ်ရှင်ကားတစ်ကားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။




၁၉၇၅ ခုနှစ်က ဒါရိုက်တာ ဆရာဦးသုခ၏ ၅၂၈ သွယ်မေတ္တာကို ဖော်ကျူးတင်ဆက်ထားသည့် "ရွှေခြည် ငွေခြည်တန်းပါလို့" ရုပ်ရှင်ဇာတ်ကား ။

ထိုစိန်ရတုခေတ်မှာပင် နှိုင်းတုမရသည့်မိဘမေတ္တာကိုသရုပ်ဖော်ရိုက်ကူးတင်ဆက်ခဲ့သည့် ဆရာကြီးဦးသုခ၏ "ရွှေခြည် ငွေခြည်တန်းပါလို့"(၁၉၇၅)၊ ဒါရိုက်တာ ပန်းချီစိုးမိုး၏ "ကျနော်နှင့် ကိုဘကျော်" (၁၉၇၅)၊ ဒါရိုက်တာကြည်စိုးထွန်း၏ "စုန်ရေ" (၁၉၉၀) နှင့် မိခင်မေတ္တာသရုပ်ဖော် "သမီးနှင့် အမေများ" (၁၉၉၁) ရုပ်ရှင်ဇာတ်ကားတို့မှာလည်း ထူးခြားအောင်မြင် ပြောင်မြောက်ခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် ဒါရိုက်တာမောင်တင်ဦး၏ မြန်မာ့ရိုးရာသကြံန်ယဉ်ကျေးမှုနှင့် မြန်မာ့ဂီတအနုပညာ၏တန်ဖိုးအလှကို ရသမြောက်စွာဖော်ကျူးတင်ဆက်ခဲ့သည့် "သကြံန်မိုး" အမည်ရှိရုပ်ရှင်ဇာတ်ကားတို့မှာလည်း ထူးခြားအောင်မြင်ပြောင်မြောက်ခဲ့ပါသည်။ စိန်ရတုခေတ်မှာပင် ဒါရိုက်တာ စာရေးဆရာကြီးဦးသုခနှင့် တွဲဖက်ဒါရိုက်တာ မောင်နှင်းမိုးတို့၏ "ရဟန်းစားသောဆွမ်းတစ်နပ်" (၁၉၉၁) အမည်ရှိ မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်းမှာ ရုပ်ရှင်ဇာတ်ကားတစ်ကားမဟုတ်သော်လည်း ထေရဝါဒဗုဒ္ဓသာသနာပြုရုပ်မြင်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ခြင်းကြောင့် စိန်ရတုခေတ်ကာလအတွင်း စံပြုဂုဏ်ယူဖွယ်ဖြစ်ခဲ့ပါသည်။

### မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်စာတမ်းဖတ်ပွဲကြီး

လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်စိန်ရတုခေတ်ကာလ (၇၅) နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်၍ ထိုစဉ်ကနိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြဝတီစာပေတိုက် အမှုဆောင်အရာရှိချုပ် ဦးသိန်းစိန်အား မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့ပါသည်။

အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့ရုပ်ရှင်ဆိုင်ရာစာတမ်း ၁၀ စောင်ဖတ်ကြားတင်သွင်းရမည်ဖြစ်၍ တစ်ရက်လျှင် စာတမ်းငါးစောင်နှုန်းဖြင့် နှစ်ရက်ကျင်းပခဲ့ရသည်။ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်စာတမ်းဖတ်ပွဲကြီးကို ၁၉၉၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့တို့တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ ပဒုမ္မာအမျိုးသားဇာတ်ရုံကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ ထိုစဉ်က နိုင်ငံတော်အကြီးအကဲအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရုပ်ရှင်၊ စာပေ၊ ဂီတ၊ သဘင်ဆိုင်ရာအနုပညာရှင်များ၊ စိတ်ဝင်စားသူပရိသတ်များ တစ်ခဲနက် တက်ရောက်ခဲ့ကြသည်။

*စာမျက်နှာ ၁၁ သို့*

**"ခေတ်အဆက်ဆက်၌ ပြည်သူတို့အား အသိပညာပေးရန် လှုံ့ဆော်ခဲ့သည့် အနုပညာနယ်ပယ်အသီးသီးတွင် ရုပ်ရောအသံပါ တွေ့မြင်ခံစားရသော ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ဗီဒီယိုတို့မှာ အကောင်းဆုံးသော လူထုဆက်သွယ်ရေးကိရိယာ အနုပညာတစ်ရပ် ဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်စိန်ရတုခေတ်ကာလတွင် စက်မှုပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ရုပ်ရှင်သာမက ဗီဒီယိုကားများပါ အရေအတွက်များစွာ ထုတ်လုပ်လာကြသည့် ကာလဖြစ်"**




၁၉၉၅ ခုနှစ်က မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်စာတမ်းဖတ်ပွဲ၌ မြင်တွေ့ရသော သဘာပတိများ၊ စာတမ်းဖတ်ကြားတင်သွင်းသူများ၊ သုတေသနလုပ်ငန်းအဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံ။




၁၉၉၅ ခုနှစ်က မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်စာတမ်းဖတ်ပွဲ၌ စာတမ်းရှင်တစ်ဦး ဖတ်ကြားတင်သွင်းစဉ်။

*စာမျက်နှာ ၁၀ မှ*


ထိုအခမ်းအနားကြီးတွင် မြန်မာ့ရုပ်ရှင်အနုပညာဆိုင်ရာ အစဉ်အလာများကို စာပေအနေဖြင့် သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ သမိုင်းပြုစုခြင်း စသည့်လုပ်ငန်းများကို နောင်လာနောက်သားများအတွက် စဉ်ဆက်မပြတ်ပြုလုပ်သွားရေးနှင့် စပ်လျဉ်း၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိန်က “မြန်မာ့ရုပ်ရှင်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုခဲ့တဲ့ အနုပညာတစ်ရပ်အနေနဲ့ စတင်ခဲ့တာဖြစ်တဲ့အပြင် ခေတ်အဆက်ဆက်မှာ အနုပညာအစဉ်အလာကောင်းများ၊ အမျိုးသားရေး အစဉ်အလာကောင်းများ၊ အတတ်ပညာပိုင်းဆိုင်ရာ တီထွင်မှုအစဉ်အလာကောင်းများ မြောက်မြားစွာ ရှိခဲ့တဲ့ အနုပညာလုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ ဒီလို အစဉ်အလာကောင်းများရှိပြီးဖြစ်တဲ့ မြန်မာ့ရုပ်ရှင် အနုပညာဆိုင်ရာ အစဉ်အလာများကို စာပေနဲ့ သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ သမိုင်းပြုစုခြင်း စတဲ့လုပ်ငန်းတွေကို နောင်လာနောက်သားအတွက် အမြဲမပြတ်ပြုလုပ်သွားဖို့လိုပါတယ်။ ဒီလိုပြုလုပ်သွားခြင်းဖြင့် ရုပ်ရှင်လောကတစ်ခုတည်းအတွက် သာမက တိုင်းပြည်နှင့် လူမျိုးအတွက် အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေးလုပ်ငန်းကိုပါ ဖြည့်ဆည်းပေးရာလည်း ရောက်ပါတယ်။ ဒီအပြင် အနာဂတ်မျိုးဆက်သစ်ရုပ်ရှင် အနုပညာရှင်များအတွက် အမွေခံကောင်းများကို လက်ဆင့်ကမ်းပေးရာလည်း ရောက်ပါတယ်။ x x x

x x x ယခုလို စာတမ်းဖတ်ပွဲမျိုးဟာ မြန်မာ့ရုပ်ရှင်ရဲ့ ၇၅ နှစ်တာခရီးမှာ ပထမဦးဆုံးအကြိမ်ကျင်းပပြုလုပ်တဲ့ အခမ်းအနားဖြစ်တဲ့အတွက် မြန်မာ့ရုပ်ရှင်သမိုင်းမှာ အလွန်ထူးခြားလေးနက်လှတဲ့ ဆောင်ရွက်ချက်တစ်ရပ် အဖြစ်မော်ကွန်းမှတ်တိုင် စိုက်ထူရမှာဖြစ်ပါတယ်။xx x

xxx အနာဂတ်မှာလည်း မျိုးဆက်သစ်ရုပ်ရှင်အနုပညာရှင်များအတွက် ရုပ်ရှင်ဆိုင်ရာကောင်းမွေများကို လက်ရှိရုပ်ရှင်ပညာသည်များက လက်ဆင့်ကမ်းပေးအပ်နိုင်ဖို့ရုပ်ရှင်ဆိုင်ရာ အထောက်အထားများ၊ မှတ်တမ်းမှတ်ရာများ၊ စာအုပ်စာတမ်းများ၊ စာကြည့်တိုက်၊ ပြတိုက်များ၊ စနစ်တကျရှိဖို့လိုအပ်နေပြီလို့ ပြောကြားလိုပါတယ်။ အထောက်အထား မှတ်တမ်းမှတ်ရာများ မရှိခဲ့ရင် သမိုင်းရေးရာပြုစုရာမှာ မစုံမလင်နဲ့မတိကျမှုတွေ ဖြစ်တတ်ပါတယ်။

ဒါကြောင့် ယနေ့စိန်ရတုကာလမှသည် လာမည့်ရာပြည့်နှစ်များအထိ ရုပ်ရှင်လောကတစ်ခုလုံးအတွက် ရော နိုင်ငံနဲ့ လူမျိုးအတွက်ပါ သမိုင်းတန်ဖိုးရှိနေမယ့် ရုပ်ရှင်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ပြတိုက်လုပ်ငန်းများ ပီပီပြင်ပြင် ခိုင်ခိုင်မာမာ ပေါ်ပေါက်လာအောင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ စည်းရုံးဦးဆောင်မှုကို ရုပ်ရှင်ပညာသည်များကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ အလေးအနက်တိုက်တွန်းအပ်ပါတယ်” ဟူ၍ အဖွင့်အမှာစကားပြောကြားသွားခဲ့ရာ ထိုလမ်းညွှန်အကြံပေးအမှာစကား ဩဝါဒမှာ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ခံယူထင်မြင်မိပါသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် စာတမ်းဖတ်ပွဲကြီးတွင် သဘာပတိများအဖြစ် ဒါရိုက်တာ ဦးခင်ဇော်နှင့် ဓာတ်ညွှန်းဦးနေမျိုးတို့က ဆောင်ရွက်ခဲ့ကြပြီး စာတမ်းများ ဖတ်ကြားတင်သွင်းရာ၌ (၁) “မြန်မာ့ရုပ်ရှင်စက်မှုအတတ်ပညာပိုင်းဆိုင်ရာ အဆင့်ဆင့်တိုးတက်လာမှုများ” စာတမ်းကို မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးစိုးဝင်း(စိုးဝင်းထွန်း) ကလည်းကောင်း၊ (၂) “ရသမြောက်သော အချစ်ရုပ်ရှင်ကားများ” စာတမ်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစောထွန်း(မောင်စောထွန်း-ကျောင်းကုန်း) က လည်းကောင်း၊ (၃) “သမိုင်းတင်ကျန်ရစ်သော ရုပ်ရှင်တေးဂီတများ” စာတမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနမှ ဒေါ်ခင်ဆွေဟန်က လည်းကောင်း၊ (၄) “ရသမြောက်သော ဟာသရုပ်ရှင်ကားများ” စာတမ်းကို



၁၉၈၅ ခုနှစ်က ဒါရိုက်တာ မောင်တင်ဦး၏ မြန်မာ့ရိုးရာ သင်္ကြန် ယဉ်ကျေးမှု သရုပ်နှင့် မြန်မာ့ဂီတ အလှကို ဖော်ကျူး တင်ဆက်ထားသည့် “သင်္ကြန်မိုး” ရုပ်ရှင်ဇာတ်ကား။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးဝင်းတင်(သီဟအောင်) ကလည်းကောင်း၊ (၅) “လူစွန့်စားမြန်မာစတန့်သမားများ” စာတမ်းကို စာရေးဆရာ ဒါရိုက်တာ (ဦး)ပြည့်စုံက လည်းကောင်း၊ (၆) “မြန်မာ့သမိုင်းကို မှတ်တမ်းတင်သော မှတ်တမ်းတင်ရုပ်ရှင်ကားများ” စာတမ်းကို မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးပွင့်ကျော် (မြပွင့်)ကလည်းကောင်း၊ (၇) “ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပြသသော ရုပ်ရှင်ကားများ” စာတမ်းကို စာပေဗိမာန်မှ ဦးစိုးမြင့်(စိုးလွင်မြင့်)က လည်းကောင်း၊ (၈) “ကလေးဇာတ်လိုက်များကို အဓိကထား၍ ရိုက်ကူးသော ရုပ်ရှင်ကားများ” စာတမ်းကို ရုပ်ရှင်သရုပ်ဆောင် (ဒေါ်) ချစ်ချစ်ဇော်ကလည်းကောင်း၊ (၉) “မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်သော ရုပ်ရှင်ကားများ” စာတမ်းကို မြဝတီစာပေတိုက်မှ စာရေးသူကလည်းကောင်း၊ (၁၀) “မြန်မာ့ရုပ်ရှင်သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ” စာတမ်းကို စာရေးဆရာမကြီး(ဒေါ်) စောမုံညင်းတို့က အသီးသီးဖတ်ကြားတင်သွင်းခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ်မှ ထိုစဉ်က ၁၉၉၅ ခုနှစ်အထိ (၇၅) နှစ်ပြည့်မြောက်ခဲ့သည့် မြန်မာ့ရုပ်ရှင်စိန်ရတုကာလအထိ ထိုစဉ်က သက်ရှိထင်ရှားရုပ်ရှင်အနုပညာရှင်များစွာနှင့် မြန်မာ့ရုပ်ရှင်ဆိုင်ရာ မဂ္ဂဇင်းများ၊ စာစောင်များကို ဂဃနဏ လေ့လာကြည့်သောအခါ ကိုလိုနီသူ့ကျွန်ဘဝအောက်မှ လွတ်မြောက်ရေးအတွက် ရုပ်ရှင်အနုပညာဖြင့် သရုပ်ဖော်လှုံ့ဆော် တင်ဆက်ခဲ့ကြရာ နယ်ချဲ့အစိုးရအာဏာပိုင်များ၏ အရေးယူခံခဲ့ရပုံများ၊ ရုပ်ရှင်အနုပညာရှင်များကိုယ်တိုင် ကိုယ်ကျ ပါဝင်ခဲ့ပုံများ၊ အမျိုးသားရေးနှင့် မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် တိုင်းကျိုးပြည်ပြုဇာတ်ကားများ ရိုက်ကူးတင်ပြခဲ့ပုံများ၊ ပုဂ္ဂလိကအကျိုးစီးပွားအတွက် သာမဟုတ်ဘဲ အမျိုးသားအကျိုးစီးပွားကို ဦးစားပေး ထုတ်လုပ်ခဲ့သည့် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်အချို့၏ မွန်မြတ်လှသော ခံယူချက်များ၊ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းမှန်သမျှတွင် ရုပ်ရှင်အနုပညာရှင်များ ကျရာအခန်းကဏ္ဍမှ ပါဝင်ခဲ့ပုံများကို ထဲထဲဝင်ဝင် သိရှိလာရသဖြင့် စာတမ်းတစ်စောင်တစ်ဖွဲ့သာမက ကျမ်းကြီးကျမ်းငယ် အစောင်စောင် ရေးသားပြုစုရမည် ဖြစ်ပါသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်ရှိ မြန်မာစာဌာန၊ သမိုင်းဌာန၊ ဒဿနိကဗေဒဌာနရှိ မဟာဝိဇ္ဇာဘွဲ့ယူကျမ်းများ ရေးသားပြုစုကြရာတွင် မြန်မာ့ရုပ်ရှင်၊ မြန်မာ့ဂီတ၊ မြန်မာ့သဘင် စသည့်အနုသုခုမပညာရပ်ဆိုင်ရာ သုတေသနကျမ်းများ ပါဝင်နေသည်ကို တွေ့ရှိခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်၊ ၁၉၄၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ မြန်မာ့ရုပ်ရှင် ငွေရတုရော ရွှေရတုသဘင်အခမ်းအနားများ၌ပါ မြန်မာ့ရုပ်ရှင်ဆိုင်ရာ စာတမ်းဖတ်ကြားပွဲများ မကျင်းပနိုင်ခဲ့ပါ။ မြန်မာ့ရုပ်ရှင် သက်တမ်း (၇၅)နှစ် ပြည့်မြောက်သည့် စိန်ရတုသဘင် အခမ်းအနား ကျင်းပမှသာ နိုင်ငံတော်အစိုးရက ဦးဆောင်ကာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်စာတမ်းဖတ်ပွဲ အခမ်းအနားကြီးကို ပထမဦးဆုံး စတင်ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။ ဖတ်ကြားတင်သွင်းခဲ့သော မြန်မာ့ရုပ်ရှင်ဆိုင်ရာ သုတေသနစာတမ်း ၁၀ စောင်ကို မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် ကျင်းပရေးသုတေသန လုပ်ငန်းအဖွဲ့၏ အစီအစဉ်ဖြင့် မြဝတီစာပေတိုက်မှ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိ နိုင်ခဲ့ပါသည်။ ယခုကျင်းပမည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အခမ်းအနားကြီး၌လည်း မြန်မာ့ရုပ်ရှင်ဆိုင်ရာ စာတမ်းဖတ်ပွဲပါဝင်မည်ကို ကြားသိရပါသဖြင့် အလွန်ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ နှုတ်တစ်ရာ စာတစ်လုံးဆိုသကဲ့သို့ ဖတ်ကြားတင်သွင်းမည့် သုတေသနစာတမ်းများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိသွားမည်ဆိုပါက မြန်မာ့ရုပ်ရှင်သမိုင်းအတွက် မော်ကွန်း၊ မှတ်တမ်း၊ သမိုင်းဆိုင်ရာ အထောက်အထား များစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

အချုပ်ဆိုရပါလျှင် မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ကနဦး စတင်ပေါ်ပေါက်လာခဲ့သည့် အချိန်မှစ၍ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုများနှင့်အတူ ဖျော်ဖြေရေးသက်သက်မဟုတ်ဘဲ ဖြတ်သန်းလာခဲ့ရသည့် ခေတ်အဆက်ဆက်တွင် တိုင်းချစ်ပြည်ချစ်စိတ် ထွန်းကားရေး၊ ပရိသတ်ပြည်သူများ အသိအမြင်ပညာနှင့် ဘဝသင်ခန်းစာကောင်းများ ရရှိရေး၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ထွန်းကားရေး၊ သရုပ်ပျက်ယဉ်ကျေးမှုတိုက်ဖျက်ရေးနှင့် ရသအနုပညာခံစားနိုင်ရေးတို့ကို ရှေးရှုပြီး ရိုက်ကူးတင်ဆက်ခဲ့ကြသည်ကို ဂုဏ်ယူဖွယ်တွေ့ရပါသည်။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များသည် အမိမြန်မာနိုင်ငံတော်ကြီး ဖြတ်သန်းခဲ့ရသည့် ခေတ်ကာလအဆက်ဆက်တွင် အမျိုးသားရေးလုပ်ငန်းများ၌ ကိုယ်တိုင်ကိုယ်ကျ စွန့်စားကြိုးပမ်းပါဝင်ဆင်နွှဲခဲ့ကြသည်များမှာလည်း သမိုင်းမော်ကွန်း ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်လောကတွင် အနုပညာအစဉ်အလာကောင်းများရှိပြီးဖြစ်ရာ နှစ်(၁၀၀)ပြည့်မြန်မာ့ရုပ်ရှင်ပွဲတော်ကြီးမှသည် အနာဂတ်မြန်မာ့ရုပ်ရှင်လောကတစ်လျှောက်လုံး အနုပညာ အတတ်ပညာ၊ နည်းပညာကြွယ်ဝစွာဖြင့် စံပြုထိုက်သည့် မြန်မာ့ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားကောင်းများအဖြစ် ကမ္ဘာ့ရုပ်ရှင်ပရဝဏ်အတွင်းသို့ အောင်မြင်စွာ ထိုးဖောက်လွှမ်းမိုးနိုင်ပါစေကြောင်း အရေးထားလေးစားစွာဖြင့် ရေးသားဆန္ဒပြုတင်ပြလိုက်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးမှူးများနှင့် တွေ့ဆုံ

## သတင်းအချက်အလက်များကို စုစည်းသည့်အဆင့်မှ ထူးချွန်သည့် သတင်းမီဒီယာသမားများ ဖြစ်လာစေရန်ကြိုးပမ်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးမှူးများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးမှူးများနှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကို တာဝန်သိပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်တတ်သည့် ဝန်ထမ်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပါကြောင်း၊ ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံအတွက် မရှိမဖြစ် ဌာနအဖြစ် ရပ်တည်နိုင်ရန်နှင့် ဝန်ထမ်းများသည်လည်း ဌာနအတွက် မရှိမဖြစ် လိုအပ်သူများအဖြစ် အရေးပါနေစေရန် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပါကြောင်း။

**ပြည်သူအတွက် ဝန်ဆောင်မှုပေး**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပြည်သူကို တိုက်ရိုက်ဝန်ဆောင်မှုပေးရသည့် ဌာနတစ်ခုဖြစ်သည့်အတွက် အများအသိအမှတ်ပြုလက်ခံနိုင်ရန် အစဉ်ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြောင်းလဲလာသည့် ခေတ်ကာလနှင့်အညီ ပြည်သူအတွက် လိုက်ပါဝန်ဆောင်မှုပေးနိုင်သည့် ဝန်ထမ်းများဖြစ်စေလိုပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကလေးစာပေပွဲတော်များကို ဦးဆောင်ကျင်းပလျက် ရှိပါကြောင်း၊ ယခုအခါ အများပြည်သူအားလုံးနှင့် သက်ဆိုင်သည့် ပွဲတော်တစ်ခုအဖြစ် စိတ်ဝင်စားပြီး လက်ခံလာမှုကြောင့် ဒေသအလိုက် စီစဉ်ကျင်းပမှုများလည်း ရှိလာပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကလေးစာပေပွဲတော်များ စတင်ကျင်းပခဲ့ရာမှ ယခုအခါ ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြို့နယ်အဆင့်အထိ ကလေးစာပေပွဲတော်များ ကျင်းပနေကြပါကြောင်း။

အလားတူ ဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်များကို အများပြည်သူနှင့် သက်ဆိုင်သည့်နေရာ (Community Centre) အဖြစ် ပေါ်ပေါက်လာစေရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ စာကြည့်တိုက်များမှတစ်ဆင့် ပြည်သူများ အသိပညာတိုးတက် ပြန့်ပွားရေးအတွက် လုပ်ဆောင်နေရာမှ ယခုအခါ လူထုအခြေပြု ဗဟိုဌာနများအဖြစ် ပြောင်းလဲ ဖော်ဆောင်လျက်ရှိပါကြောင်း၊ အများပြည်သူ ပါဝင်ကိုယ်စားပြုသည့်၊ အများပြည်သူ၏ သဘောထားများကို ဖော်ထုတ်ပေးနိုင်သည့် နေရာများအဖြစ် ပီပြင်လာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ကြိုးပမ်းလုပ်ဆောင်မှုများအနက် ပြည်သူများပါဝင်လုပ်ဆောင်သည့် စာဖတ်ဝိုင်းများနှင့် ပြည်သူ့စကားဝိုင်းများ ကျင်းပမှုများ တွေ့ရှိရပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ဖွဲ့စည်းထားသည့် ဌာနတစ်ခုဖြစ်ရာ ဌာနမှ ဝန်ထမ်းများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် အများပြည်သူကို သတင်းအချက်အလက် ပြန်ကြားပေးသည့် တာဝန်၊ သတင်းအချက်အလက်များ စုစည်းသည့် တာဝန်ကိုလည်း ထမ်းဆောင်နေကြပါကြောင်း၊ ထိုသို့ သတင်းအချက်အလက်များကို စုစည်းသည့်အဆင့်မှ ထူးချွန်သည့် သတင်းမီဒီယာသမားများ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယနေ့ခေတ်သည် အွန်လိုင်းမီဒီယာထွန်းကားနေသည့် ကာလဖြစ်သည့်အတွက် မြို့နယ်များတွင် တာဝန် ထမ်းဆောင်နေကြသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိမြို့နယ်နှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များကို ပြည်သူထံ တင်ပြရင်းဖြင့် ထူးချွန်သည့် သတင်းမီဒီယာသမားများ ဖြစ်လာမည့် အခွင့်အရေးများလည်း ရှိနေပါကြောင်း၊ ထိုကဲ့သို့ တာဝန်များကို ကြိုးပမ်းဆောင်ရွက်ရင်း ဝန်ထမ်းများသည် တာဝန်ထမ်းဆောင်ရာ ဒေသအတွက်၊ ဌာနအတွက် မရှိမဖြစ် လိုအပ်သူများ ဖြစ်လာမည်ဖြစ်သလို ဌာနသည်လည်း နိုင်ငံအတွက် မရှိမဖြစ် အရေးပါလာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း**

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သတင်းစဉ်

# လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရတနာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**လျှပ်စစ်ဓာတ်အား အရေးကြီး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခုဘဏ္ဍာရေးနှစ်သည် ယခင်နှစ်များနှင့်မတူဘဲ လုပ်ငန်းဆောင်ရွက်နိုင်ရန် ကာလများကို အဓိကထားသတ်မှတ်သည့် ဘဏ္ဍာရေးနှစ်အသစ်လည်းဖြစ်ပြီး လျှပ်စစ်ကဏ္ဍအတွက်လည်း အရေးကြီးသည့်နှစ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် လျှပ်စစ်ဓာတ်အားရရှိမှုသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍအနေဖြင့် ပါဝင်သည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ယခုနှစ်တွင် ထုတ်လုပ်မှုအပိုင်း၊ သယ်ယူပို့ဆောင်မှုအပိုင်းနှင့် ဖြန့်ဖြူးမှုအပိုင်းတို့တွင် တိုးတက်ဖြစ်ပေါ်မှုများကို ယခင်ကထက် ပိုမိုကောင်းမွန်လာစေရန် မျှော်မှန်းထားသည့်အတွက် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် နွေရာသီကာလအတွက် ၁၁၆၆ မဂ္ဂါဝပ်အား ထပ်တိုးထုတ်လုပ်နိုင်ရေးရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိသည့်အတွက် မိမိတို့၏ ရည်မှန်းချက်များကို ဟန်ချက်ညီအာရုံစိုက်၍ အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

လက်ရှိ ထုတ်လုပ်နေသော ဓာတ်အားပေး စက်များကိုလည်း ကြံ့ခိုင်ကောင်းမွန်စွာဖြင့် စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်နိုင်ရေး အကောင်းဆုံး ကြိုးစားဆောင်ရွက်ကြရန်နှင့် ဓာတ်အားပေးစက်များ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၏ ကြံ့ခိုင်မှုများ၊ Power Plant များ၏ Efficiency များတိုးတက်ရေး၊ ဓာတ်အားပေးစက်ရုံအဟောင်းများကို Rehabilitation ပြုလုပ်မည့် အစီအစဉ်များကိုလည်း ရေးဆွဲထားသည့် Time Schedule အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မည်သို့ပင်ထုတ်လုပ်နိုင်စေကာမူ သုံးစွဲသူထံ ရောက်ရှိအောင် ပို့လွှတ်ရသည့် ဓာတ်အားပို့လွှတ်ရေး အပိုင်းသည်လည်း အရေးကြီးသည့်အတွက် ထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အားများအား ပြည်သူလူထုထံသို့ Losses နည်းပါးစွာဖြင့် ဖို့အားပြည့်ဝစွာ အချိန်မီဖြန့်ဖြူးပေးပို့နိုင်ရေး စီမံချက်များအတိုင်း ဟန်ချက်ညီညီ အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို Work Plan ချမှတ်ထားမှုအခြေအနေများ၊ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေး အစီအမံများ၊ လက်ရှိဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကိုလည်း အသေးစိတ်တင်ပြကြရန်လိုအပ်ကြောင်း။

**လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်ရေး**

မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သည့်အလျောက် မိမိတို့လုပ်ဆောင်မှုများအပေါ် ပြည်သူများမှ နားလည်လက်ခံလာစေရေး ထိတွေ့ပြောဆိုချပြ ဆောင်ရွက်သွားရန်နှင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်၊ ဝန်ဆောင်မှု အပိုင်းတွင်လည်း သိသိသာသာ တိုးတက်ကောင်းမွန်လာအောင် ရည်မှန်းချက်ထား ဆောင်ရွက်ရန်နှင့် အရည်အသွေးပြည့်ဝပြီး တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အားများကို နောက်ထပ်ငါးနှစ်စာ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး Generation Complex Plan နှင့် Transmission Hub Plan များကိုလည်း စီမံချက်များရေးဆွဲချမှတ်ထားပြီးဖြစ်၍ ၎င်းတို့အပေါ်၌လည်း အားလုံးက ဝိုင်းဝန်း၍ ဟန်ချက်ညီညီ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

**ပထမသုံးလပတ် လုပ်ငန်းပြီးစီးမှု**

ထို့နောက် ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဌာနကြီးမှူးများ၊ တည်ဆောက်ရေး ညွှန်ကြားရေးမှူးများ၊ စီမံကိန်းညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျန်ကာလများ၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းမှ လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ၂၀၂၀ပြည့်နှစ် နွေရာသီတွင် ထုတ်လုပ်မည့် LNG သုံး စီမံကိန်းများ၏ တည်ဆောက်မှု အခြေအနေတို့အား အသီးသီး ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တင်ပြမှုများအပေါ် သုံးသပ်ဆွေးနွေးတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့ လူ့ဘဝအစ ရက် ၁၀၀၀ အတွင်း ပူးပေါင်းဆောင်ရွက်ရန် အသိပညာပေးဆက်သွယ်ရေးအထောက်အကူပြုနည်းလမ်းများ ဖော်ထုတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့ လူ့ဘဝအစ ရက် ၁၀၀၀ အတွင်း ပူးပေါင်းဆောင်ရွက်ရန် အသိပညာပေး ဆက်သွယ်ရေးအထောက်အကူပြုနည်းလမ်းများ ဖော်ထုတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေနှင့်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေပါကြောင်း၊ နိုင်ငံ၏ လိုအပ်ချက်များကို ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံအတွက်အရေးကြီးသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လူ့ဘဝအစ ရက်ပေါင်း ၁၀၀၀ ကာလသည် အရေးကြီးပါကြောင်း၊ ဤကာလတွင် ကလေးသူငယ်များကို စနစ်တကျပြုစုပျိုးထောင်မှု၊ အာဟာရပြည့်ဝစွာ ကျွေးမွေးစောင့်ရှောက်မှုတို့ကို ပြည်သူလူထုအားကျယ်ပြန့်စွာ အသိပေးရန်လိုအပ်ပါကြောင်း၊ ဦးနှောက်ဖွံ့ဖြိုးတိုးတက်ရန် ရက်ပေါင်း ၁၀၀၀ ကာလအတွင်း ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းသည် အရည်အသွေးရှိသော လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါပါကြောင်း၊ ပြုစုစောင့်ရှောက်သူများ အနေဖြင့် ဦးနှောက်ဖွံ့ဖြိုးမှုအကောင်းဆုံးအချိန်ကိုသိရှိရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန်မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာများချမှတ်ပြီး ရေရှည်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

### အချိန်မီရင်းနှီးမြှုပ်နှံ

အစိုးရ၏ လက်ရှိဆောင်ရွက်ချက်များကို ပြည်သူတစ်ဦးချင်းစီ သိရှိရန်လိုအပ်ကြောင်း၊ ထိုသို့သိရှိရန် မည်သို့သော နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ကို ဆွေးနွေးဖော်ထုတ်သွားရန် လိုအပ်ကြောင်း၊ ကလေးများသည် အနာဂတ်နိုင်ငံ့တာဝန်ကို လက်ဆင့်ကမ်း တာဝန်ယူမည့်သူများ ဖြစ်သည့်အတွက် ကောင်းမွန်သည့်အမွေများကို လက်ခံနိုင်ရန်လိုအပ်ပါကြောင်း၊ ကလေးငယ်များ၏စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရေးအတွက် ရက်ပေါင်း ၁၀၀၀ အတွင်း အချိန်မီ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကလေးများ ကျောင်းနေအရွယ်သို့ ရောက်ရှိချိန်တွင် ပြုပြင်ပြောင်းလဲနေသည့် နိုင်ငံတော်၏ပညာရေးစနစ်နှင့် ချိတ်ဆက်မိပြီး သင်ကြားသင်ယူမှုအကောင်းဆုံးအခြေအနေကိုရရှိနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လူ့ဘဝအစ ရက် ၁၀၀၀ အတွင်း ကောင်းစွာပြုစုစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ခဲ့ပါက ဉာဏ်ရည်ထက်မြက်ပြီး လူမှုပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စွာဖြင့် စွမ်းဆောင်ရည်မြင့်မားသော ပြည်သူများဖြစ်လာစေရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိဘများ၊ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်တို့က ပူးပေါင်းလိုက်ပါဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ကလေးသူငယ်အခွင့်အရေးလေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တို့ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် "ကလေးဘဝရှေ့ဆောင်ရက် ၁၀၀၀" ဟူသော ဆောင်ပုဒ်ကို အတည်ပြုခဲ့ပြီး ရေဒီယိုဓာတ်လမ်းအသံလွှင့်ခြင်း၊ ဗီဒီယိုဓာတ်လမ်းတို ရိုက်ကူးထုတ်လွှင့်ခြင်း၊ ကြော်ငြာပါသော အရန်သင့်ကပ်ရန်စာရွက်ဖြန့်ဖြူးခြင်းနှင့် ပိုစတာဒီဇိုင်းများထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများနှင့် မီဒီယာကဏ္ဍမှပညာရှင်များ၊ ကာတွန်းနှင့် ဒီဇိုင်းပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့တွင် 2019 Novel Coronavirus(2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ နောက်ဆုံးရသတင်းများအား တင်ပြခြင်း(၂၂–၁–၂၀၂၀)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့တွင် ဖြစ်ပွားလျက်ရှိသော 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များ၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဝင်/ထွက်ပေါက်များတွင် အဖျားရောဂါနှင့် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၁–၁–၂၀၂၀)ရက်စွဲဖြင့် ထုတ်ပြန်ချက်အရ (၂၀–၁–၂၀၂၀)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် 2019 Novel Coronavirus (2019–nCoV) ဓာတ်ခွဲအတည်ပြုလူနာ ၂၇၈ ဦးရှိကြောင်း သိရှိရပြီး Hubei Provinceတွင် ၂၅၈ ဦး၊ Guangdong Province တွင် ၁၄ဦး၊ Beijing Municipality တွင် ၅ ဦး၊ Shanghai Municipality တွင် ၁ ဦးတို့ ဖြစ်ကြောင်း သိရှိရပါသည်။ ဓာတ်ခွဲအတည်ပြု ရောဂါပိုးတွေ့ရှိရသူများ အနက် ၅၁ ဦးမှာ ရောဂါပြင်းထန်လျက်ရှိပြီး ၁၂ ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရှိရပါသည်။

၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပတွင် (၂၂–၁–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုအဖြစ် ထိုင်းနိုင်ငံတွင် ၂ ဦး၊ ဂျပန်နိုင်ငံတွင် ၁ ဦး၊ တောင်ကိုရီးယားနိုင်ငံတွင် ၁ ဦးနှင့် အမေရိကန်ပြည်ထောင်စုတွင် ၁ ဦးရှိကြောင်း သိရှိရပါသည်။

၄။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့တွင် (၂၂–၁–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုသေဆုံး လူနာ ၆ ဦးရှိကြောင်း သိရှိရပြီး သေဆုံးသူများမှာ အသက်အရွယ်ကြီးရင့်သူများနှင့် နာတာရှည်ရောဂါအခံရှိသူများ ဖြစ်ကြောင်း သိရှိရပါသည်။

၅။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော 2019 Novel Coronavirus (2019–nCoV) ရောဂါပိုးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) နှင့်အညီ (၂၂–၁–၂၀၂၀) ရက်နေ့တွင် အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပရန်စီစဉ်လျက်ရှိပြီး ၎င်းအစည်းအဝေးတွင် ယခုရောဂါဖြစ်ပွားမှုဖြစ်စဉ်အား ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency of International Concern–PHEIC)ကြေညာရန် သင့်၊ မသင့်နှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

၆။ လက်ရှိဖြစ်ပွားနေသော 2019 Novel Coronavirus (2019–nCoV) သည် ယခင်ဖြစ်ပွားခဲ့သော ဆားစ်ရောဂါ(SARS)နှင့် မားစ်ရောဂါ(MERS)တို့ကို ဖြစ်ပွားစေခဲ့သော Virus ပိုးများနှင့် မျိုးနွယ်အုပ်စုတူသော ရောဂါပိုးအမျိုးအစားဖြစ်သော်လည်း လက်ရှိဖြစ်ပွားနေသော အခြေအနေသည် လူမှတစ်ဆင့် လူသို့ ကူးစက်နိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ "Limited Human to Human transmission"ဟု ပဏာမထုတ်ပြန်ထားပြီး Novel Coronavirus(နိုဗယ်ကိုရိုနာဗိုင်းရပ်စ်) ရောဂါပိုး ကူးစက်မခံရအောင် ကာကွယ်နိုင်မည့် နည်းလမ်းများအနေဖြင့်–

- ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားနေရသောသူများနှင့် အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- လူထူထပ်သောနေရာများကို သွားလာခြင်းမှရှောင်ကြဉ်ခြင်း၊
- နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ်လုံခြုံအောင် ဖုံးအုပ်ထားသောအဝတ်နှင့် နှာခေါင်းစည်း အသုံးပြုခြင်း၊
- တိရစ္ဆာန်များနှင့် အကာအကွယ်မရှိဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- လူနာနှင့်ထိတွေ့သောအရာဝတ္ထုများအား အသုံးပြုကိုင်တွယ်ပြီးတိုင်းနှင့် လူနာနှင့် တိုက်ရိုက်ထိတွေ့ပြီးသည့်အခါတိုင်း စနစ်တကျ လက်ဆေးခြင်း၊
- ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာအား ထိတွေ့ကိုင်တွယ်ရသည့်အချိန်တိုင်း မိမိကိုယ်ကိုယ် ရောဂါပိုးကူးစက်ခံရခြင်းမရှိစေရန် Infection Prevention and Control အား အထူးဂရုပြုလိုက်နာခြင်း၊
- အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ လေကြောင်းခရီးမှတစ်ဆင့် ဝင်ရောက်လာသော ပြည်တွင်း/ပြည်ပ ခရီးသွားများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ အကြံပေးချက်(Travel Advice)ကို လိုက်နာခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

၇။ 2019 Novel Coronavirus (2019–nCoV) ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင် Website(https://www.mohs.gov.mm/)နှင့် Myanmar CDC Facebook Page **(https://web.facebook.com/Myanmar CDC/)** တို့မှ **တစ်ဆင့် ထုတ်ပြန်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း** ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း စနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

❖ *ကျောဖုံးမှ*

ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ–၁၉ (ခ) Junior Lions အသင်းတွင် **ဂိုးသမား**–နေလင်းထက်၊ ပြည့်ဖြိုးသူ၊ စောထက်၊ **နောက်တန်း**–စောထော်နေမှူး၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ ညဏ်လင်းထက်၊ သက်ဟိန်းစိုး၊ ကောင်းခန့်ကျော်၊ မင်းခန့်မောင်မောင်၊ **အလယ်တန်း**– ခွန်ကျော်ဇင်ဟိန်း၊ နောင်နောင်စိုး၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ပြည့်ဖြိုးအောင်၊ မိုးဆွေ၊ ရဲမင်းကျော်၊ အောင်ကိုဦး၊ **ရှေ့တန်း**– စောကျော်အဲ၊ ညီညီ၊ လမင်းထွေး၊ မျိုးသူရထွန်းနှင့် စောသန်းဝင်းတင်တို့ ပါဝင်ကြသည်။ မြန်မာ ယူ–၁၉ အသင်းသည် ပထမအကျော့မှ ကစားသမားများ၏ ခြေစွမ်းအပေါ်မူတည်၍ အပြောင်းအလဲအချို့ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ–၁၉ (ခ) Junior Lions အသင်းသည် MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ အဖွင့်ပွဲအဖြစ် ဇန်နဝါရီ ၂၃ ရက် **(ယနေ့)** တွင် ငွေကြယ်ပွင့်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ–၁၉ အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ–၁၉ ပြိုင်ပွဲအပါအဝင် အခြားနိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

အသင်းများကို ထပ်မံအရေးနိမ့်ခဲ့ပြီး Winner အသင်းမှာလည်း On Doctor အသင်း၏ ရှုံးပွဲကို အသုံးချကာ အဆင့် (၄) နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ပွဲစဉ် (၁၅) အပြီးတွင် VUC နှင့် MIU အသင်းတို့က ၄၃ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် VUC အသင်းက ဆက်လက်ဦးဆောင်ကာ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ GV အသင်းက ၃၉ မှတ်၊ Winner အသင်းက ၂၈ မှတ်၊ On Doctor အသင်းက ၂၅ မှတ်၊ မြို့မ JY အသင်းက ၂၁ မှတ်၊ MFF ယူ–၁၉ အသင်းက ၁၉ မှတ်၊ Do Do Ko Ko နှင့် Dream Team အသင်းတို့က ၁၅ မှတ်စီ၊ AMM Brothers အသင်းက ရှစ်မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခြောက်မှတ်၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ် ရရှိထားသည်။

**ရဲရင့်ရှိုင်း**

# ကိုရိုနာဗိုင်းရပ်စ်အသစ်ကြောင့် သေဆုံးသူ ကိုးဦးရှိလာပြီး ၄၄၀ ကျော် ကူးစက်ခံနေရဟု တရုတ်ကျန်းမာရေးကော်မရှင်ပြော

ပေကျင်း ဇန်နဝါရီ ၂၂

**တရုတ်ကျန်းမာရေးကော်မရှင်က ကိုရိုနာဗိုင်းရပ်စ်အသစ်ကြောင့် သေဆုံးသူ ကိုးဦးအထိရှိလာပြီး ကူးစက်ခံရသူ ၄၄၀ အထိ မြင့်တက်လာခဲ့ကြောင်း ဇန်နဝါရီ ၂၂ ရက်က ပြောကြားလိုက်သည်။ ခရီးသွားလာမှုအများဆုံး တရုတ်နှစ်သစ်ကူးချိန်နီးကပ်လာပြီဖြစ်သဖြင့် ဗိုင်းရပ်စ်ပျံ့နှံ့မှုအပေါ်စိုးရိမ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။**



ကွာလာလမ်ပူလေဆိပ်၌ ဝင်ရောက်လာသည့် ခရီးသည်များကို အပူချိန်စစ်ဆေးနေစဉ်။

တရုတ်ကျန်းမာရေး အာဏာပိုင်များက ၎င်းတို့အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သာမက အခြားသော နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း ပြောကြားလိုက်သည်။

လွန်ခဲ့သောလက ဝူဟန်မြို့မှ တစ်ဆင့် ရောဂါပျံ့နှံ့မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် တရုတ်နိုင်ငံအတွင်းရှိ ပြည်နယ် ၁၃ ခုအထိ ရောဂါပျံ့နှံ့မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးကော်မရှင်မှ အရာရှိများက ဖြစ်နိုင်သမျှသော ရောဂါပျံ့နှံ့မှုမရှိစေရန် တင်းကျပ်သော လုပ်ဆောင်မှုမှန်သမျှ ဝူဟန်တွင် ဆောင်ရွက်ရန်နှင့် လူများစုဝေးခြင်း မရှိရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ဗိုင်းရပ်စ်ပိုးသည် ယခုအခါ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ် (တိုင်ပေ)နှင့် အမေရိကန်ပြည်ထောင်စုတို့အထိ ပျံ့နှံ့လျက်ရှိကြောင်း နောက်ပိုင်း ယခုထက်ပိုမိုပျံ့နှံ့နိုင်ကြောင်း သိရသည်။

ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်လျက်ရှိပြီး အခြေအနေတည်ငြိမ်သွားပြီဖြစ်ကြောင်း ပြောကြားသည်။

တရုတ်နှစ်သစ်ကူးအားလပ်ရက်မတိုင်မီ နိုင်ငံအများစုသည် ဝင်ပေါက်ထွက်ပေါက်စစ်ဆေးမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူသန်းချီ တရုတ်နိုင်ငံအတွင်းနှင့် နိုင်ငံရပ်ခြားသို့ အလည်အပတ်သွားရန် စီစဉ်ထားရှိကြောင်းလည်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ရောဂါမည်သို့မည်ပုံ ပျံ့နှံ့နေသည်ဆိုသည့် အချက်ကိုသိရန် သတင်းအချက်အလက်များများ ရနိုင်သမျှ ရရန်လိုကြောင်း ပြောကြားသည်။

**အေအက်ဖ်ပီ**

# ဂရိနိုင်ငံ၌ ပထမဆုံး အမျိုးသမီးသမ္မတအဖြစ် ရွေးချယ်တင်မြှောက်

**အေသင် ဇန်နဝါရီ ၂၂**

တရားရေးရာများတွင် ကျွမ်းကျင်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများတွင် ကျွမ်းကျင်နှံ့စပ်သည်ဟု အများယုံကြည်လက်ခံထားသူ တစ်ဦးဖြစ်သည့် အက်ကာတာရီနီဆာကယ်လာရိုပေါ်လာသည် ဂရိနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတတစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၂၂ ရက်က ဖော်ပြထားသည်။


ဂရိသမ္မတအဖြစ် လွှတ်တော်က မဲပေးရွေးချယ်ခဲ့သူ ဆာကယ်လာရိုပေါ်လာ။

သူသည် ပါတီအများစု၏ထောက်ခံခြင်းကိုရရှိထားပြီး မျက်မှောက်ရေးရာကျွမ်းကျင်သူများကလည်း သူ့ကို ကြိုဆိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဂရိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ အခက်ကြုံနေချိန်တွင် သူ့ကို ယခုလို ဂရိနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

ဂရိနိုင်ငံသည် အနာဂတ်အတွက် လမ်းဖွင့်ထားရမည့်အချိန်ကို ရောက်ရှိနေပြီဖြစ်ကြောင်း ဂရိဝန်ကြီးချုပ် ကယ်ရီယာကိုစ် မစ်ဆောတာကစ်က ယခုလအစောပိုင်းက ပြောကြားခဲ့သည်။ ၎င်းသည် ဆာကယ်လာရိုပေါ်လာအား သမ္မတအဖြစ် မဲပေးရန် ဇန်နဝါရီ ၂၂ ရက်က လွှတ်တော်သို့ အမည်စာရင်း တင်သွင်းခဲ့သူဖြစ်သည်။

ဆယ်စုနှစ် လေးစုကျော်ကြာအောင် ဝါရင့်တရားသူကြီးအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သူ အသက် ၆၃ နှစ်ရှိ ဆာကယ်လာရိုပေါ်လာသည် ၂၀၁၈ ခုနှစ်ကတည်းက ဂရိနိုင်ငံ၏ ထိပ်တန်းစီမံခန့်ခွဲအုပ်ချုပ်ရေးပိုင်းများကို ဦးဆောင်ဦးရွက်ပြုခဲ့သူဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး၏ သမီးဖြစ်သူ ဆာကယ်လာရိုပေါ်လာသည် ပါရီဆော်ဘုန်တက္ကသိုလ်မှ ဘွဲ့လွန်ပြီးခဲ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

သူသည် ရှေ့လာမည့် မေလတွင် သမ္မတသက်တမ်းငါးနှစ်ပြည့်မည့် ပရိုကိုဗစ် ပါဗ်လော့ပ်ပိုလော့စ်၏နေရာတွင် ဆက်ခံမည့်သူဖြစ်သည်။ သူသည် သမ္မတဖြစ်ရန် သတ်မှတ်အနည်းဆုံးမဲအရေအတွက် ၂၀၀ ကို ကျော်လွန်ပြီး ၂၆၁ အထိရရှိခဲ့ကာ သမ္မတအဖြစ် ရွေးချယ်ခြင်းခံရသူဖြစ်သည်။

**အေအက်ဖ်ပီ**

# ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးသဘောတူညီမှု မရလျှင် ၂၅ ရာခိုင်နှုန်း အခွန်တိုးကောက်ပြီးသား ဖြစ်လိမ့်မည်ဟု ထရမ့်ခြိမ်းခြောက်

**ဒါဗို ဇန်နဝါရီ ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီ ၂၂ ရက်က ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးဆိုင်ရာ ထိုးစစ်တစ်ခုကို ပြန်လည်စတင်ကြောင်း ဖော်ပြလိုက်ပြီး အကယ်၍ နှောင့်နှေးကြန့်ကြာနေသည့် ကုန်သွယ်ရေး သဘောတူညီမှုကို ဥရောပသမဂ္ဂက လက်မခံခဲ့လျှင် ကုန်သွယ်ခွန် ၂၅ ရာခိုင်နှုန်း အလိုအလျောက် အခွန်တိုးမြှင့်ကောက်ခံခြင်းကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း ခြိမ်းခြောက်လိုက်သည်။

**အခွင့်အရေးယူ**

ဥရောပသမဂ္ဂသည် အခြားအဖွဲ့အစည်းများထက် ကိုင်တွယ်ဆက်ဆံရခက်ခဲပြီး ကျွန်ုပ်တို့နိုင်ငံအပေါ် နှစ်ပေါင်းများစွာကြာအောင် အခွင့်အရေးယူလာခဲ့ကြောင်း သမ္မတထရမ့်က ဖောက်စ်ဘီဇီးနက်စ် နယူးစ်သတင်းနှင့် တွေ့ဆုံမေးမြန်းခဲ့မှုအတွင်း မှတ်ချက်ပေးခဲ့သည်။

**သိပ်မခက်ခဲ**

ယင်းကိစ္စကို ကိုင်တွယ်ဆောင်ရွက်ရန်မှာ သိပ်မခက်ခဲလှကြောင်း၊ အကယ်၍ အီးယူနှင့် သဘောတူညီမှု မရခဲ့လျှင် ၎င်းတို့ထံမှ မော်တော်ကားများကို ၂၅ ရာခိုင်နှုန်းအခွန်ကောက်ခံပြီးသား ဖြစ်လိမ့်မည်ဟု ထရမ့်က ထပ်မံပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ရုရှားနိုင်ငံ၌ အစိုးရအဖွဲ့သစ် ဖွဲ့စည်း

**မော်စကို ဇန်နဝါရီ ၂၂**

ရုရှားနိုင်ငံ၏ အဓိကဝန်ကြီးအများအပြားကို ဆက်လက်ထားရှိသည့် အစိုးရအဖွဲ့သစ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က စတင်ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ရုရှားဝန်ကြီးချုပ်သစ် မစ်ခေးလ် မီရှူစတင် အဆိုပြုထားသည့် ဝန်ကြီးများကို သမ္မတပူတင်က ဇန်နဝါရီ ၂၁ ရက်တွင် ရာထူးခန့်အပ်လိုက်သည်။ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ စွမ်းအင်ဝန်ကြီးနှင့် အရှေ့ဖျားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒုတိယဝန်ကြီးချုပ်တို့ကို ၎င်း၏ မူလရာထူးတာဝန်များ ဆက်လက်ပေးအပ်ခဲ့သည်။

ဂျပန်နှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆောင်ရွက်နေသည့် စီးပွားရေးဝန်ကြီး မက်ဆင် အိုရက်ရှ်ကင်နေရာတွင် မက်ဆင်ရီရှက်နီကော့ဗ်ကို အစားထိုးခန့်အပ်ခဲ့သည်။ အသက် ၄၀ ရှိပြီဖြစ်သည့် ရီရှက်နီကော့ဗ်သည် ၂၀၁၇ ခုနှစ်မှ စတင်ကာ အနောက်အလယ်ပိုင်း Perm ဒေသ အုပ်ချုပ်ရေးအကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။

သမ္မတပူတင်သည် ၎င်း၏ နိုင်ငံရေးဆိုင်ရာ မျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရန်အတွက် ဝန်ကြီးများအနေဖြင့် အကောင်းဆုံးကြိုးစားဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ သမ္မတ၏ မူဝါဒများသည် နိုင်ငံ့စီးပွားရေးတိုးတက်စေရန်၊ လူမှုဘဝဖူလုံရေးနှင့် ပညာရေးမြင့်မားစေရန် အလေးပေးလျက်ရှိကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

# ရွှေ့ပြောင်းနေထိုင်သူ ၁၉၀၀ ကို နေရပ်ပြန်ပို့ရန် မက္ကဆီကိုပြင်ဆင်



မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့များက ဟွန်ဒူးရပ်စ်မှ ရွှေ့ပြောင်းသွားလာသူများကို တားဆီးနေစဉ်။

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၂**

အမေရိကန်ပြည်ထောင်စုသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းရာမှ မက္ကဆီကို၌ သောင်တင်နေသည့် ဟွန်ဒူးရပ်စ် နိုင်ငံသား ၁၉၀၀ ထက်မနည်းကို ဟွန်ဒူးရပ်စ်နိုင်ငံဆီသို့ ပြန်ပို့ရန်ပြင်ဆင်နေကြောင်း သိရသည်။

ဟွန်ဒူးရပ်စ်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ အုပ်စုနှစ်စုသည် မက္ကဆီကိုတောင်ပိုင်းရှိ အိမ်နီးချင်းဂွါတီမာလာ နိုင်ငံမှတစ်ဆင့် နယ်စပ်ဂိတ်နှစ်ခုကို ဖြတ်ကျော်ကာ မက္ကဆီကို နိုင်ငံထဲသို့ ဝင်ရောက်လာကြောင်း မက္ကဆီကို အစိုးရအရာရှိတစ်ဦးက ပြောသည်။ အထောက်အထားမဲ့ ဝင်ရောက်လာကြသည့် ဟွန်ဒူးရပ်စ်နိုင်ငံသားများကို လူဝင်မှုကြီးကြပ်ရေးတာဝန်ရှိသူများက ထိန်းသိမ်းထားကြောင်း ၎င်းက ပြောသည်။

အမေရိကန်သို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ဟွန်ဒူးရပ်စ်နိုင်ငံသားအုပ်စု နောက်ဆုံးအသုတ်သည် ဟွန်ဒူးရပ်စ်မြောက်ပိုင်း ဆန်ပီဒရိုစူလာမှဖြစ်ပြီး ၎င်းတို့သည် ဇန်နဝါရီ ၁၅ ရက်နံနက်ပိုင်းက နိုင်ငံအတွင်းမှ ထွက်ခွာလာခဲ့သူများဖြစ်ကြောင်း သိရသည်။

၂၀၁၈ နှင့် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရွှေ့ပြောင်းနေထိုင်သူအများအပြား မက္ကဆီကိုနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ပြီး အမေရိကန်-မက္ကဆီကိုနယ်စပ်တွင် သောင်တင်နေခဲ့ရာ ယင်းကိစ္စကြောင့် မက္ကဆီကိုနှင့် အမေရိကန်တို့အကြား တင်းမာမှုများ မြင့်တက်ခဲ့သည်။ သို့သော်လည်း နှစ်နိုင်ငံသည် ရွှေ့ပြောင်းနေထိုင်သူများအား ဥပဒေအရ တရားဝင် ဝင်ရောက်ခွင့်ပြုနိုင်ရေးအတွက် နယ်စပ်လုံခြုံရေးတိုးမြှင့်ရန် သဘောတူခဲ့ကြသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန်အနောက်ပိုင်းတွင် တာလီဘန်စစ်သွေးကြွအဖွဲ့ဝင် ၄၀ ကျော် လက်နက်ချ အလင်းဝင်

**ကဘူးလ် ဇန်နဝါရီ ၂၂**

အာဖဂန်အနောက်ပိုင်း ဂေါ်ပြည်နယ်တွင် တာလီဘန်စစ်သွေးကြွအဖွဲ့ဝင် ၄၀ အာဖဂန်အမျိုးသားတပ်ဖွဲ့သို့ လက်နက်ချ အလင်းဝင်ခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၂ ရက်တွင် အတည်ပြု ပြောကြားခဲ့သည်။

အာဖဂန်စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေးအေဂျင်စီမှ တာဝန်ရှိသူများသည် ရှာရက်၌ ရှာဖွေရေးနှင့် နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိချိန်တွင် ထိုသို့ လက်နက်ချအလင်းဝင်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အကြာက ရှာရက်ရှိ အာဖဂန်တပ်ဖွဲ့ထံသို့ တာလီဘန်စစ်သွေးကြွ ၁၅၀ ခန့် လက်နက်ချ အညံ့ခံခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုများသည် အာဖဂန်ပြည်သူများကို ထိခိုက်နစ်နာစေသည့်အတွက် လမ်းမှားကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လက်နက်ချ အလင်းဝင်လာသူများက ပြောကြားခဲ့သည်။

ဆင်ဟွာ

### အင်တာပိုလ် အကြီးအကဲဟောင်းကို တရုတ်နိုင်ငံက ထောင်ဒဏ်ချမှတ်

**ပေကျင်း ဇန်နဝါရီ ၂၂**

အင်တာပိုလ်ဥက္ကဋ္ဌဟောင်း မန်ဟုန်ဝေကို လာဘ်စားမှုဖြင့် တရုတ်နိုင်ငံ၏ တရားရုံးတစ်ရုံးက ထောင်ဒဏ် ၁၃ နှစ်နှင့် ခြောက်လကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

မန်ကို ၂၀၁၈ ခုနှစ်က အင်တာပိုလ်ဌာနချုပ် ရုံးစိုက်ရာဖြစ်သည့် ပြင်သစ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ခေတ္တရောက်ရှိနေစဉ်အတွင်း ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ၎င်းကို လာဘ်စားမှုစွပ်စွဲချက်ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

တီယန်ကျင်းမြို့ရှိ တရားရုံးက ဇန်နဝါရီ ၂၂ ရက်တွင် ၎င်းကို ထောင်ဒဏ်ချမှတ်ခဲ့ပြီး ယွမ်ငွေ နှစ်သန်း (အမေရိကန်ဒေါ်လာ ၂၉၀၀၀၀ ဒေါ်လာ) ကို ဒဏ်ကြေးပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

မန်သည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ကာ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ရယူခဲ့ကြောင်း၊ စုံစမ်းဖော်ထုတ်ခဲ့မှုကို တရုတ်နိုင်ငံပိုင် စီစီတီဗွီရုပ်သံဌာနက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# ကော်ဖီဆိုင်များကသက်သေပြနေသည့်ဆော်ဒီ လူ့အဖွဲ့အစည်းအတွင်း ပြောင်းလဲလာမှု

— — *ခြူးစန္ဒီနွေး* — —

အမျိုးသမီးတွေအပေါ် ဖိနှိပ်ကန့်သတ်မှုတွေ များတယ်လို့ နာမည်ကျော်ကြားတဲ့ ဆော်ဒီအာရေဗျမှာတော့ အခုအခါမှာ အစိုးရကနေ ဖြေလျှော့မှုတွေလုပ်ဆောင်ပေးနေပါပြီ။ ဒါကြောင့်လည်း လုပ်ငန်းခွင်မှာရော၊ လူမှုဘဝ ပတ်ဝန်းကျင်မှာပါ အရင်ကလောက်တင်းကျပ်မှုတွေ မများတော့တာကို ကော်ဖီဆိုင်တွေကသက်သေပြနေပါတယ်။



ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်ကိုတွေ့ရစဉ်။

### ဝင်ပေါက်ခွဲခြားထား

အရင်တုန်းကဆိုရင် ကော်ဖီဆိုင်တွေမှာ အမျိုးသားနဲ့ အမျိုးသမီး အတူရောနှောပြီး ထိုင်လို့မရပါဘူး။ ဝင်ပေါက်သတ်သတ်စီခွဲခြားထားပါတယ်။ စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေအားလုံးဟာ အမျိုးသား အမျိုးသမီး ဝင်ပေါက်သတ်သတ်စီ ခွဲခြားထားတာကို တွေ့ရမှာပါ။ အမျိုးသားများ သီးခြားဝင်ရတဲ့ ဝင်ပေါက်နဲ့ အမျိုးသမီးတွေကတော့ မိသားစုအတွက် လုပ်ထားတဲ့ဝင်ပေါက်ကနေပဲ ဝင်ရပါတယ်။ အစားအသောက်မှာယူဖို့ တန်းစီရာမှာလည်း သီးခြားစီ တန်းစီရပါတယ်။ အမျိုးသမီးတွေဆိုရင် တစ်ခါတစ်ရံမှာ သူစိမ်းအမျိုးသားတွေနဲ့ မဆုံစည်းဖို့အတွက် သီးသန့်အခန်းတွေမှာ ဝင်ပြီး စားသောက်ရတာမျိုးတွေ ရှိပါတယ်။

### လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်ခု

ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းမှာတော့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အမျိုးသားနဲ့ အမျိုးသမီး ဝင်ပေါက်တွေကို ခွဲခြားထားဖို့ မလိုတော့ဘူးလို့ ဆော်ဒီအစိုးရကနေ တရားဝင်ကြေညာခဲ့ပါတယ်။ အိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်မန်ရဲ့ လူမှုရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုထဲက တစ်ခုလည်းဖြစ်ပါတယ်။ ကော်ဖီဆိုင်တွေမှာ ပြောင်းလဲလာတာကတော့ လူတွေဟာ အပြောင်းအလဲကို ပိုပြီးလိုချင်လာတာကြောင့်ပဲ ဖြစ်တယ်လို့ အသက် ၃၀ အရွယ် ရှာဒင်အယ်ခါလီဖတ်က ပြောပါတယ်။ အချို့သော မိန်းကလေးတွေဆိုရင် အရင်တုန်းက ရုံးမှာပဲ သီးသန့်အလုပ်လုပ်တာကိုပဲ မိသားစုဝင်တွေက ခွင့်ပြုခဲ့ကြပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ ကော်ဖီဆိုင်မှာ အလုပ်လုပ်လာတာကိုလည်း တွေ့မြင်နိုင်လာပါပြီ။ ဆော်ဒီမှာဆိုရင် မိမိနေအိမ်အတွင်းမှာသာ အမျိုးသား အမျိုးသမီးတွေ အတူတကွ ရှိနေနိုင်တာဖြစ်ပါတယ်။ ဒါက အရင်တုန်းက အခြေအနေပါ။ အခုအခါမှာတော့ ရုပ်ရှင်ရုံ၊ ဂီတဖျော်ဖြေပွဲ၊ နပန်းပွဲတွေမှာတောင် အမျိုးသား အမျိုးသမီးတွေအတူ တွေ့နိုင်ပါပြီ။

### လူငယ်အင်အားများပြား

လူငယ်စီးပွားရေးလုပ်ငန်းရှင်တွေကလည်း အလုပ်ကိစ္စဆောင်ရွက်တဲ့အခါ အမျိုးသား အမျိုးသမီးတွေ အတူတွေ့ဆုံနိုင်တဲ့နေရာတွေ ဖန်တီးလာကြပါတယ်။ ဥပမာအားဖြင့် အနုပညာရှင်တွေ၊ ရုပ်ရှင်ထုတ်လုပ်သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ တစ်နေရာတည်းမှာ တွေ့ဆုံဖို့ ဖန်တီးလာကြပါတယ်။ ကော်ဖီဆိုင်တွေမှာ အများဆုံးထိုင်ကြတာကတော့ လူငယ်တွေပါပဲ။ တိုင်းပြည်ရဲ့ လူဦးရေသုံးပုံနှစ်ပုံဟာ လူငယ်တွေပဲဆိုတာကို ထင်ဟပ်နေပါတယ်။ ရုပ်ရှင်ရုံတွေ၊ ဂီတဖျော်ဖြေပွဲတွေမှာ အရင်ကလို မတင်းကျပ်တော့ပေမယ့် အရက်ဘားတွေကိုတော့ ပိတ်ထားတုန်းပါပဲ။ ဒီလိုပြောင်းလဲမှုတွေကိုတော့ မြို့တော် ရီယာ့ဒ်မှာ စတင်ပြုလုပ်နေပြီဖြစ်ပေမယ့် အန္တရာယ်များနေတုန်းပါပဲ။

### ပြောင်းလဲမှုတွေစတင်

ဒါပေမယ့် ပြောင်းလဲမှုလမ်းကြောင်းပေါ်ကို တော့ရောက်ရှိနေပါပြီ။ ဆရာတစ်ဦးဖြစ်တဲ့အသက် ၂၆ နှစ်အရွယ် ဇီယာ့ဒ်အဗ္ဗဒူအီရာမန်ကတော့ အင်တာနက်ပေါ်ကနေတစ်ဆင့် အမျိုးသမီးတစ်ဦးနဲ့ သူငယ်ချင်းဖြစ်ခွင့်ရပြီး စားသောက်ဆိုင်မှာ တွေ့ဆုံခဲ့ပါတယ်။ ဒါဟာ သူ့အတွက်တော့ ပထမဆုံးအကြိမ် အမျိုးသမီးတစ်ဦးနဲ့အတူ လူမြင်ကွင်းမှာ တွေ့ဆုံခဲ့တာပါပဲ။ အရာအားလုံးအဆင်ပြေပါတယ်လို့ ဇီယာ့ဒ်က ပြောပါတယ်။ ဒီလိုတွေ့ဆုံခွင့်ရတာ နောက်ကျနေပြီဖြစ်ပေမယ့် လူတွေကတော့ စတင်ပြောင်းလဲစပြုလာပြီလို့ သူက ဆက်ပြောပါတယ်။ ကော်ဖီဆိုင်တွေ၊ စားသောက်ဆိုင်တွေမှာ ဖြေလျှော့မှုတွေရှိလာပေမယ့် အချို့သောကော်ဖီဆိုင်တွေမှာတော့ အမျိုးသား အမျိုးသမီး ဝင်ပေါက်ကို ခွဲခြားထားတုန်းပါပဲ။ အခုအချိန်ထိတိုင်အောင် ရီယာ့ဒ်မြို့ဟာ ဆိပ်ကမ်းမြို့ဖြစ်တဲ့ ဂျက်ဒါမြို့ထက်ပိုပြီး စည်းကမ်းတင်းကျပ်နေတုန်းပါပဲ။

### အမျိုးသမီးတွေရဲ့လုပ်အားကိုသက်သေပြချင်

ကန်နာကာလို့ အမည်ရတဲ့ ကော်ဖီဆိုင်ကတော့ လွန်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်းမှာ အမျိုးသမီးတွေအတွက် သီးသန့်ကော်ဖီဆိုင်အဖြစ် ဖွင့်ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ကစပြီး အမျိုးသား အမျိုးသမီးခွဲခြားမနေဘဲ အားလုံးအတွက် ဖွင့်ပေးခဲ့ပါတယ်။ အဲဒီအတွက်လည်း အငြင်းပွားမှုတွေ ရှိနေတုန်းပါပဲ။ အမျိုးသမီး သီးသန့်ဆိုင်မဟုတ်တော့တဲ့အတွက် ဆိုင်အတွင်းကို အမျိုးသား အမျိုးသမီး အတူရောနှောဝင်နိုင်ပြီး ကော်ဖီမှာဖို့ တန်းစီရာမှာလည်း အတူရောပြီး တန်းစီနိုင်ပါတယ်။ ကော်ဖီဆိုင်ပိုင်ရှင်ဖြစ်တဲ့ ခါဝတ်တာအလက်စ်မေးကတော့ အလုပ်တွေမှာ အမျိုးသား အမျိုးသမီးတွေအတူတွဲပြီး လုပ်လာတာကို သတိထားမိပါတယ်။ အမျိုးသားအလုပ်၊ အမျိုးသမီးအလုပ်ဆိုပြီး ခွဲခြားတာမျိုးမရှိတော့ဘူးဆိုရင် သူလည်း စမ်းကြည့်ချင်တယ်လို့ ပြောပါတယ်။ “ကျွန်မရဲ့ဆိုင်က ဝန်ထမ်းတွေအားလုံးကို အမျိုးသမီးတွေပဲ ခန့်ပြီး အမျိုးသားဝန်ထမ်းတွေနဲ့အတူ အလုပ်အားလုံး လုပ်နိုင်တယ်ဆိုတာကို ပြသချင်ပါတယ်”လို့ သူက ဆက်ပြောပါတယ်။

### ရှုတ်ချသူတွေလည်းရှိ

ခါဝတ်တာ အလက်စ်မေးကတော့ အသက် ၁၉ နှစ်အရွယ်မှာ ဆိုင်စဖွင့်ခဲ့တာဖြစ်ပြီး အခုဆိုရင်အသက် ၂၃ နှစ်ရှိပါပြီ။ အခုဆိုရင် အမျိုးသားရော အမျိုးသမီးပါ အလုပ်အတူလုပ်နိုင်တယ်ဆိုတာကို ကျွန်မတို့သက်သေပြနေပါပြီလို့ သူကဆက်ပြောပါတယ်။ ဒီလိုမျိုးပြောင်းလဲမှုရှိလာပေမယ့် အရင်ပုံစံကိုပဲ ကြိုက်နှစ်သက်တဲ့အမျိုးသမီးတွေအတွက်ကတော့ အဆင်မပြေပါဘူး။ တချို့လူတွေကတော့ ကော်ဖီဆိုင်တွေဟာ အမျိုးသားနဲ့ အမျိုးသမီး ချိန်းတွေ့ရာ နေရာတစ်ခုအဖြစ် ရှုတ်ချကြပါတယ်။ တခြားဘက်ကအမြင်နဲ့ ကြည့်မယ်ဆိုရင်လည်း အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့အတူ ရင်ပေါင်တန်းပြီး အလုပ်လုပ်လာနိုင်တယ်လို့ တွေ့မြင်ရမှာပါ။ ဒီပြောင်းလဲမှုဟာ လေးလတာကာလအတွင်းမှာ လျင်လျင်မြန်မြန်ပဲ ပျံ့နှံ့လာတာကို တွေ့ရမှာပါ။

### စိတ်ကူးပင် မယဉ်ဖူး

အမျိုးသမီးအဖျော်ဆရာတွေဟာ အမျိုးသားတွေနဲ့အတူ အလုပ်လုပ်ခွင့်ကို စည်းမျဉ်းတွေအရ တားမြစ်ထားဆဲပဲလား ဆိုတာကိုတော့ ခါဝတ်တာအလက်စ်မေးလည်း သေချာမသိပါဘူး။ မြူနီစီပယ်ကျန်းမာရေး ထောက်လှမ်းရေးမှူးတစ်ယောက်ကတော့ ဖောက်သည်တစ်ယောက်ရဲ့ တိုင်ကြားမှုကြောင့် ကော်ဖီဆိုင်ကို လာစစ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဘာမှတော့ ထူးထူးခြားခြားဖြစ်မသွားပါဘူး။ အခုမျိုးဆက်မှာ ပါဝင်ရှင်သန်ခွင့်ရတဲ့အတွက် ဝမ်းသာမိတယ်လို့ သူကဆက်ပြောပါတယ်။ လွန်ခဲ့တဲ့ငါးနှစ်လောက်တုန်းကဆိုရင် ဒါမျိုးဖြစ်လာဖို့ဆိုတာ စိတ်ကူးတောင်မယဉ်ဖူးဘူးလို့ သူကပြောပါတယ်။

### လူငယ်တွေက အပြောင်းအလဲကိုလက်ခံ

အသက် ၁၉ နှစ်အရွယ် တာလာအယ်ဇစ်ကတော့ ကန်နာကာ ကော်ဖီဆိုင်မှာအဖျော်ဆရာအဖြစ် အလုပ်လုပ်ပါတယ်။ သူဟာ အရင်တုန်းကလည်း အမျိုးသမီးတွေပဲ အလုပ်လုပ်တဲ့ဆိုင်မှာ လုပ်ခဲ့ဖူးပါတယ်။ ဩဂုတ်လအတွင်းမှာ ဖောက်သည်တစ်ယောက်က အစိုးရကို တိုင်တန်းမှုပြုလုပ်ခဲ့တဲ့အတွက် အမျိုးသမီးတွေ အလုပ်ဖြုတ်ခံရပါတယ်။ တူညီတဲ့အခွင့်အရေးဆိုတာဘယ်မှာလဲ၊ ကျွန်မဘာမှ အမှားမလုပ်ဘဲနဲ့ အလုပ်ဖြုတ်ခံရတယ်လို့ သူ့ရဲ့အဖြစ်အပျက်ကိုပြောပြခဲ့ပါတယ်။ အခုဆိုရင်တော့သူဟာ မိသားစုရဲ့ ထောက်ခံပေးမှုနဲ့အတူ အမျိုးသားတွေနဲ့ အတူတူ အလုပ်လုပ်ကိုင်ခွင့်ရသွားပါပြီ။ လူငယ်မျိုးဆက်တွေဟာ အပြောင်းအလဲကို လက်ခံပေးတယ်လေလို့ သူ့ရဲ့ ခံစားချက်ကို ပြောပြပါတယ်။ အခုဆိုရင် ဆော်ဒီအာရေဗျရဲ့ လူမှုအသိုင်းအဝိုင်းမှာ ပြောင်းလဲမှုတွေ အစပြုနေပါပြီ။ ဒီနေရာမှာတော့ ကော်ဖီဆိုင်တွေရဲ့ပြောင်းလဲမှုက ရှေ့တန်းနေရာကနေ ရပ်တည်နေပါတယ်။ ။

ကိုးကား -နယူးယောက်တိုင်းမ်



နောင်ငင်းရွာအဝင်က သက်တမ်းရင့် ညောင်ပင်ကြီး



နောင်ငင်းရွာအတွင်းရှိ ရှမ်းရိုးရာအိမ်များ

# ရိုးရာအိမ်လေးများနဲ့ နောင်ငင်းရွာ

## Road to Naung Ngin Village

Thiha, the Traveller @ သီဟလုလင်

ကျွန်တော်တို့ ဓာတ်ပုံရိုက်မဝသေးလို့ မတိုးတက်ပါနဲ့ဦးလို့ မတားရက်တဲ့ နောင်ငင်းရွာလေးဆီကို ရိုးရာအိမ်လေးတွေ မပျောက်ခင် အမြန်သွားဖြစ်ခဲ့ပါတယ်။ ပုံစံတူ ရိုးရာအိမ်လေးတွေက တရုတ်နိုင်ငံက ထိန်ချုံးတို့လိုမျိုး တစ်ရွာလုံး အတူတူရှိနေကြတာမျိုးမို့ နိုင်ငံခြားသားတွေကိုတောင် သေချာမပြလိုက်ရဘဲ တိုးတက်သွားမလားလို့ စိတ်ထဲအားမရ ဖြစ်မိတာတော့ အမှန်ပါပဲ။

ကျွန်တော် ပြီးခဲ့တဲ့ဇွန်လတုန်းက နောင်ငင်းရွာရှိရာ ရှမ်းပြည်နယ် အရှေ့ပိုင်းကို ရောက်ဖြစ်ခဲ့တယ်။ ကျိုင်းတုံနဲ့ မဝေးတဲ့ ရွာလေးပေါ့။ ပထမတုန်းကတော့ သိပ်စိတ်ဝင်စားစရာဖြစ်မယ် မထင်မိပေမယ့် စာရေးလည်းကောင်း၊ အပြောလည်းကောင်းသူ ကျိုင်းတုံခေမရဋ္ဌဟိုတယ်က ကိုရဲမြင့်အောင်ရဲ့ အညွှန်းကြောင့် မဖြစ်မနေ သွားကြည့်ဦးမယ်ဆိုပြီးတွေးလို့ လာရောက်ဖြစ်တာပါ။ တကယ်တမ်းရောက်တော့ နောင်ငင်းဟာ ပြည်တွင်း ပြည်ပ ခရီးသွားတွေအတွက် လေ့လာစရာရိုးရာတွေ ကျန်နေသေးတဲ့ အရပ်ဖြစ်သလို ဓာတ်ပုံရိုက်ဖို့ Instagramable ဖြစ်တဲ့ နေရာတစ်ခုဆိုတာ သိလိုက်ရတယ်။

### နောင်ငင်းရွာလေးသည်

တစ်ရွာလုံးမှာ မြောက်ပိုင်းရှမ်းတွေရဲ့ တရုတ်ဟန်နွယ်တဲ့ ရိုးရာအိမ်ဆောက်ပုံမျိုးနဲ့ ဆောက်ထားတဲ့ အိမ်ဆင်တူလေးတွေကို ဆန်းဆန်းပြားပြား မြင်တွေ့ခံစားရတဲ့ ရွာလေးပါ။ မြေကြီးနဲ့ပဲ အုတ်လုပ်၊ မြေကြီးနဲ့ပဲ ပလာစတာလုပ် အိမ်ဆောက်နေကြတဲ့ ပညာရှင်တွေ စိတ်ဝင်စားကြတဲ့ မြေကြီးအိမ်တွေရှိတဲ့ရွာပါ။ ရွာလေးက ဆိတ်ငြိမ်တယ်။ ကျွန်တော်ရောက်သွားတဲ့နေ့မှာ ထူးထူးခြားခြား လူရှင်းလင်းပြီး Ghost Town လား ထင်ရလောက်အောင်ပဲ။ တစ်လမ်းလုံးမှာ ကိုယ်တစ်ယောက်တည်း ဓာတ်ပုံရိုက်ချင်သလို ရိုက်နေလို့ရတဲ့ အနေအထားမျိုး။ ကျိုင်းတုံကနေ ဆိုင်ကယ်နဲ့ မိနစ် ၃၀ လောက်သွားရတဲ့ အကွာအဝေးလေးမှာ တည်ရှိပါတယ်။ သိပ်ချစ်စရာကောင်းတဲ့ ရွာလေးပါပဲ။


### ကျွန်တော့်ရဲ့ နောင်ငင်းရွာ ခရီးစဉ်

ကျွန်တော်က ခပ်သွက်သွက်ပဲ လည်ပတ်ဖြစ်ခဲ့တာ။ ဒီရွာကိုလည်ဖို့ နေ့တစ်ပိုင်းဆို လုံလောက်ပြီ။ ဆိုင်ကယ်လေးနဲ့ ကိုယ့်ဟာကိုယ် မောင်းလာရင်တောင်ရတယ်။ ဒီရွာကို အဝင်က ညောင်ပင်ကြီးက တကယ့်သက်တမ်းရင့် ညောင်ပင်ကြီး။ အခက်အလက်တွေကလည်း အလွန်လှတာ။ တစ်ခါတလေ ကျွဲကျောင်းသားတွေ ကျွဲကျောင်းလာတာမျိုးတွေ့ရင် ရွှေပဲ။ တကယ်ဓာတ်ပုံရိုက်လို့ လှတာမျိုးပေါ့။

ရွာထိပ်က ဘုန်းကြီးကျောင်းမှာ ရှေးကျောက်စာတစ်ချပ်ရှိတယ်။ ကျွန်တော် ရောက်တဲ့အချိန်မှာ သိမ်းထားလို့ မလေ့လာလိုက်ရဘူး။ ကြုံရင်လေ့လာခဲ့ပါဦး။

ရွာအတွင်းကို လမ်းသွယ်လေးများစွာနဲ့ ကြိုက်ရာ ရွေးဝင်လို့ရတယ်။ လမ်းသွယ်တိုင်းက ပုံစံအတူတူလိုပဲ။ အိမ်ဆောက်ပုံ၊ ခြံခတ်ပုံတွေက ဆင်နေတော့ အားလုံး ခပ်ဆင်ဆင်လေး ဖြစ်နေကြတာပေါ့။ တစ်ခုပဲ စိတ်ထဲမကျေနပ်တာက အခုခေတ်ပေါ် အသုံးအဆောင်တွေ တိုးလာပြီ။ စတီးရေတိုင်ကီကြီးတွေ၊ ထပ်တိုးဆောက်တဲ့ အိမ်တွေက ဘိလပ်မြေတွေနဲ့ ဖြစ်ကုန်ပြီ။ အရောင်တွေလည်း သုံးလာကြပြီ။ စလောင်းတွေလည်း တပ်လာကြပြီ။ အိမ်အဟောင်းတွေလည်း ဖျက်နေကြပြီဆိုတော့ ဒီလိုရိုးရာဆင်တူ အိမ်လေးတွေ အများကြီးရှိတယ်ဆိုတာမျိုး နောက်ပိုင်းမှာ တွေ့ရဖို့ မလွယ်တော့ဘူး။

တကယ်တော့ ခရီးသွားလုပ်ငန်းသာ ဖွံ့ဖြိုးရင်တော့ ဒီလိုရွာလေးကို နိုင်ငံခြားသားတွေကိုပြဖို့ သီးသန့်လေး ထားသင့်ပါတယ်။ ဒီကနေ ဝင်ငွေရနိုင်တာပဲလေ။ ခက်တာက ဒီမှာ ဘယ်သူလုပ်မလဲ၊ ဘယ်လိုလုပ်မလဲဆိုတာမျိုး စနစ်တကျ စဉ်းစားစီစဉ်မယ့်သူလည်း မရှိပြန်တော့ ခက်တော့ခက်တယ်။ ခုတောင် ရွာထဲမှာ လူခြေတိတ်ပြီး အဘိုးအဘွားနဲ့ ကလေးတွေပဲ ရှိနေကြတာ။ လူငယ်တွေက ဟိုဘက်ကူးပြီး အလုပ်လုပ်နေကြသူ၊ မြို့တက် အလုပ်လုပ်နေကြသူတွေနဲ့လေ။




ခေါင်အမြင့်ပုံစံဖြင့် ဆောက်လုပ်ထားသော ရှမ်းရိုးရာအိမ်အတွင်းပိုင်း

### ထူးခြားတဲ့ ရိုးရာအိမ်ဆောက်နည်း

ကံကောင်းချင်တော့ အိမ်တစ်အိမ်ကို တက်ပြီး လေ့လာခွင့်ရလိုက်တယ်။ ရှမ်းရိုးရာအိမ်တွေက အလယ်ခေါင်မြင့်မြင့်နဲ့ ဆောက်ပြီး ခေါင်မိုးက ဘေးကိုလုံးလုံးလေး ကျသွားတာ။ အောက်က အုတ်ခံအကာကလည်း လုံးလုံးလေး ပြန်တက်တယ်။ ချစ်စရာလေး။ အားလုံးကို အုတ်နီတွေနဲ့မို့ အိမ်ဆင်တူလေးတွေ အများကြီးမြင်ရတဲ့အခါ အမြင်မှာ လှနေရော။ ဟိုးတုန်းကတည်းကသုံးတဲ့ သစ်သားမိန်းတုံးချတံခါးတွေလည်း တွေ့ရတယ်။ အိမ်အတွင်းက သစ်သားချောင်းတွေ အတုံးတွေ ဆက်ရာမှာ သံမသုံးဘဲ သစ်သားကိုပဲ စို့ရိုက်တဲ့ပုံစံနဲ့ ဆောက်ထားတာမို့ ထူးခြားတဲ့ပညာတွေလို့ ခံစားမိသွားတယ်။ အခန်းဖွဲ့စည်းပုံလေးတွေလည်း ထူးခြားတယ်။ ပုံလေးတွေ သေချာရိုက်လာတော့ ပုံလေးနဲ့ ယှဉ်ကြည့်ရင် ခံစားမိလိမ့်မယ်။ စတိုခန်း၊ အိပ်ခန်း၊ မီးဖိုချောင် အားလုံးက သေသေသပ်သပ်ရယ်။

နိုင်ငံခြားသားတွေလည်း ဒီရွာကို လာကြပါတယ်။ ဒီမှာရိုးရာလုပ်ငန်းတွေ၊ အမှတ်တရပစ္စည်းတွေ ရောင်းချနေသူတွေလည်း ရှိပါတယ်။ သို့သော်လည်းပေါ့။ နောင်ငင်းရွာကို အလည်ရောက်ခဲ့သူ တစ်ယောက်အတွက် စတင်ပြောင်းလဲတိုးတက်နေတဲ့ အခြေအနေကို ပြောစရာစကားမရှိပေမယ့် နမြောသလိုတော့ ဖြစ်ပါတယ်။ ဆိုတော့လည်း ကိုယ့်မှာပြောစရာက အရာရာမပြောင်းလဲသွားခင် အမြန်သွားကြည့်နိုင်တာ အကောင်းဆုံးပါဆိုတဲ့ စကားကလွဲလို့ မရှိဘူးပေါ့ဗျာ။ ရှမ်းပြည်နယ်အရှေ့ပိုင်း အလည်ရောက်ခဲ့ရင် နောင်ငင်းရွာလေးကို မဖြစ်မနေ သွားလေ့လာခဲ့ပါလို့ သေသေချာချာ မှာချင်ပါတယ်ဗျာ။

အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံ ကျန်းမာပြည့်စုံ ပျော်ရွှင်စွာ ခရီးသွားနိုင်ကြပါစေ။ ။



သစ်သားမိန်းတုံးချတံခါး

# ပြည်ထောင်စုနေ့အကြို ညတွင် ယုဇနဥယျာဉ်မြို့တော်၌ စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် ၉၄ ရပ်ကွက် (ယုဇနဥယျာဉ်မြို့တော်)၌ ယုဇနနေ စာပေချစ်သူများ၊ ပုညသီ အကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်း၍ စာပေဟောပြောပွဲ ဖြစ်မြောက်ရေး ကော်မတီမှ ဦးဆောင်ကာ စာပေဟောပြောပွဲကို ပြည်ထောင်စုနေ့ အကြိုည ၈ နာရီတွင် မြသီတာပန်းဥယျာဉ်ရှေ့ မြသီတာလမ်းမကြီးတွင် ပြုလုပ်မည်ဖြစ်သည်။

ကြွရောက်ဟောပြောမည့် စာရေးဆရာများမှာ ဆရာချစ်ဦးညိုနှင့် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)တို့ဖြစ်ပြီး ဟောပြောပွဲ ဖြစ်မြောက်ရေးအတွက် ရွှေဖြိုးမင်္ဂလာခန်းမ မိသားစုက ပံ့ပိုးမည်ဖြစ်သည်။

ယမန်နှစ်ကလည်း ဤနေရာ၌ပင် ကျင်းပခဲ့ရာ ယခု နှစ်သည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ညောင်ဦးမြို့၌ မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး

**ညောင်ဦး ဇန်နဝါရီ ၂၂** – မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာ လူထုအစည်းအဝေးခန်းမ၌ ယမန်နေ့က မှုခင်းကျဆင်းရေးဟောပြောရာ ဟောပြောပွဲ၌ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်ရန်နည်းလမ်းများ၊ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် သတိပြုလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ယာဉ်တိုက်မှု ဖြစ်ပွားပါက အရေးယူအပြစ်ပေးခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားအောင် အုပ်ထိန်းသူမိဘများ သိရှိလိုက်နာရမည့်အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရန်အချက်များနှင့် မူးယစ်ဆေးဝါးသုံးစွဲ ခြင်း၏ဆိုးကျိုးများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ မိမိတို့ကျေးရွာ ရပ်ကွက်များအတွင်း မှုခင်းဖြစ်ပွားပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့ရမည့် နည်းလမ်းများကို အသိပညာပေး ဆွေးနွေးခဲ့သည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

" ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်အစီအစဉ်တွင်
ရိုတာဗိုင်းရပ်(စ်) ကာကွယ်ဆေး(ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး) နှင့်
ဆုံဆို့ – မေးခိုင်ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး (စတုတ္ထအကြိမ်)ကို
စတင်ထည့်သွင်းတိုက်ကျွေးထိုးနှံပေးမည် "

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ရိုတာဗိုင်းရပ်(စ်)ကာကွယ်ဆေး (ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး)နှင့် ဆုံဆို့-မေးခိုင်ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး (စတုတ္ထအကြိမ်)ကို (၂၀၂၀) ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစတင်၍ ထည့်သွင်းတိုက်ကျွေး ထိုးနှံပေးမည် ဖြစ်ပါသည်။

ရိုတာဗိုင်းရပ်(စ်)ကာကွယ်ဆေးကို (၂၀၁၉) ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့နှင့်နောက်ပိုင်း မွေးဖွားသောကလေးများကို တိုက်ကျွေးသွားမည်ဖြစ်သည်။ ဆုံဆို့-မေးခိုင်ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး(စတုတ္ထအကြိမ်)ကို (၂၀၁၈) ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့နှင့်နောက်ပိုင်း မွေးဖွား၍ ငါးမျိုးစပ်ကာကွယ်ဆေး (၃) ကြိမ် ရရှိထားပြီးသောကလေးများကို ထိုးနှံပေးသွားမည် ဖြစ်ပါသည်။

မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်အတိုင်း မပျက်မကွက်သွားရောက်ကာ ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးကြရန် တိုက်တွန်းအပ်ပါသည်။

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၂၅ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူကုန်ကူးမှု မဖြစ်ပွားစေရန် ဝိုင်းဝန်းတားဆီးကာကွယ်ရမည်ဖြစ်ကြောင်းကို သရုပ်ဖော်ထားသည့် ဆရာကျော်ထွဏ်း၏ " အလန်ကွာတာဖူးလ်နှင့် လူကုန်ကူး" မျက်နှာဖုံးဇာတ်လမ်း၊ ဝက်ဝံတို့၏ ဆောင်းခိုခြင်းအကြောင်းနှင့် နေထိုင်ကျက်စားမှုအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုနိုင်မည့် "ဝက်ဝံတို့၏ ဆောင်းခိုခြင်း" သုတဆောင်းပါး၊ ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်မှကုသခြင်းထက် ပို၍ထိရောက်ကြောင်း ပညာပေးရေးဖွဲ့ထားသည့် "ကြိုတင် ကာကွယ်ပါ" နှစ်မျက်နှာကာတွန်းနှင့် မိမိအိမ်ဝင်းအတွင်းတွင်




ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထားခြင်းဖြင့် လတ်ဆတ်သော အသီးအနှံများကို အလွယ်တကူ စားသုံးနိုင်ရုံသာမက အိမ်သုံးစရိတ်ပါ သက်သာရာရစေပုံအကြောင်းကို ရေးဖွဲ့ထားသည့် ကလေးဝတ္ထုတိုအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ရေးဖွဲ့ထားသည့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေးဟောပြောပွဲ ကျင်းပ

**သုံးခွ ဇန်နဝါရီ ၂၂**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လက်ပန်နန်းခလဲကျေးရွာတွင် ကျေးရွာအသီးသီးမှ ငါးမွေးတောင်သူများအား စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပသော ရေသတ္တဝါ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လက်ပန် SMU ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာယဉ်ယဉ်မိုးက ငါးမွေးမြူတောင်သူများအား ကောင်းမွန်သော ငါး/ပုစွန်မွေးမြူရေး ကျင့်စဉ်ပါ လိုက်နာသင့်သည့် ပညာရပ်များ၊ ရေအရည်အသွေးစစ်ဆေးထိန်းသိမ်းရေးပညာရပ်များနှင့် မွေးမြူရေးကန်တွင် ရှိသင့်သော စံနှုန်းအတိုင်းအတာများကို ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ငါးတောင်သူများမှ သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြသည်။

**စည်သူလင်း (ပြန်/ဆက်)**

## ၆၆ ကေဗွီ ဂန့်ဂေါ-ဟားခါးဓာတ်အားလိုင်း တိုင်အမှတ်-၁၃၉ Diversion လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဖလမ်းမြို့၌ သုံးရက်မီးပြတ်မည်

**ဖလမ်း ဇန်နဝါရီ ၂၂**
၆၆ ကေဗွီ ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်း တိုင်အမှတ်-၁၃၉ Diversion လုပ်ငန်းကို ဓာတ်အားပိတ်၍ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဟားခါး၊ ထန်တလန်နှင့် ဖလမ်းမြို့နယ်များ၌ လျှပ်စစ်မီးပြတ်တောက်မည်ဖြစ်ကြောင်း ဖလမ်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၂၃ ရက် နံနက် ၆ နာရီမှ ဇန်နဝါရီ ၂၅ ရက် ညနေ ၅ နာရီအထိ လျှပ်စစ်မီးပြတ်တောက်မည်ဖြစ်သည်။ ဓာတ်အားပြတ်တောက်မည့် အခြေအနေများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဝန်ထမ်းများက ဖလမ်းမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကာ အသံချဲ့စက်ဖြင့် ကြိုတင်အသိပေးထားကြောင်း သိရသည်။

**ဠွန်(ပြန်/ဆက်)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၄၀ | ကျပ် | ၉၄၅/၉၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၅၅ | ကျပ် | ၉၆၀/၉၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၆၀ | ကျပ် | ၈၈၅/၉၀၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၅၅ | ကျပ် | ၉၉၅/၁၀၁၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၉ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၇ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၈ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၁၇ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၅ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၂ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၁ . ၂၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၃၇၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၂၉၅ | ၁၄၃၉၂၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၄၉၉၆ | ၁၉၂၃၄၆၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၃၅၀၀ | ၇၅၈ | ၁၇၄၇၁၅၀၀ |
| TMH | ၂၉၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးမြန်မာတို့၏ စက်မီး၊ စက်ဒုံးများနှင့် စက်ကြိုးယန္တရားများ (အပိုင်း-၁)

## သိပ္ပံစာရေးဆရာကိုကိုအောင်

**ရှေးမြန်မာတို့သည် ယမ်းကို ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုတတ်ကြောင်း စက်မီး၊ စက်ဒုံးများက ထင်ရှားစွာ ဖော်ညွှန်းနေသည်။ မြန်မာစာပေနယ်တွင် တွေ့ရသော စက်မီး၊ စက်ဒုံးတို့သည် အင်္ဂလိပ်ဘာသာဖြင့် Fire Works ဟု ယေဘုယျရေးသားပြောဆိုသော မီးကျည်မီးပန်းများသာမက မျက်မှောက်ခေတ် ဒုံးပျံ ဟု ခေါ်တွင်သော Rocket ၏ အနက်အဓိပ္ပာယ်လည်း ပါဝင်နေသည်။ စက်မီး၊ စက်ဒုံးများကို မြင်တွေ့သွားသော နိုင်ငံခြားသားများက Fire Works ဟု ယေဘုယျ ရေးသားခဲ့ကြသကဲ့သို့ Rocket,Sky Rocket ဟုလည်း ရေးသားဖော်ပြခဲ့ကြသည်။**

ယုဒသန်၏ အဘိဓာန်တွင် စက်မီး၊ စက်ဒုံးနှင့် သဘောတရားတူသော အနက်တူဖွင့်သော ဝေါဟာရအချို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

- စက်ကျည် – a hollow tube filled with gun powder
- စက်မီး – a wheel rocket
- တုံး/ဒုံး – a tube filled with gun powder,and made to run on wheels when fired.
- မီးကျည် – rocket
- မီးပိတုန်း – kind of rocket
- မီးပုစဉ်း – kind of rocket
- မီးပန်း – fire words
- မီးပျံ – rocket
- မီးလင်းမြွေ – kind of rocket which hisses in falling

အထက်ဖော်ပြပါ ဝေါဟာရတို့ကို လေ့လာကြည့်ပါက ကုန်းဘောင်ခေတ်၏ စက်မီး၊ စက်ဒုံးတို့သည် မီးကျည် မီးပန်းများနှင့် စက် (ဘီး၊ ရဟတ်) တပ်ထားသော ဒုံးပျံ အမျိုးမျိုးဖြစ်သည်ဟု ကောက်ယူနိုင်သည်။ မီးပိတုန်း၊ မီးပုစဉ်း၊ မီးလင်းမြွေတို့သည် ဒုံးပျံတစ်မျိုးဖြစ်သည်ဟု ဆိုသည်။ မီးလင်းမြွေသည် ကောင်းကင်သို့ ထိုးတက်သွားပြီး နောက်ပြန်အကျတွင် မြွေကဲ့သို့ ရှည်လျားတွန့်လိမ်ကာ မြွေတွန်သံကဲ့သို့ တရှီးရှီးမြည်သော ဒုံးပျံဖြစ်သည်။ မီးပိတုန်းနှင့် မီးပုစဉ်းတို့သည်လည်း ပိတုန်းသံနှင့် ပုစဉ်းသံများထွက်သောကြောင့် ခေါ်ဝေါ်သော အသံစွဲအမည်များ ဖြစ်လိမ့်မည်ဟု ယူဆရသည်။ ရတနာပုံခေတ် သီပေါမင်းလက်ထက် ဝါကျွတ်သဘင် ဆင်ယင်ကျင်းပတိုင်း မဟာလောက မာရဇိန်ဘုရား၊ မာရ်အောင်ရတနာဘုရား၊ ရွှေနန်းတော်ဦး စွယ်တော်စင်ဘုရားတို့တွင် ရှို့လွှတ်မြဲ ရောင်စုံမီး၊ ဥပါမီးနှင့် မီးလင်းမြွေ စသောမီးပျံအမျိုးမျိုး၊ မီးပဒေသာ၊ မီးတံခွန်၊ မီးပန်း၊ မီးရဟတ်၊ ဆင်သံမြင်းသံမြည်သော ရှို့မီးအမျိုးမျိုးတို့ကို ရှို့လွှတ်ပူဇော်ကြသည်။ ထိုမီးမျိုးစုံကိုလုပ်ဆောင်ရန် မီးပန်းအရာရှိများက တာဝန်ယူကြရသည်။

### ကျမ်းစာပါ မီးပန်း၊ ပြောက်အိုးလုပ်နည်းများ

စက်မီး၊ စက်ဒုံးအမျိုးမျိုးလုပ်ငန်းကို ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းတွင် တွေ့ရှိရပြီး ထိုကျမ်းတွင် မီးပန်း၊ ပြောက်အိုးလုပ်နည်းများ ပါရှိသည်။ အဓိကအားဖြင့် ယမ်းချိန်၊ ကန့်ချိန်၊ မီးသွေးချိန်အမျိုးမျိုးအလိုက် မီးပန်းအမျိုးမျိုး ထုတ်လုပ်သောနည်းပေါင်း ၇၀ ကျော်နှင့် ဗျောက်အိုး၊ ဒုံးကျည် အမျိုးမျိုးလုပ်နည်း ၁၄ မျိုးခန့်ကို ဖော်ပြထားသည်။ ဖော်ပြထားသောနည်းများသည် မင်းရင်ဘုန်းတော်ကြီး၊ အင်တွဲရွာနေခင်ကြီးဇိန်၊ တောင်ဘက်မင်းရွာနေ နိဗ္ဗာန်ဘုန်းတော်ကြီးနှင့် အမြင့်မြို့နေ လက်သမား မောင်စံတို့၏နည်းများဟု ဆိုသည်။

ထိုနည်းများထဲမှ တချို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်။ ယမ်း ၂၀ ကျပ်၊ ကန့် ၂ ကျပ် ၂ မတ်၊ မီးသွေး ၅ ကျပ်၊ သံ ၂၀ ကျပ် – ကျားမြည် မြောက်မြည် မီးပန်းကြီး ဖြစ်၏။ ယမ်း ၂၀ ကျပ်၊ ကန့် ၁၀ ကျပ်၊ မီးသွေး ၄ ကျပ်၊ သံ ၂၀ ကျပ် – မီးပန်းကြီး မိုးပေါက်ဖြစ်၏။ ယမ်း ၈ ကျပ်၊ ကန့် ၁ ကျပ်၊ မီးသွေး ၈ ကျပ်၊ ခဲမ ၃ မတ်၊ သံ ၅၊ မဲနယ် ၁ မှုံသည် မီးပန်းကြီး အစိမ်းဖြစ်၏။ ယမ်း ၈ ကျပ်၊ ကန့် ၇ မတ်၊ မီးသွေး ၆ မတ်၊ သံ ၃ ကျပ် ၅ မှုံသည် မီးပန်းကြီး အနီဖြစ်၏။ ယမ်း ၄ ကျပ်၊ ကန့် ၆ ကျပ် ၂ မတ်၊ မီးသွေး ၇ မတ်သည် မီးလင်းမြွေပွင့်များဖြစ်၏။ ယမ်း ၄ ကျပ်၊ ကန့် ၁၅ ကျပ်၊ မီးသွေး ၄၀ ကျပ်သည် မီးလင်းမြွေ ဖြစ်၏။ ယမ်း ၅ ကျပ်၊ ကန့် ၅ မတ်၊ တံစဉ်းစားသံမှုန့် ၂ မတ်၊ ထမင်းခြောက်မီးသွေး ၁ ကျပ် သည် ဥပါဖော်နည်းဖြစ်၏။

မီးပိတုန်းဖောက်ရန် လေးချိုးတစ်ချိုး ထိပ်ရောက်၊ နံဘေးစူသည် လေးချိုးတစ်ချိုးပင်၊ ယမ်းနေ လေးချိုးတွင်ဖောက်၊ မီးဖြူဖော်ရန် ယမ်း ၂ ကျပ်၊ ကန့် ၂ ကျပ်၊ ဆေးဒန်းကိုအနည်းငယ် ပြွတ်သိပ်ခွေ၍ထည့်။ များလျှင်များ၏ သို့ မီးသွေးကို ဆေးဒန်းကဲ့သို့ ထည့်လိုလျှင်လည်းထည့်။ မထည့်သော်လည်း ကောင်း၏။ မီးပိတုန်းဝဲ ဖောက်နည်းမှာ မီးဖြူဆေးကိုပင် ၂ ရက် မာစေ။ ဖောက်နည်းကား ၆ ချိုးချိုး။ တစ်ချိုးစီချည်။ ခေါင်း ၁ ခု၊ ခြေ ၂ ခု၊ အတောင် ၂ ခု၊ ခြေမှလှမ်းဟန်၊ အတောင်ကဲ့သို့ ဖောက်ရမည်...ဟူ၍ ဖြစ်သည်။

ထို့ကြောင့်ပင် မြန်မာ့စက်မီး၊ စက်ဒုံးများမှာ ဒဏ္ဍာရီမဟုတ်ကြောင်း သိသာလှသည်။ ရှေးအခါက အနောက်နိုင်ငံများတွင်လည်း စက်မီး၊ စက်ဒုံးများကို စစ်ပွဲများ၌ အသုံးပြုခဲ့ကြသည်။ ရှေးမြန်မာတို့က ယမ်းကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချတတ်ကြောင်း၊ စက်မီး၊ စက်ဒုံး၊ မီးကျည်၊ စက်ကျည်၊ ဒုံးပျံကြီးများ၊ မီးပျံမီးပန်းများပြုလုပ်သော အတတ်ပညာ (Pyrotec-hnices) ၌ လွန်စွာစိတ်ပါဝင်စား ကျွမ်းကျင်ကြကြောင်းကို ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့သော နိုင်ငံခြားသားတို့က မှတ်ချက်ချခဲ့သည်။

### ရှေးမြန်မာတို့၏ သိပ္ပံအခြေခံပညာ

ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတွင် စက်မီး၊ စက်ဒုံးများကို ပျော်ပွဲရွှင်ပွဲတစ်ခုအနေဖြင့် ယှဉ်ပြိုင်ပစ်လွှတ်ကြသော်လည်း ထိုစဉ်က စက်မီး၊ စက်ဒုံးတို့၏ အရွယ်ပမာဏကိုထောက်ရှုလျှင် ပေါ့ပေါ့တန်တန် မဟုတ်ကြောင်း သိသာလှသည်။ ထိုဒုံးပျံများကို အောင်မြင်စွာ ပစ်လွှတ်နိုင်သည့် သိပ္ပံပညာအခြေခံရှိကြောင်းလည်း ပေါ်လွင်လှသည်။ အမြောက်၊ စိန်ပြောင်း စသောလက်နက်ကြီးများ ထုတ်လုပ်နိုင်ရန် အခြေခံဟုလည်းကောင်း၊ ယနေ့ခေတ် ဒုံးပျံတို့၏ အခြေခံဟုလည်းကောင်း ဆိုနိုင်သည်။ အကြောင်းမှာ သူ့ခေတ်သူ့အခါက စွမ်းအားမြင့်ဒုံးကျည်ဒုံးပျံများ ဖြစ်ခဲ့ကြသောကြောင့်ပင်ဖြစ်သည်။ အခါအခွင့် မသင့်သောကြောင့်သာလျှင် မြန်မာတို့၏ စက်မီး၊ စက်ဒုံးများက သစ်လုံးထွင်းဘဝမှ ရှေ့သို့ ဆက်မတက်ခဲ့ရဘဲ ဇာတ်သိမ်းခဲ့ရခြင်းဖြစ်၍ ဝမ်းနည်းဖွယ် ကောင်းလှသည်။

ရှေးမြန်မာစာပေများတွင် ခားစက်၊ လှံစက်၊ လက်နက်ထူးဖြစ်သော စက်လက်နက်ဟူသည့် အနက်အဓိပ္ပာယ်မသက်ရောက်သော စက်ယန္တရားများကိုလည်း တွေ့ရှိရသည်။ စက်သည်လှည်းဘီးကဲ့သို့ ဝန်းဝိုင်းသော အရာဖြစ်သည်။ ဥပမာအားဖြင့် နေစက်၊ လစက်တို့ဖြစ်ကြသည်။ အရှိန်အဟုန်ဖြင့် မရပ်မနားလည်ပတ်နေသော အရာလည်းဖြစ်သည်ဟု မြန်မာအဘိဓာန် အကျဉ်းချုပ်က ဖွင့်ဆိုသည်။ ထို့အတူ စက်ဘီးသည် ကြိုးသွားလမ်း ထွင်းထားသောဘီး၊ ယန္တရားသည် လည်ပတ်လှုပ်ရှားခြင်းဖြင့် တစ်စုံတစ်ရာသော စွမ်းအားကို ထုတ်လုပ်ပေးသည့် ကိရိယာ သို့မဟုတ် စက်ဟု ဖွင့်ဆိုသည်။ မြန်မာအခေါ်စက်နှင့် ပါဠိဘာသာ ယန္တရားတို့ကို အနက်တူတွဲ၍ စက်ယန္တရားဟု သုံးနှုန်းခြင်းဖြစ်ပြီး စက်နှင့် ယန္တရားမှာ အတူတူပင်ဖြစ်သည်။

ယုဒသန်၏ အဘိဓာန်တွင်လည်း ယန္တရားကို any engine or machinery ဟုလည်းကောင်း၊ ယန္တရားစက်ပညာရှင်ကို mechanical engineer ဟုလည်းကောင်း အနက်ဖွင့်ဆိုထားသည်။ ထို့ကြောင့်ပင် လူ အင်အားစိုက်ထုတ်လုပ်ကိုင်သည်ထက်သာလွန်၍ စွမ်းဆောင်နိုင်သော၊ လျင်မြန်စွာလည်ပတ်စေနိုင်သော၊ ချီနိုင် မနိုင်တွန်းနိုင်ဆွဲယူနိုင်သော၊ စဉ်ဆက်မပြတ် လှုပ်ရှားရွေ့လျားနိုင်သောကိရိယာသည် မြန်မာတို့အတွက် စက် သို့မဟုတ် စက်ယန္တရားပင်ဖြစ်ကြောင်း ထင်ရှားသည်။

ကြိုးသွားလမ်း ထွင်းထားသောဘီးသည် စက်သီးဖြစ်ပြီး ထိုဘီးတွင် တပ်ဆင်အသုံးပြုသောကြိုးက စက်ကြိုးဖြစ်သည်။ စက်သီးနှင့် ဝင်ရိုးသည် စင်စစ်အားဖြင့် မောင်းတံ သဘောကိုအခြေပြု၍ တည်ဆောက်ထားသော စက်ဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာတို့သည် ဘီးကိုသုံးတတ်သည့်အချိန်၊ စက်သီးကိုသုံးတတ်သည့် အချိန်ကပင် စက်၏သဘောတရားကိုသိပြီး စက်ကို အသုံးပြုတတ်ခဲ့သည်ဟု ဆိုနိုင်သည်။

လေးလံသောပစ္စည်းကြီးငယ်တို့ကို ဘီး၊ စက်သီးနှင့် စက်ကြိုး၊ မောင်းတံတို့ဖြင့် ဆွဲယူချီမ လုပ်ဆောင်သော အမှုကို စက်ကြိုးယန္တရားဆင်၍ လုပ်ဆောင်သည်ဟု ရှေးမြန်မာစာပေများ၌ ဖွဲ့ဆိုခဲ့သလို လက်တွေ့လုပ်ဆောင်ချက်များလည်း ရှိခဲ့သည်။

### စက်ယန္တရားများ လက်တွေ့အသုံးချခဲ့မှု

စစ်ကိုင်းမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၉၁-၉၂ ခုနှစ်တွင် မဟာသကျရံသီ ရုပ်ပွားတော်ထုလုပ်ရန် အလျား ၁၅ တောင်၊ အနံ ၉ တောင် ၂ မိုက်၊ ဒု ၆ တောင် ၂ မိုက် ရုပ်ပွားတော်ထုလုပ်လောက်သည့် ကျောက်တော်ကြီးကို စကျင်တောင်မှ ဖြတ်ထုတ်ခွဲယူစဉ်က စွတ်ဖား၊ ဒလိမ့်၊ ကုတ်သစ်၊ မောင်းသစ်၊ စက်တိုင်၊ စက်ကြိုးတို့ဖြင့် ချဆောင်သယ်ယူသည်ဟု မှတ်တမ်းရှိခဲ့သည်။ တစ်နည်းဆိုရသော် စက်ယန္တရားဆင်၍ သယ်ဆောင်ခြင်းပင်ဖြစ်သည်။ ထိုလုပ်ဆောင်မှုကို အသေးစိတ်အနေဖြင့် စွတ်ဖား၊ ဒလိမ့်၊ ကုတ်မောင်း၊ စက်တိုင်၊ စက်ကြိုးတို့ကို သုံးကြောင်း သဘာဝကျကျ လက်တွေ့ကျကျ မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်သည်။ ရူပဗေဒပညာအရ ဒလိမ့်၊ ကုတ်၊ မောင်း စသော လက်သုံးကိရိယာတန်ဆာပလာတို့သည် ရိုးရိုးစက်များ ဖြစ်ကြသောကြောင့် ရှေးမြန်မာ့စာပေများ၌ တွေ့ရသော စက်ယန္တရားများသည် ယုတ္တိမတန်ဘဲ ဒဏ္ဍာရီဆန်သော အသုံးအနှုန်းမဟုတ်ကြောင်းနှင့် သိပ္ပံပညာ အခြေခံရှိခဲ့ကြောင်း သိသာလှသည်။

ရွှေဘိုမင်း (၁၈၃၇-၄၆) သည်လည်း မြန်မာသက္ကရာဇ် ၁၂၀၅ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် တနင်္လာနေ့တွင် အမြောက်သံကြားအခါတော်နှင့် ကုသိုလ်တော်လောကမဏိစူဠာစေတီတော်ကို စက်ယန္တရား၊ ကြီးကျယ်စွာ ဆင်တော်မူ၍ ရွှေထီးအထွတ်တင်တော်မူသည်ဟု ရာဇဝင်ကျမ်းက မှတ်တမ်းတင်ထားခဲ့သည်။ မျက်မှောက်ခေတ်တွင်လည်း ဥာဏ်တော်မြင့်သော စေတီပုထိုးတော်များကို ထီးတော်တင်ရာ၌လည်းကောင်း၊ ရွှေသင်္ကန်းကပ်လှူရာ၌လည်းကောင်း စက်ကြိုးယန္တရားဆင်သော ပန်းရထားဖြင့် ပင့်ဆောင်တင်လှူကြသည်ကို တွေ့ရှိနိုင်သည်။

ရတနာပုံခေတ်စာပေများ၌ တွေ့ရှိရသော စက်သီး၊ စက်ကြိုးတို့သည် ရှေးကထက်ပို၍ ခေတ်မီတိုးတက်နေပြီဟု ဆိုနိုင်သည်။ ကြိုးသွားလမ်းထွင်းထားသော သစ်သားစက်သီးမှသည် လိုအပ်သောစွမ်းအားအလိုက် သံဖြင့်ပြုလုပ်အပ်သော သံစက်သီး ကြီးငယ်များအထိ အသုံးပြုတတ်နေကြပြီဖြစ်သည်။ ထို့အပြင် နိုင်ငံခြားမှ ဝယ်ယူသော ဝန်ချီစက်ကိုပင် အသုံးပြုနေပြီဖြစ်ရာ ရတနာပုံခေတ်စာပေများ၌ တွေ့ရသောစက်ယန္တရားတို့သည် ရှေးအစဉ်အဆက်က သမားရိုးကျ သိခဲ့သုံးခဲ့သော စက်ယန္တရားများ မဟုတ်ကြတော့ပေ။

သီပေါမင်းလက်ထက်က အမရပူရမြို့ရှိ မဟာသကျသီဟရုပ်ပွားတော်ကို ရတနာပုံနေပြည်တော်၏ ယခုလက်ရှိ ကိန်းဝပ်စံပယ်တော်မူရာနေရာသို့ ပင့်ဆောင်ရွှေ့ပြောင်းခဲ့သည်။ ထိုစဉ်က ရုပ်ပွားတော်ကိန်းဝပ်စံပယ်ရန် ဆောက်လုပ်ခဲ့သော ဂန္ဓကုဋီတိုက် အုတ်ခုံပလ္လင်တော်အောက်ခြေမှ ပလ္လင်ထိပ်သို့ ပင့်ဆောင်ရာ၌ ဥာဏ်တော် ၉ တောင် ၂ မိုက်ရှိသော ရုပ်ပွားတော်ကို ဖြည်းညှင်းသာယာစွာ ဘာလီကြိတ်စက်ဖြင့် ယူဆွဲသည်ဟု မှတ်တမ်းတွေ့ရှိရသည်။ ဘာလီကြိတ်စက်သည် ပါလီ-ပူလီကို ဆိုလိုခဲ့ဟန်တူသည်။ သို့မဟုတ်လျှင် ပကတိကြိတ်စက်၊ ဝန်ချီစက်ပင် ဖြစ်ပေလိမ့်မည်။ ရှေးကကဲ့သို့ စက်ယန္တရားဟု မဆိုတော့ဘဲ ပူလီစက်ဟု အတိအလင်းဖော်ထုတ်ရေးသားလာသည်ကို တွေ့ရှိရသည်။ ။

> **“မြန်မာ့စက်မီး၊ စက်ဒုံးများမှာ ဒဏ္ဍာရီမဟုတ်ကြောင်း သိသာလှသည်။ ရှေးအခါက အနောက်နိုင်ငံများတွင်လည်း စက်မီး၊ စက်ဒုံးများကို စစ်ပွဲများ၌ အသုံးပြုခဲ့ကြသည်။ ရှေးမြန်မာတို့က ယမ်းကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချတတ်ကြောင်း၊ စက်မီး၊ စက်ဒုံး၊ မီးကျည်၊ စက်ကျည်၊ ဒုံးပျံကြီးများ၊ မီးပျံမီးပန်းများပြုလုပ်သော အတတ်ပညာ (Pyrotechnices) ၌ လွန်စွာစိတ်ပါဝင်စား ကျွမ်းကျင်ကြကြောင်းကို ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့သော နိုင်ငံခြားသားတို့က မှတ်ချက်ချခဲ့သည်”**

# ကော့သောင်းလေဆိပ် တိုးချဲ့အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၂၂**

ကော့သောင်းလေဆိပ် တိုးချဲ့အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

တနင်္သာရီ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအပြင် လေကြောင်းလမ်းအသုံးပြုသည့် အပြည်ပြည်ဆိုင်ရာ ခရီးသွားဧည့်သည်များ၊ ပြည်တွင်း ခရီးသွား ဧည့်သည်များ တစ်စတစ်စ ပိုမိုလာရောက်ကြသဖြင့် ခရီးသွားများ လွယ်ကူ အဆင်ပြေစွာ လေဆိပ်အသုံးပြုနိုင်ရေး၊ ကော့သောင်းလေဆိပ်အား တိုးချဲ့အဆင့်မြှင့်တင်နိုင်ရေး၊ လေဆိပ်တိုးချဲ့မည့် ဧရိယာအတွင်း မလွတ်ကင်းသည့် ခြံမြေများနှင့် အခြားကိစ္စရပ်များအား တာဝန်ရှိအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လေဆိပ်တိုးချဲ့မှုအတွက် လိုအပ်သည့် မြေဧရိယာနှင့် စပ်လျဉ်းသည့် မြေပြင်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော့သောင်းလေဆိပ်တာဝန်ခံနှင့် လေဆိပ်အဆင့်မြှင့်တင်ရေး စီမံကိန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အကြံပြုတင်ပြချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

လက်ရှိတွင် ကော့သောင်းလေဆိပ် ဧရိယာ ၁၆၄ ဧက နှင့် လေယာဉ်ပြေးလမ်း အရှည်မှာ ပေ ၆၀၀၀ ရှိပြီး နိုင်ငံတကာလေကြောင်းလိုင်းမှ လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန် ထပ်မံ၍ လေဆိပ်ဧရိယာကေ ၃၉၀ ကျော် စုစုပေါင်း ဧက ၅၅၀ ကျော်အထိနှင့် လေယာဉ်ပြေး လမ်းအရှည်ပေ ၂၅၀၀ ကျော် စုစုပေါင်း ပေ ၈၅၀၀ ကျော် အထိ ထပ်မံတိုးချဲ့သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# အမ်းမြို့နယ်၌ မော်တော်ယာဉ်တစ်စီးအား AA အဖွဲ့က မီးရှို့ဖျက်ဆီး၊ ယာဉ်မောင်းတစ်ဦး မီးလောင်ဒဏ်ရာများရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း-စစ်တွေကားလမ်း၌ ဇန်နဝါရီ ၂၀ ရက်တွင် AA အဖွဲ့က မော်တော်ယာဉ်တစ်စီးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီခန့်က အမ်း-စစ်တွေကားလမ်း မိုင်တိုင်(၁၈/၄)တွင် မော်တော်ယာဉ်တစ်စီး မီးလောင်နေကြောင်း သတင်းအရ အမ်းမြို့မ ရဲစခန်းမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဟွန်ဒိုင်းမှန်လုံယာဉ်တစ်စီးအား နံနက် ၂ နာရီခွဲခန့်တွင် AA အဖွဲ့က မီးရှို့ခဲ့ကြောင်း သိရှိရသဖြင့် အမ်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း။

ဇန်နဝါရီ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် အမ်းမြို့နယ် တပ်နယ်ဆေးရုံ၌ ယာဉ်မောင်းဖြစ်သူ မော်ဘီမြို့နေ ဝေပိုင်မိုး(၂၃နှစ်)သည် ဝဲ/ယာခြေထောက်၊ ယာလက်ကောက်ဝတ် မီးလောင်ဒဏ်ရာများရရှိကာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသဖြင့် သွားရောက်မေးမြန်းခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးချက်အရ AA အဖွဲ့က မီးရှို့ခဲ့သည့် မော်တော်ယာဉ်မှာ ရန်ကုန်-စစ်တွေပြေးဆွဲသည့် ရွှေကံ့ကော်ခရီးသည်တင်ယာဉ်လိုင်းမှ ဟွန်ဒိုင်းမှန်လုံယာဉ်ဖြစ်ပြီး ဇန်နဝါရီ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အောင်မင်္ဂလာကားဝင်းမှ ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်ကာ ယာဉ်နောက်လိုက်တစ်ဦးနှင့်အတူ အမ်းမြို့တွင် ညအိပ်ခဲ့ကြောင်း၊ ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီခန့်တွင် ယာဉ်နောက်လိုက်အား အမ်းမြို့တွင်ထားရှိပြီး ၎င်းတစ်ဦးတည်း အဆိုပါယာဉ်ကို မောင်းနှင်လာခဲ့ရာ ည ၁၁ နာရီခန့်တွင် အမ်း-စစ်တွေကားလမ်း မိုင်တိုင် (၁၈/၄)ရှောက်ခြုံတောင်အနီးတွင် အင်ဂျင်ဝိုင်များ ယိုစိမ့်ပြီး မောင်းနှင်မရတော့၍ လမ်းဘေးတွင် ကားရပ်အိပ်ခဲ့ကြောင်း။

ဇန်နဝါရီ ၂၀ ရက်နံနက် ၂ နာရီတွင် AA အဖွဲ့ ရောက်ရှိလာပြီး ယာဉ်မောင်းအပါအဝင် ဟွန်ဒိုင်းမှန်လုံယာဉ်အား မီးရှို့ခဲ့ကြောင်း၊ ယာဉ်မောင်း ဝေပိုင်မိုးက ၁၅ မိနစ်ခန့် အကြာ ကားတံခါးအား တွန်းဖွင့်ပြီး ခုန်ချထွက်ပြေးခဲ့ရာ AA အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့သော်လည်း ထိမှန်ခြင်းမရှိကြောင်းနှင့် ယာဉ်ပေါ်ပါ ကုန်ပစ္စည်းမျိုးစုံ ငွေကျပ်သိန်း ၂၅၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်ဟု သိရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၁-၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၄၀ - "အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂျေယောဝူနှင့် တွေ့ဆုံမေးမြန်းခန်း"
၉:၃၀ - လှပစုံလင် အာဆီယံတစ်ခွင်
၉:၄၅ - ကျန်းမာရေးမဂ္ဂဇင်း "လေးဖက်နာရှိသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်"
၁၀:၃၅ - အလုပ်သမားရေးရာ အစီအစဉ်
၁၂:၃၅ - "အယ်လ့်ဘာ့တီးနား ဆိုလီယာနီနှင့် တွေ့ဆုံမေးမြန်းခန်း"
၁၃:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်မှုရှာပုံတော်" (အပိုင်း-၁၅)

**ညပိုင်း**

၁၆:၃၅ - Soccer View
၁၈:၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100)+ တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ် (Promo)
- တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ်များ "မြန်မာစာပေမှ မဟာဂီတဖော်ကျူးခြင်း ဟောပြောသရုပ်ပြပွဲ" (အပိုင်း- ၃)
- သမိုင်းကိုဖော်ပြသော ဝါကျများ "ဇာတ်သဘင်ပညာရှင်ကြီး ဦးပေါက်စနှင့် တွေ့ဆုံခြင်း"
- "မြူမှောင်ကင်းဖျော့ လင်းလျော့မည်"

## မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်သူများအား လူကုန်ကူးမှုနှစ်မှုအတွက် ထောင်ဒဏ်နှစ်ရှည်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ထောင်ဒဏ်နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် စစ်တွေမြို့နေ ဒေါ်ခင်ခင်စန်း(ခ) ဒေါ်ခင်သန်း၊ မယမုန်ဇင်(ခ)ယမုန်၊ ကျောက်ဖြူမြို့နေ မအေးအေးသန်း (၄၁ နှစ်)၊ မနုနုဌေး၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် လယ်မအင်းရွာနေ မအေးမြတ်မွန်(ခ)မြတ်မွန်၊ တရုတ်နိုင်ငံနေ မစိမ်း (ခ) အေးအေးခိုင်နှင့် မစိုးစိုး(ခ) ကွတ်ကွတ်တို့က ကျောက်ဖြူမြို့နယ် ကုန်းဘောင်ရွာနေ မ----(၁၉ နှစ်)နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ မ---- (၄၀ နှစ်)တို့အား တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၂၀ ရမည်၊ တစ်နှစ်ပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံးလျက် တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုအား မူဆယ်မြို့မရဲစခန်း (ပ) ၂၁၇/၂၀၁၉နှင့် (ပ) ၂၁၈/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ- ၂၈(က)/၃၂ တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ဇန်နဝါရီ ၁၆ ရက်တွင် တရားခံ မအေးအေးသန်း၊ မအေးမြတ်မွန်(ခ) မြတ်မွန်နှင့် မနုနုဌေးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ တစ်မှုအတွက် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီနှင့် ဒေါ်ခင်ခင်စန်း(ခ) ဒေါ်ခင်သန်း၊ မယမုန်ဇင်(ခ) ယမုန်တို့အား တစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီဖြင့် နှစ်မှုအတွက် အလုပ်နှင့် ထောင်ဒဏ် နှစ်၂၀စီ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံများအား တရားခံပြေးကြေညာခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **သတင်းစဉ်**

## ပျော်ဘွယ်မြို့ မန္တလေးတန်းရပ်ကွက်တွင် ဘုရားမီးပူဇော်ထားရာမှ မီးလောင်မှုဖြစ်

**ပျော်ဘွယ် ဇန်နဝါရီ ၂၂**

ပျော်ဘွယ်မြို့ မန္တလေးတန်းရပ်ကွက် အောင်ဆန်းလမ်းနှင့် ရန်ကုန်-မန္တလေး ရထားသံလမ်းအနီးတွင် ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်က အောင်ဆန်းလမ်း လမ်းသွယ်(၂)နေ မယဉ်သိန်းနွဲ့၏ နေအိမ်ဘုရားစင်၌ လျှပ်စစ်ရောင်စုံမီးများ ပူဇော်ထားရာမှ အပူလွန်၍ မီးစတင်လောင်ခဲ့ရာ အနီးဝန်းကျင်နေအိမ် ၁၉ လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အိမ်နီးချင်းဖြစ်သူ ဦးဝင်းမောင် (၅၅နှစ်)မှာ မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက မီးဘေးသင့်သူ စုစုပေါင်း ၈၅ ဦးအား မန္တလေးတန်းရပ်ကွက် လေးကျွန်းမာန်အောင်ဓမ္မာရုံတွင် ခေတ္တကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ နေရာချထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး (ပျော်ဘွယ်)**





## ကော့သောင်း၊ ဒေါပုံနှင့်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီက ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ လုံးဖောကျေးရွာနေ ကျော်မင်းသူ(**အပေါ်ပုံ**)၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ၊ အိုက်စ် သုည ဒသမ ၀၀၅ ကီလို၊ လုပ်သေနတ်အတို တစ်လက်နှင့် ၁၂ ဗို့ကျည် တစ်တောင့်တို့ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် လုံးဖောကျေးရွာနေ မအေးယု၏နေအိမ်ကိုရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅ ပြား၊ အိုက်စ် ၁ ဒသမ ၇၁ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် မင်းနန္ဒာလမ်း Orange Center အနီးတွင် ရဲလင်းထက်(ခ) ကိုရဲ မောင်းနှင်လာသော Toyota Corolla အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၊ အိုက်စ် သုည ဒသမ ၀၇ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ဆက်လက်၍ ၎င်းနေထိုင်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃)ရပ်ကွက် နဝရတ်လမ်း အိမ်အမှတ်(မ-၁၈၅)အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅၀၊ အိုက်စ် သုည ဒသမ ၀၁ ကီလိုနှင့် ဆေးခြောက် သုည ဒသမ ၁၅ ကီလိုတို့ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## တပ်ကုန်းမြို့နယ်ရှိ အဆုံတံတားအလယ်တွင် ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်

**တပ်ကုန်း ဇန်နဝါရီ ၂၂**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် ၂၄၅/ အဆုံတံတားပေါ်တွင် ဇန်နဝါရီ ၂၂ ရက် နံနက် ၅ နာရီခွဲခန့်က တပ်ကုန်းမြို့မှ ပျဉ်းမနားမြို့ဘက်သို့ နွားထိုးကြီးမြို့နယ်နေ ယာဉ်မောင်း ကိုဆန်းလင်း၊ ဒေးဒရဲမြို့နယ်နေ ယာဉ်နောက်လိုက် ကိုဝင်းသိန်း မောင်းနှင်လာသည့် ၂၂ ဘီးယာဉ်နှင့် ပျဉ်းမနားမြို့မှ တပ်ကုန်းမြို့ဘက်သို့ ယာဉ်မောင်း ကိုချစ်ကိုနိုင် (နေရပ်စိစစ်ဆဲ)၊ ရွှေဘိုမြို့နေ (ယာဉ်မောင်း) ဦးအောင်ကျော်ဇေယျ လိုက်ပါလာသည့် ၁၂ ဘီးယာဉ်တို့ တံတားအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိရာ ၁၂ ဘီးယာဉ်မှာ တံတားအောက်သို့ ပြုတ်ကျသွားခဲ့သဖြင့် ယာဉ်ပေါ်ပါ ကိုချစ်ကိုနိုင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဦးအောင်ကျော်ဇေယျ(မစိုးရိမ်ရ-အတွင်းလူနာ)အား တပ်ကုန်း ခုတင်(၁၀၀) ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရဦး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

## ရွှေဘိုမြို့နယ်တွင် ဓားထိုးမှုဖြစ်၊ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရွှေဘို ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ယင်းမာကျေးရွာ ဇာတ်ပွဲတွင် ဇန်နဝါရီ ၂၂ ရက် နံနက် ၂ နာရီခန့်က ရွှေဘိုမြို့နယ် ယင်းမာကျေးရွာရှိ အလှူဇာတ်ပွဲ၌ ဘုန်းဘွဲ့ကျေးရွာနေ အောင်ကျော်ကျော် (၂၃ နှစ်) နှင့် ဝက်လက်မြို့နယ်နေ ဥက္ကာပြည့်လျှံ(ခ)ငလျှံ (၂၁နှစ်)တို့နှစ်ဦးမှာ ဓားထိုးခံရပြီး စိုးရိမ်ရဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဘိုမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦး ဦးစီးအဖွဲ့က ပြစ်မှုကျူးလွန်သူများအား လိုက်လံရှာဖွေရာ ယင်းမာကျေးရွာ ရွှေဘိုမြို့နယ်နေ ဟန်စိုးသန့်(ခ) ဘုတ်ပွ (၂၄ နှစ်)နှင့် တစ်ရွာတည်းနေ ရဲရင့်ဦး(၂၀ နှစ်)တို့ နှစ်ဦးအား သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သဖြင့် ရွှေဘိုမြို့မ ရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**


## မြောက်ဥက္ကလာပမြို့နယ်၌ မှုခင်းအသိပညာပေး ဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၂ - ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အ.ထ.က(၄)ကျောင်းတွင် ဇန်နဝါရီ ၂၀ ရက်က မြောက်ဥက္ကလာပမြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်မင်းခိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်လူကုန်ကူးမှုများအကြောင်း ပညာပေးဟောပြောပွဲ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အ.ထ.က(၄) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ၀၀၇

# မင်းဘူး-မန်းရွှေစက်တော် မော်တော်ယာဉ်လိုင်းကို ဇန်နဝါရီ ၂၉ ရက်တွင် စတင်ပြေးဆွဲမည်

**မင်းဘူး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ မန်းရွှေစက်တော်ဘုရားပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်တွင် ဖွင့်ပွဲစတင်ကျင်းပမည်ဖြစ်ရာ ဘုရားပွဲဖွင့်လှစ်မည့်နေ့မှစ၍ မင်းဘူး- မန်းရွှေစက်တော် မော်တော်ယာဉ်လိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးကော်မတီ (မင်းဘူး)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



မင်းဘူး-မန်းရွှေစက်တော် လမ်းပိုင်းတစ်နေရာ။

"မင်းဘူး-မန်းရွှေစက်တော်ခရီးစဉ်နဲ့ မန်းရွှေစက်တော် တောင်ပေါ်-တောင်အောက် ယာဉ်လိုင်းကို မော်တော်ယာဉ် အစီး ၅၀ အသုံးပြုပြီး နေ့စဉ် အလှည့်ကျ ပြေးဆွဲသွားမှာဖြစ်ပါတယ်။ ပွဲတော်ကာလအတွင်း ယာဉ်စီးခအနေနဲ့ မင်းဘူး- မန်းရွှေစက်တော် ခရီးစဉ်ကို ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခငွေကျပ် ၂၅၀၀ သတ်မှတ်ထားပြီး တောင်ပေါ်-တောင်အောက်ခရီးစဉ်အတွက် တစ်ဦးကို ငွေကျပ် ၅၀၀ ကျသင့်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိသားစုများ၊ သူငယ်ချင်းများနဲ့ သီးသန့်သွားချင်တဲ့ ခရီးသည်တွေအနေနဲ့ ကားစီးလုံး ငှားရမ်းလိုရင်လည်း မင်းဘူးမြို့မှ မန်းရွှေစက်တော်အထိ ခရီးစဉ်တစ်ကြောင်းကို ငွေကျပ် ၃၅၀၀၀ နဲ့ ငှားရမ်းနိုင်ပါတယ်"ဟု အဆိုပါ ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

အဆိုပါ မော်တော်ယာဉ်လိုင်း၏ ဂိတ်သည် မင်းဘူးမြို့ မြောက်လှည်းကောက် အဝိုင်းပတ်အနီးတွင် တည်ရှိပြီး မင်းဘူးမြို့မှ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိနှင့် မန်းရွှေစက်တော်ဘုရားမှ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ပြေးဆွဲမည့်ကားများမှာ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော ဟွန်ဒိုင်းကားများ ဖြစ်ကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ နှစ်စဉ်ရက်ရှည် ကျင်းပလေ့ရှိသည့် မန်းရွှေစက်တော်ဘုရားပွဲတော်ကို ယခုနှစ်တွင် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ရက်ပေါင်း ၈၀ တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)၊**
**ဓာတ်ပုံ- ဂျေဂျေ(မင်းဘူး)**

# ပုလဲမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် ကျပ်သန်း ၆၇၀ ကျော်ဖြင့် ဆောင်ရွက်နေ

**ပုလဲ ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၇၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။



ပုလဲမြို့နယ်အတွင်းရှိ အဆင့်မြှင့်တင်နေသော လမ်းပိုင်းတစ်နေရာ။

ပုလဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဒေါ်နန်းခိုင်သဉ္ဇာက" ပုလဲမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရနောင်ကုမ္ပဏီက တင်ဒါအောင်မြင် ငွေကျပ် ၇ ဒသမ ၆၄ သန်းနဲ့ သက္ကယ်ကျင်း-ဘန့်ဘွေးလမ်းပိုင်းမှာ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ကျပ် ၅၂ ဒသမ ၅၈ သန်းနဲ့ သက္ကယ်ကျင်း-ဘန့်ဘွေးလမ်း မြေ+ဂျင်းလမ်းခင်းခြင်းလုပ်ငန်း၊ ငွေကျပ် ၁၁ ဒသမ ၇၅ သန်းနဲ့ သက္ကယ်ကျင်း- ဘန့်ဘွေးလမ်းပိုင်းမှာ ရေကျော် တည်ဆောက်ခြင်းလုပ်ငန်း၊ ငွေကျပ် ၁ ဒသမ ၄၁ သန်းနဲ့ သက္ကယ်ကျင်း - ဘန့်ဘွေးလမ်းပိုင်းမှာ ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်း၊ ငွေကျပ် ၇ ဒသမ ၀၅ သန်းနဲ့ သက္ကယ်ကျင်း-ဘန့်ဘွေးလမ်းပိုင်းမှာ ရေကျော် တည်ဆောက်ခြင်းလုပ်ငန်း၊ ငွေကျပ် ၂၇ ဒသမ ၃၉ သန်းနဲ့ သက္ကယ်ကျင်း-ဘန့်ဘွေးလမ်းပိုင်းမှာ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း၊ ငွေကျပ် ၁၁၇ ဒသမ ၃ သန်းနဲ့ ပုလဲ - ဂန့်ဂေါကားလမ်းမှ နွယ်ရှောက်- ပန်းရွာလမ်းပိုင်းကို ကျောက်လမ်းခင်းခြင်းလုပ်ငန်းနဲ့ ငွေကျပ် ၁၀၁ ဒသမ ၉၈ သန်းနဲ့ မြကုန်း-သေတ္တရာ-ကျေးနင်းကြီး- နားတော်မောက် လမ်းပိုင်းမှာ ကျောက်လမ်းခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

ထို့အပြင် ပုလဲစတားကုမ္ပဏီကလည်း တင်ဒါအောင်မြင် ငွေကျပ် ၁၂၂ ဒသမ ၆ သန်းဖြင့် မုံသွင်-ချင်ပြစ်လမ်းပိုင်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ငွေကျပ် ၁၅၄ ဒသမ ၂ သန်းဖြင့် ပုထိုးသာ-မုံသွင်လမ်းပိုင်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ငွေကျပ် ၃၂ ဒသမ ၇ သန်းဖြင့် ညောင်ကုန်း-မွေ့တုံလမ်းပိုင်းတွင် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းနှင့် ငွေကျပ် ၄၀ ဒသမ ၈ သန်းဖြင့် ဇီးရင်း- ကမ္ဘာ့ရပ်လမ်းပိုင်းတွင် မြေ+ဂျင်းလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဗေယျာမြေ)**

# အိန္ဒိယသို့ စက်ဘီးဖြင့်သွားရောက်သော မြန်မာစက်ဘီးသမားနှစ်ဦး ပြန်လည်ရောက်ရှိ

**ကြို့ပင်ကောက် ဇန်နဝါရီ ၂၂**

ကြို့ပင်ကောက်မြို့ ကားဂိတ်မှစတင်ပြီး အိန္ဒိယနိုင်ငံသို့ စက်ဘီးဖြင့် ဘုရားဖူးခရီးစဉ် သွားရောက်ခဲ့သော စက်ဘီးသမား ကိုသိန်းထိုက်စိုးဦးသည် ဇန်နဝါရီ ၂၀ ရက်က ကြို့ပင်ကောက်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

စက်ဘီးအားကစားဖြင့် ယခုကဲ့သို့ ခရီးစဉ်များ သွားရောက်၍ရကြောင်းနှင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာချင်သည့်အတွက် သွားရောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လူငယ်စက်ဘီး အားကစားသမားများကိုလည်း မိမိတို့ကဲ့သို့ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း စက်ဘီး အားကစားသမား ကိုသိန်းထိုက်စိုးဦးက ပြောသည်။



အိန္ဒိယသို့ သွားရောက်ခဲ့သော မြန်မာစက်ဘီးသမားများ။

အဆိုပါ စက်ဘီးခရီးစဉ်ကို ကြို့ပင်ကောက် မြို့မကားဂိတ်မှ မန္တလေးမြို့သို့ ဒီဇင်ဘာ ၆ ရက်က စတင်ထွက်ခွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ စက်ဘီးအားကစားသမား ကိုလင်းထွန်းနှင့်အတူ မုံရွာမြို့သို့ ဆက်လက်ထွက်ခွာပြီး ကလေး- ခမ်းပတ်- တမူး- မိုးရေး-နာဂလမ်းမှ တစ်ဆင့် ရာဇဂြိုဟ်မြို့အထိ စက်ဘီးနင်း၍ သွားရောက်ခဲ့ကြောင်း၊ ခရီးစဉ်အစအဆုံး ၂၃ ရက်၊ ကီလိုမီတာ ၃၀၀၀ ခန့် စီးနင်းခဲ့ကြောင်း သိရသည်။

**ဗေယျာထွန်း(ကြို့ပင်ကောက်)**

## ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။




ဤသို့ အဆိုးရွားဆုံးပုံစံများတွင် ကလေးသူငယ်များ ကျွန်ပြုခံရခြင်း၊ ပြင်းထန်သော ဘေးဥပဒ်နှင့် နာမကျန်းရောဂါတို့မှ အကာအကွယ်မဲ့စေခြင်း(သို့) မြို့ကြီးပြကြီးများရှိ လမ်းများပေါ် ရံဖန်ရံခါ အသက်အရွယ်အလွန်ငယ်သူများပင် ဝမ်းရေးရှာဖွေစားသောက်ရခြင်းတို့ ပါဝင်ပါသည်။ အလုပ်၏ သီးခြားအလုပ်ပုံစံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကလေးအလုပ်သမားဟု ခေါ်ဆိုနိုင်ရန်မှာ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ရည်ရွယ်ချက်များနှင့် လုပ်ဆောင်ရသော အခြေအနေများ၊ ကလေးအသက်၊ အလုပ်အမျိုးအစားနှင့် အလုပ်ချိန်တို့အပေါ် မူတည်ပါသည်။ နိုင်ငံတွင်းရှိ လုပ်ငန်းကဏ္ဍများအလိုက်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဖြေကွဲပြားခြားနားမှု ရှိပါသည်။

**ကလေးအလုပ်သမားသည် ကာယကံရှင်အတွက်သာမက နိုင်ငံအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား ဦးစားပေးလုပ်ဆောင်ရာတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်အနှောင့်အယှက်ဖြစ်စေပြီး လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုမြင့်မားစေသည်။**

**ကလေးအလုပ်သမားများသည် ပညာရည်နည်းပါးမှုနှင့် နိမ့်ကျသော အလုပ်စွမ်းအားဖြင့် လည်ပတ်နေရ၍ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ယှဉ်ပြိုင်နိုင်မှုကို အကျိုးသက်ရောက်စေနိုင်သည်။**

ပါဝင်ပတ်သက်သူများ၏ တုံ့ပြန်ချက်



ဤဖြစ်စဉ်၏ ကွဲပြားသောအကြောင်းရင်းခံများကို ကိုင်တွယ်ဖြေရှင်းရန် အလို့ငှာ ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူအားလုံးအနေဖြင့် အလုံးစုံချဉ်းကပ်မှုတစ်ရပ်ကို လက်ခံကျင့်သုံးရန် လိုအပ်ပေသည်။ ကလေးအလုပ်သမားကိစ္စတွင် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများအပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံး၏ အပြုသဘောဆောင်သော တုံ့ပြန်မှုလိုအပ်ပါသည်။ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အစီအစဉ်တို့တွင် သက်ဆိုင်သူအားလုံးမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာငွေသတ်မှတ်ရေးနှင့် ဘဏ္ဍာရေးအရင်းအမြစ်များအတွက် ပုံမှန်ကတိကဝတ်ပြုမှုအပေါ် အာရုံစိုက်အလေးထားရန် အထူးလိုအပ်ပေသည်။

# မြန်မာအလုပ်သမားများ တာချီလိတ်နယ်စပ်ဂိတ်မှ ဝင်ရောက်

**တာချီလိတ် ဇန်နဝါရီ ၂၂**

ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား အမျိုးသား ကိုးဦး၊ အမျိုးသမီး သုံးဦးတို့သည် ယမန်နေ့က ထိုင်းနိုင်ငံမယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်နယ်စပ်ဂိတ်မှ ပြန်လည် ဝင်ရောက်လာကြသည်။

နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား မြို့နယ်တာဝန်ရှိသူများက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကာ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ဖွင့်ပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၂၂

**မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် နှစ်သစ်ကူး(နွေဦးပွဲတော်)၊ အကြိုညစာစားပွဲနှင့် ယဉ်ကျေးမှုဖျော်ဖြေရေးပွဲ၊ စတုဒိသာကျွေးမွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မင်္ဂလာမန္တလေးလမ်းလျှောက်ဈေးနေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

အဆိုပါ နှစ်သစ်ကူးပွဲတော်ကို မန္တလေးမြို့အခြေစိုက် တရုတ် ကောင်စစ်ဝန်ရုံးက ကြီးမှူး၍ တရုတ် ဗုဒ္ဓဘာသာအဖွဲ့များ ဖြစ်ကြသည့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၊ ယူနန်၊ ဖူးကျင့်၊ ကွမ်းတုံနှင့် မန္တလေး လူမျိုးစု ဗုဒ္ဓဘာသာယဉ်ကျေးမှုအဖွဲ့ များ ချစ်ကြည်ရေးအသင်း၊ ယူနန်၊ ဖူးကျန့်၊ ကွမ်းတုံနှင့် မန္တလေးလူမျိုးစု- ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဖွဲ့များ၊ မန္တလေး Oversea တရုတ်အမျိုးသမီး ချစ်ကြည်ရေးအသင်း၊ ကြင်းတော်ယန် ပရဟိတအဖွဲ့ချုပ်နှင့် ကြင်းတော်ယန် ပရဟိတအမျိုးသမီးအသင်း၊ ဖူးကျင့်အမျိုးသမီး ပရဟိတအသင်း၊ အထက်မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်း၊ မန္တလေး-တရုတ် ကုန်သည်ကြီးများအသင်း၊ Oversea Chinese Service Centre ၊ ကချင်ပြည်နယ် လူမှုကူညီရေးအသင်း- မန္တလေးမြို့၊ နယူးစတားလိုက်ကုမ္ပဏီ အုပ်စုတို့က ပူးပေါင်း၍ တရုတ်နှစ်သစ်ကူးအကြို အထိမ်းအမှတ် အဖြစ် နှစ်သစ်ကူးမတိုင်မီ ဇန်နဝါရီ ၂၁ ရက် ညနေပိုင်းတွင် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ မင်္ဂလာမန္တလေး လမ်းလျှောက်ဈေးရှိ နှစ်သစ်ကူး အခမ်းအနား စင်မြင့်နေရာ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေး၊ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ မန္တလေးမြို့ ရုံးစိုက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယာယီကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူတို့က မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် နှစ်သစ်ကူး ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယာယီတရုတ် ကောင်စစ်ဝန်ချုပ် Ms. Li Libei၊ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးပိုမြင့်တို့က နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကားပြောကြားကာ




မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ဖွင့်ပွဲ မန္တလေး၌ ကျင်းပစဉ်။

ဧည့်သည်တော်များအား မြန်မာ့ ရိုးရာယဉ်ကျေးမှုအကများ၊ တရုတ် ရိုးရာယဉ်ကျေးမှုအက အဖွဲ့များ၏ သီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆို အကများဖြင့် ကပြဖျော်ဖြေဧည့်ခံပြီး ရိုးရာစတုဒိသာ အစားအသောက်များဖြင့် ကျွေးမွေး တည်ခင်းခဲ့သည်ဟု သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မောင်းသူမဲ့လေယာဉ်ငယ်များ၊ အဝေးအာရုံခံနည်းပညာများ အသုံးပြုနိုင်ရေးစည်းဝေး

**တောင်ကြီး ဇန်နဝါရီ ၂၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၊ မောင်းသူမဲ့လေယာဉ် သုတေသန ဌာန၏ ဌာနမှူးပါမောက္ခ ဒေါက်တာ သဲမောင်မောင်နှင့် အဖွဲ့သည် ယမန်နေ့က တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ရောက်ရှိလာပြီး ဒေသန္တရဖွံ့ဖြိုးရေးအတွက် မောင်းသူမဲ့ လေယာဉ်ငယ်များ၊ အဝေးအာရုံခံနည်းပညာများ အသုံးပြုနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြီးခဲ့သည့် နိုဝင်ဘာ ၁၈ ရက်က ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ မောင်းသူမဲ့ လေယာဉ် သုတေသနဌာန၏ ဌာနမှူးပါမောက္ခနှင့်အဖွဲ့ လာရောက်ပြီး ပြည်နယ် ဒေသဖွံ့ဖြိုးရေးကူညီပေးရန်အတွက် ဦးစားပေးအဖြစ် တောင်ကြီးမြို့အပါအဝင် မြို့ရွာများအတွက် မြို့ပြဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲနိုင်ရေး၊ အင်းလေးကန်ဒေသ ကာကွယ်ထိန်းသိမ်းရေး၊ သစ်တောများ ကာကွယ်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးကိစ္စများ၊ ခတ်သတ္တုကိစ္စများကို စီမံခန့်ခွဲရာတွင် နည်းပညာအထောက်အကူရရှိနိုင်ရေး ဆွေးနွေးခဲ့ကြောင်း၊ ပထမဦးစားပေးအဖြစ် တောင်ကြီးမြို့ မြို့ပြဖွံ့ဖြိုးမှု စီမံချက်ရေးဆွဲရာတွင် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် သုံးဖက်မြင်ရုပ်လုံးကွဲမြေပုံ ရေးဆွဲနိုင်ရေးအတွက် မောင်းသူမဲ့လေယာဉ် သုတေသနဌာနအကူအညီဖြင့် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီး ဌာနမှ ကူညီဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ဆက်စပ်သည့် ဝန်ကြီးဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာနမှ ကွင်းဆင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ လုံခြုံရေးအရ ကန့်ကွက်ရန်မရှိကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း၊ မောင်းသူမဲ့လေယာဉ်ငယ်များ ပျံသန်းအသုံးပြုသည့်အခါ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဟဲဟိုးလေဆိပ်တာဝန်ခံနှင့် ဆက်သွယ်ညှိနှိုင်း၍ ဆောင်ရွက်နိုင်ကြောင်း၊ ပညာရေး ဝန်ကြီးဌာနမှ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာနမှ ကူညီဆောင်ရွက်ပေးနိုင်ကြောင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှစည်းကမ်းချက် ငါးချက်ဖြင့် သဘောထားရရှိခဲ့ပြီးဖြစ်ကြောင်း၊ တောင်ကြီးမြို့မြို့ပြဖွံ့ဖြိုးမှု စီမံချက်ရေးဆွဲရာတွင် အထောက်အကူဖြစ်စေနိုင်မည့် မောင်းသူမဲ့လေယာဉ်ငယ်များ အဝေးအာရုံခံနည်းပညာများကို တာဝန်ရှိသူက ရှင်းလင်းဆွေးနွေးသည့်အပေါ် တက်ရောက်လာကြသည့် ဧည့်သည်တော်များက မိမိတို့သိရှိထားသည့် အကြောင်းအရာများနှင့်ပေါင်းစပ်၍ သက်ဆိုင်ရာနယ်ပယ်ကဏ္ဍများတွင် အသိပညာများ ပြန်လည်မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်နှင့် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာန၏ ဌာနမှူးပါမောက္ခနှင့်အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဘော်လခဲမြို့ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း ပညာရေးစုံညီပွဲတော်ကျင်းပ

**ဘော်လခဲ ဇန်နဝါရီ ၂၂**

ဘော်လခဲမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း(ရှမ်းစုစည်း)၌ ယမန်နေ့က ကျင်းပသည့် ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူတို့က အတန်းပညာအသီးသီးတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြော ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

သားငယ်၊ သမီးငယ်များက တိုင်းရင်းသားရိုးရာ အကများ ၊ တေးသရုပ်ဖော်အကများ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ငွေကျပ် ၆၂၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **ထွန်းလေး**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဆုရကလေးငယ်တစ်ဦးအား ဆုချီးမြှင့်ပေးစဉ်။

# ဒေသနွားမျိုး၊ နို့စားနွားမျိုးနှင့် အသားစားနွားမျိုးများ မေထုန်မဲ့ သားစပ်ခြင်းအသိပညာပေး

**ယင်းမာပင် ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသခိုင်းနွား၊ နို့စားနွားနှင့် အသားစားနွားမျိုးများ ကောင်ရေတိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ နွားမေထုန်မဲ့ သားစပ်ခြင်းလုပ်ငန်း အသိပညာပေးသင်ကြားပို့ချခြင်းကို ယမန်နေ့က ကျင်းပသည်။

ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ တိရစ္ဆာန်ကျန်းမာရေး လုပ်သားများကို တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ တစ်လတစ်ကြိမ် ဆောင်ရွက်လျက်ရှိရာ ယခုလတွင် နွားမေထုန်မဲ့ သားစပ်ခြင်းလုပ်ငန်း အသိပညာပေး သင်ကြားပို့ချခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း ဒေသခိုင်းနွား(ပြာစိမ်း)၊ နို့စားနွားနှင့် အသားစားနွားမျိုး ၁၀၄၅ ကောင်အား မေထုန်မဲ့သားစပ်နည်းဖြင့် နွားကောင်ရေတိုးပွားရေး လုပ်ဆောင်ပေးနိုင်ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အကောင်ရေ ၆၀ ကျော် သားစပ်ခြင်းဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **သန်းဌေးအောင်(ကနီ)**

# လူထုဗဟိုပြုစီမံကိန်းထပ်မံတိုးချဲ့ဆောင်ရွက်ရန် ချင်းပြည်နယ်၌ မြို့နယ်ရွေးချယ်

**ဟားခါး ဇန်နဝါရီ ၂၂**

ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် လူထုဗဟိုပြု စီမံကိန်းထပ်မံတိုးချဲ့ဆောင်ရွက်ရန် မြို့နယ်ရွေးချယ်ရေး အကြံဉာဏ်ရယူခြင်းအခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ Carson ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ် စာရင်းစစ်ချုပ် ဦးလာလ်တင်မန်း၊ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန် ကျုံး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရုံးချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးကျော်စွာအောင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံနှင့် လူထုလိုအပ်ချက်များကို ဖြည့်စွမ်းပေးသည့် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃ ခုနှစ် မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ သတ္တမနှစ် ကာလကို ရောက်ရှိနေပြီဖြစ်ပြီး ချင်းပြည်နယ် အနေဖြင့်လည်း ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ဆွေးနွေးသွားကြရန်နှင့် မြို့နယ်ရွေးချယ်ပြီးစီးပြီး စီမံကိန်းလုပ်ငန်းစဉ် စတင်အကောင်အထည်ဖော်ဆောင် ရွက်သည့် အချိန်တွင်လည်း ဌာန ဆိုင်ရာအဖွဲ့အစည်းများ၊ ကျေးရွာ လူထုများနှင့် သက်ဆိုင်သူ အားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**ကျော်စွာ(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
## ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရန် အိတ်ဖွင့်တင်ဒါကြော်ငြာစာ

၁။ ဆေးတက္ကသိုလ် မကွေး၏ (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၇-၃-၂၀၂၀ရက်(စနေနေ့)တွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၆-၃-၂၀၂၀ ရက် (သောကြာနေ့)တွင်လည်းကောင်း ဆေးတက္ကသိုလ်၊ မကွေး၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြု လုပ်မည်ဖြစ်ပါသည်။ အဆိုပါအခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမ အတွင်းနှင့် ခန်းမရှေ့တွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးအတွက် ဓာတ်ပုံရိုက်ကူးလိုသူများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပိတ်ရက်**

**တင်ဒါပိတ်ရက်** - ၁၈-၂-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီ

၃။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၃-၂၀၂၃၇၆၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့
ဆေးတက္ကသိုလ်၊ မကွေး

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယား ဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်-၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်း နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံး | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ | (၂၅၀၀) | ၂၅-၂-၂၀၂၀ | ၁၄:၀၀ | ၂၅-၂-၂၀၂၀ | ၁၂:၀၀ |
| စက်ရုံ(မြောင်းတကာ) | (၂၅၀၀) | ၃-၃-၂၀၂၀ | ၁၄:၀၀ | ၃-၃-၂၀၂၀ | ၁၂:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ | (၂၅၀၀) | ၂၅-၂-၂၀၂၀ | ၁၄:၀၀ | ၂၅-၂-၂၀၂၀ | ၁၂:၀၀ |
| စက်ရုံ(ကန်ကြီးထောင့်) | (၂၅၀၀) | ၃-၃-၂၀၂၀ | ၁၄:၀၀ | ၃-၃-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ ရန်ကုန်နှင့်နေပြည်တော်တို့ရှိ လျှပ်စစ်စမ်းသပ်ရေးဌာန(၂)ခုတွင် Protective Relay,Meter and Testing Instrument ပစ္စည်းများကို တင်ဒါအမှတ်-44 (T)DPTSC (PSC)/2019- 2020 DDP(Yangon)Kyatဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးရာဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၂၁-၂-၂၀၂၀ရက် (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ(၁၀)ကချင်ပြည်နယ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၀)၊ ကချင်ပြည်နယ် ဦးစီးမှူးရုံးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား ပထမအကြိမ် တင်ဒါခေါ်ယူခဲ့ရာ တင်သွင်းယှဉ်ပြိုင်မည့် ကုမ္ပဏီမရှိသောကြောင့် ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ဟိုပင်ကျေးရွာ၊ ရွှေလီမြစ်ကမ်းထိန်းလုပ်ငန်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း အား လုပ်ငန်းတစ်ရပ်လုံး တင်ဒါထပ်မံခေါ်ယူသွားမည်ဖြစ်ပါသဖြင့်မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂၃-၁-၂၀၂၀ရက် |
| (ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** | - ၅-၂-၂၀၂၀ရက် ညနေ ၄:၃၀နာရီ |
| (ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** | - ၆-၂-၂၀၂၀ရက် နံနက် ၁၀နာရီ |
| (ဃ) **တင်ဒါလျှောက်လွှာရောင်းချမည့် နေရာနှင့် တင်ဒါတင်သွင်းရမည့် နေရာ** | - အတွင်းရေးမှူး (တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီရုံး) (ပြည်နယ် ဦးစီးဦးမှူးရုံး)ရေအရင်း အမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး-ဖုန်း-၀၇၄-၂၅၂၀၉၈၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဗန်းမော်တက္ကသိုလ်
## ကြေညာချက်

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁၉ရက်(တနင်္ဂနွေနေ့)ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)တွင်ပါရှိသော ဗန်းမော်တက္ကသိုလ်(အဝေးသင်သင်တန်း) ၂၀၁၉ ပညာသင်နှစ် အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် ကျင်းပခဲ့သော စတုတ္ထနှစ် ဝိဇ္ဇာ၊ သိပ္ပံ (ဘွဲ့)နှင့် ပဉ္စမနှစ်ဥပဒေပညာ(ဘွဲ့)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား၊ကျောင်းသူများအတွက် (ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်ကို ရုပ်သိမ်းလိုက်ပါသည်။

လျှောက်လွှာခေါ်ယူ မည့်ရက်ကို ထပ်မံကြေညာပါမည်။

**(ခင်သိပ္ပံ၊မော်ကွန်းထိန်း)**
**သင်တန်းရေးရာဌာန**
**ဗန်းမော်တက္ကသိုလ်**

## ကျောက်ဖြူပြည်သူ့ဆေးရုံကြီး၊ ရခိုင်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူပြည်သူ့ဆေးရုံအတွက်လိုအပ်သော FDA သိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓါတ်ခွဲနှင့်ဓါတ်မှန်သုံးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်ရက် - ၂၃ - ၁ - ၂၀၂၀ နေ့မှ

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃ - ၂ - ၂၀၂၀ နေ့ထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဆေးဝါးပစ္စည်းများစာရင်း အသေးစိတ် သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင်လာရောက်စုံစမ်းနိုင်ပါသည်။

**ကျောက်ဖြူပြည်သူ့ဆေးရုံ၊ဖုန်း-၀၄၃-၄၆၀၀၈၊ ၀၉ - ၂၅၀၇၆၃၇၇၀**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာနရှိ သာကေတဓာတ်အား ပေးစက်ရုံနှင့်သီလဝါ ဓာတ်အားပေးစက်ရုံတို့တွင် အသုံးပြုရန်အတွက် မန်းသံပရာကန်ရေနံချက်စက်ရုံမှ ဒီဇယ်ဆီ(၂၁၈၈၈၀၀)ဂါလန်အား သာကေတဓာတ်အားပေးစက်ရုံနှင့် သီလဝါ ဓာတ်အားပေးစက်ရုံထိ (၃၅၀-မိုင်ခန့်)သယ်ယူရန်အတွက် Tender No.93/ EPGE/ သယ်ပို့/ 2019-2020အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁-၂၀၂၀ရက်

**တင်ဒါပိတ်မည့်ရက်** - ၃-၂-၂၀၂၀ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန
**ရုံးအမှတ်(၂၇)၊နေပြည်တော်**
ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
## ပေါက်တောမြို့နယ်တရားရုံး၌
## ၂၀၁၉ခုနှစ် တရားမကြီးအမှုအမှတ် -၁၃

| | | |
|---|---|---|
| ဒေါ်လှနု | နှင့် | ၁။ ဦးမောင်စိန်သာ<br>၂။ မောင်ခိုင်ချမ်းဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသော ဦးမောင်စိန်သာ၊ မောင်ခိုင်ချမ်းဝင်း ပေါက်တောမြို့နယ်၊ ကျောက်ဆိပ်ကျေးရွာနေ(ယခုလိပ်စာမသိ)သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုဒေါ်လှနုက ခင်ပွန်းနှင့်တရားလိုဒေါ်လှနုနှစ်ဦးပိုင်ပစ္စည်းများအား အမွေခွဲဝေပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သောအချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၄ရက် (၁၃၈၁ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့ပါက သင်တို့ကွယ်ရာတွင် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာစေရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အလိုတွင် တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ၂၁ရက်တွင် ဤရုံးတံဆိပ်ကို လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးကျော်မြင့်)**
**မြို့နယ်တရားသူကြီး**
**ပေါက်တောမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ (၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၅-နေပူကုန်း)၊ ဦးပိုင်(၄၈/က)၊ ဧရိယာ ၀ဒသမ ၀၆၉ ဧကရှိ မြေအားဒေါ်ချိုမီလွင် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဒေါ်ချိုမီလွင်အား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းအကွက် အမှတ် (၆-နံပါတ် ၁လမ်း)၊ ဦးပိုင်(၁၀/စ)၊ ဧရိယာ ၀ဒသမ ၀၄၄ဧကရှိ မြေအား ဒေါ်ခင်ဆွေပါ(၃)ဦးအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဒေါ်ခင်ဆွေပါ(၃)ဦးအား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နည်းပညာတက္ကသိုလ်(စစ်ကိုင်း)
## (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(စစ်ကိုင်း) (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နည်းပညာတက္ကသိုလ် (စစ်ကိုင်း), Multipurpose (ဘက်စုံခန်းမ)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

| **စဉ်** | **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** | **ကျင်းပမည့်အစီအစဉ်** |
|---|---|---|
| (က) | ၁၅-၂-၂၀၂၀ရက် (စနေနေ့) | - အစမ်းလေ့ကျင့်ခြင်း |
| (ခ) | ၁၆-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့) | - ဘွဲ့နှင်းသဘင်ကျင်းပခြင်း |

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းခွင့်ပြုနိုင်ရေးအတွက်အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) **တင်ဒါစတင်လက်ခံမည့်ရက်** | - ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ရက် |
| (ခ) **တင်ဒါနောက်ဆုံးလက်ခံမည့်ရက်** | - ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်၊ ညနေ ၄:၀၀နာရီ |
| (ဂ) **တင်ဒါဖွင့်မည့်ရက်** | - ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၃၀ရက် နံနက် ၁၀:၀၀နာရီ |

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များကို ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ၊ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)သို့ လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၉-၂၆၆၈၆၄၆၆၃ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(စစ်ကိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ (၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၄-ရခိုင်စု)၊ ဦးပိုင်(၉၇/သ)၊ ဧရိယာ(၀ဒသမ၀၈၀) ဧကရှိ မြေအား ဦးဇော်လင်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးဇော်လင်းအား မြေ ငှားဂရန်အသစ်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၇/မင်းကြီးညိုတောင်)၊ ဦးပိုင်အမှတ်(၁၀၄/၂၁၁)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေအား ဦးဝင်းထွန်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးဝင်းထွန်းအား မြေငှားဂရန် အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၆/မင်းကြီးညိုအရှေ့)၊ ဦးပိုင်အမှတ်(၂၅၄/၁၀၃၄)၊ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေအား ဦးတင်ထွန်းအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးတင်ထွန်းအား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ စတုတ္ထထပ်ဆိုင်ခန်း အမှတ်(၁၁၀)၊ ဆိုင်အငှားချထားခြင်းခံရသူ ဦးမောင်ကြိုင် ၁၂/ပဇတ(နိုင်) ၀၁၄၇၈၈ ထံမှ (၁၉-၉-၂၀၁၄)ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူဦးတင်နိုင် ၁၂/ပဇတ(နိုင်) ၀၁၄၇၈၈မှ အမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအားကန့် ကွက်လိုပါက(၁၄)ရက် အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၉-၅၄၁၄၉၇၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဖျာပုံခရိုင်တရားရုံးတော်
## ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၄၃

| | | |
|---|---|---|
| ဦးမြင့်စိုး | နှင့် | ဦးပိုင်ထွဋ်ဇင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၃၃)နေ (ယခုနေရပ်လိပ်စာမသိ)သူ ဦးပိုင်ထွဋ်ဇင်( Operation Manager)ORCHID MYANMAR CO.,LTD သိစေရမည်။

သင့်အပေါ်၌ ဦးမြင့်စိုးက ကတိပဋိညာဉ်ပြုထားသည့်အတိုင်း ကုန်ပစ္စည်းဖိုးပေးရန် ကျန်ငွေ(၁၉၃၀၀၀၀၀/-)ကျပ်ရလိုကြောင်း နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးတော်ခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ရက်(၁၃၈၁ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် မပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်း ချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာ ချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိမော်)**
**ဖျာပုံခရိုင်တရားသူကြီး**
**ဖျာပုံခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ကသာမြို့နယ်၊ ရေနီကျေးရွာ၊ အလက(ခွဲ)ဒုတိယတန်းမှ မသင်းသင်းနွယ် KG-တန်းမှ မောင်ဖြိုးခန့်ကျော်နှင့်မဖြူစင် အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းမျိုးဖြစ်ပါကြောင်း။

**ဦးဝင်းမျိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၆)ရပ်ကွက်၊ (၃)လမ်းနေ ဦးအောင်ဖေ၏သမီး ၈/ပခက(နိုင်) ၀၀၃၅၅၄ မမြင့်မြင့်ဌေး(ခ)မမြင့်ဌေးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ယောဝရပ်ကွက်နေ မအေးအေးငြိမ်း တတိယနှစ်(မြန်မာစာ)နှင့် မအေးသီတာ (နဝမတန်း)အထက-ဆိပ်ဖြူတို့၏ ဖခင် ဦးဇော်သန်းဦးနှင့် ဦးပြေသောင်း ၈/ဆဖန(နိုင်)၀၀၀၂၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ အထက နဝမတန်းမှ မောင်သုတအောင်နှင့် အဋ္ဌမတန်းမှ မမေမီစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဇင်ဝင်းထွန်း ၈/ဆဖန(နိုင်)၀၅၅၇၆၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာမြို့သစ်၊ ဗ-ရ/၆၉ နေ မချယ်ရီဦး ၉/ခမစ(နိုင်)၀၃၆၉၄၆၏ ဖခင်အမည်မှန်မှာ ဦးညီညီသင်း ၅/ထခန(နိုင်)၀၁၆၈၀၈ နှင့် ဦးညီသင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညီညီသင်း(ခ)ဦးညီသင်း**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1205၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၉၇၀၉၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းအောင် ၇/တငန(နိုင်)၂၀၄၄၄၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2415ယာဉ်လက်ဝယ်ရှိသူ ဦးလင်း ၇/ရတရ(နိုင်)၀၁၆၃၁၉က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးမောင်ရီ အမည်ပေါက် ပါမစ်မြေကွက်အမှတ်(၀၉၈၂)အား ဦးကျော်စိန်(ဘ)ဦးချစ်နိုင် ၉/ပမန(နိုင်)၀၃၅၈၈၈မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာမိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ၁၅ရက် အတွင်းနေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်လေးနွယ်

**B.A Hons,M.A ကထိက၊ စီးပွားရေးတက္ကသိုလ် စာရင်းအင်းဌာန(ငြိမ်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၄)လမ်း၊ အမှတ်(၇၆)နေ ဦးခင်မောင်တင့်(ဒုတိယညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်ဌာန၊ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း-ငြိမ်း)၏ဇနီး၊ ဦးဝင်းထိုက်(ဒုတိယညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၄၊ ဆည်/ရေ ဦးစီးဌာန၊ ရွှေဘိုမြို့)-ဒေါ်နီလာတို့၏မိခင်ကြီး၊ မမိုးသိမ့်ဖြူ၊ မနှင်းမွန်ထိုက်တို့၏ချစ်လှစွာသောအဘွား ဒေါ်ခင်လေးနွယ်သည် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးဝင်း

## သံအမတ်ကြီး(ငြိမ်း)၊ (ဒုတိယဗိုလ်မှူးကြီး)

## D.S.Aအမှတ်စဉ်(၉)

## အသက်(၇၅)နှစ်

သရက်မြို့နေ (ဦးဘရှင်-ဒေါ်တင်ငွေး)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းအောင်-ဒေါ်တင်နု)တို့၏သားသမက်၊ ရန်ကုန် မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ်(၃၀)ရပ်ကွက်၊ နှင်းဆီနီလမ်း၊ အမှတ်(၉၈)နေ ဒေါ်ခင်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်နိုင်ဝင်း(UNOCHA)၊ Mr. Benjamin Duverger နှင့် မစိုးယုနွယ်ဝင်း(ခေတ္တသြစတြေးလျနိုင်ငံ)တို့၏ဖခင်၊ Mio Rosie Duverger ၏ အဘိုး ဦးစိုးဝင်း သံအမတ်ကြီး(ငြိမ်း)သည် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးပီတာဆိုင်းအောင်

## အသက်(၅၆)နှစ်

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်နေ ဦးနန်းဇိန်ဂမ်-ဒေါ်ပရီလွမ်တို့၏သားကြီး၊ ဦးနန်းဇိန်းနော်ဂျာ-ဒေါ်အေးစိုး၊ ဦးနော်တောင်-ဒေါ်နန်းဇိန်းဂျာနန်၊ ဦးနန်းဇိန်းလမိုင်-ဒေါ်ဆိုင်းနန်၊ ဒေါက်တာနန်းဇိန်းလုအောန်၊ ဦးကျော်ကျော်သွင်-ဒေါ်နန်းဇိန်းဒွဲလိန်တို့၏ အစ်ကိုကြီး၊ ဒေါ်ချိုမာတင်(ကျောင်းအုပ်ကြီး(ဗဟိုစိုက်ပျိုးရေး သုတေသနနှင့်လေ့ကျင့်ပညာရေးဌာန)၏ ချစ်လှစွာသောခင်ပွန်း ဦးပီတာဆိုင်းအောင်သည် ၂၁-၁-၂၀၂၀ရက်(အင်္ဂါနေ့)ညနေ ၆:၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက် (သောကြာနေ့)တွင် မြစ်ကြီးနား ရာဒါကောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ဒူကထောင်ရပ်နေအိမ်၌ နံနက် ၁၁နာရီတွင် ဝတ်ပြုဆုတောင်းမည်ဖြစ်ပြီး မွန်းတည့် ၁၂နာရီတွင် ဒူကထောင်ကက်သလစ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရာဒါကောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးပီတာဆိုင်းအောင်

## အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးတင်မောင်)-ဒေါ်စန်းရင်တို့၏သားသမက်၊ ဦးဇော်ဝင်းတင်-ဒေါ်ဆွေဆွေအေးတို့၏ညီ၊ ဒေါ်ရီမာတင်၊ ဦးအောင်ဝင်း-ဒေါ်မြင့်မာတင်၊ ဦးအောင်ဆန်းတင်တို့၏အစ်ကို၊ ဒေါ်ချိုမာတင်(ကျောင်းအုပ်ကြီး၊ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့်လေ့ကျင့်ပညာပေးဌာန)၏ချစ်လှစွာသောခင်ပွန်း ဦးပီတာဆိုင်းအောင်သည် ၂၁-၁-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၆:၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၂၀ ရက် (သောကြာနေ့)တွင် မြစ်ကြီးနားမြို့၊ ရာဒါကောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးသန်းဝေ(အသက် ၅၃နှစ်)

## ရက်လည်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေ ဦးဦးသာထွန်း-ဒေါ်သင်းကြွယ်တို့၏ သားကြီး၊ ဒေါ်ညိုညိုခိုင်၏ ခင်ပွန်း၊ ဦးသိန်းမြင့်- ဒေါ်စန်းစန်းဝေတို့၏ မောင်၊ ဦးသက်ဝေ-ဒေါ်မိုးမိုးအောင်တို့၏အစ်ကို၊ မအေးစန္ဒီခိုင်၏ ဘကြီး ကိုသန်းဝေသည် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ UCSF ဆေးရုံကြီးတွင် ဇန်နဝါရီ ၁၈ရက် ညနေ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၂၀ ရက် နံနက် ၉နာရီမှ ၁၁နာရီ Chapel of The Chimes(32992 Mission Blvd.CA 94544)တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ကွယ်လွန်သူအားရည်စူး၍ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၈-၁-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ၂၆၆ ပထမထပ်၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့သို့ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအုပ်စိုး

**အသက်(၉၀)**

ဆေးတက္ကသိုလ်-၂၊ ရန်ကုန်၊ ဆေးဝါးဗေဒဌာနမှ ပါမောက္ခ ဒေါက်တာအေးစိုး၏ ဖခင်ဦးအုပ်စိုးသည် ၂၀-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၁:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူးဆရာ/ဆရာမ ဝန်ထမ်းများ**
**ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသင်းသိန်းမောင်

**ဌာနမှူး(ငြိမ်း)အထည်အလိပ်၊ စက်မှု(၁)ဝန်ကြီးဌာန**

**အသက်(၇၈)နှစ်**

ပါမောက္ခ ဒေါက်တာသူဇာသင်း(ဆီးနှင့်ကျောက်ကပ် ရောဂါအထူးကု၊ မြောက်ဥက္ကလာပဆေးရုံကြီး)၏ဖခင် ဦးသင်းသိန်းမောင်သည် ၁၉-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၇:၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဝန်ထမ်းများ**
**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန**
**သဃ်္ဃန်းကျွန်းဆေးရုံကြီး**

## ဒေါ်ရီရီငွေး(ခ)ပဲပဲ

**အလက(၂)၊အထက(၂) ရန်ကင်း(ငြိမ်း)**

**အသက်(၆၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၅)နေ(ဦးအင်ဟုတ်-ဒေါ်အေးကြည်)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊အိမ်အမှတ်(၃)၊ အောင်ဇေယျလမ်းနေ(ဦးသောင်းရွှေ)-ဒေါ်အေးကြည်တို့၏သမီးချွေးမ၊ ဒေါ်တင်တင်ခိုင်၊ ဦးမြင့်လွင်-ဒေါ်စန်းစန်းမော်၊ ဦးဝင်းရွှေ-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ ဒေါ်တင်တင်ငွေး၊ ဦးစန်းအောင်-ဒေါ်ခိုင်စန္ဒာလွင်၊ ဒေါ်တင်တင်ငွေး၊ ဒေါ်အေးအေးသိန်း၊ ဦးကျော်မြင့်-ဒေါ်တင်အေး(YESCအရှေ့ပိုင်းခရိုင်)၊ ဒေါ်ခင်ခင်ထွေး(YESCဒဂုံမြို့သစ်မြောက်ပိုင်း)၊ ဒေါ်တင်တင်ထွေးတို့၏ အစ်မ၊မောင် အောင်မိုးသူ၊ မောင်ထူးထက်အောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးအောင်မြင့်(အထပြ-ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၂၀-၁-၂၀၂၀ ရက် မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက်(သောကြာနေ့)ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

၂၆-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အမှတ်(၃)၊ အောင်ဇေယျလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်လင်း

**ဟသ်ာတခရိုင်(မ.စ.က)ဥက္ကဋ္ဌ**

**ထိုင်း(မ.စ.က)ကော်မတီဝင်**

**အသက်(၆၂)နှစ်**

ဟသ်ာတခရိုင်(မ.စ.က)ဥက္ကဋ္ဌဖြစ်သူ ဦးစိန်လင်းသည် ၂၁-၁-၂၀၂၀ ရက် (အင်္ဂါနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဟသ်ာတမ.စ.က(ခရိုင်/မြို့နယ်)**
**ဧရာဝတီတိုင်းဒေသကြီး မ.စ.က**

## ဒေါ်သန်းမြင့်(ခ)ဒေါ်ညို

**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ(ဦးကုလား-ဒေါ်ကျင်သောင်း)တို့၏ သမီး၊ ကျိုက်လတ်မြို့နယ်နေ(ဦးထွန်းကြည်)(ကုန်သွယ်ရေး)၏ဇနီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အိမ်အမှတ်(၇၅/ခ)နေ ဒေါ်မိမိကြည်(လယ်/ပြ-ငြိမ်း၊ ရွှေပြည်သာ)၊ ဦးမျိုးကြည်(မန်နေဂျာ-ငြိမ်း၊ အကြီးစားစက်မှုလုပ်ငန်း)- ဒေါ်ခင်မျိုးမြင့်ဦး(အလုပ်ရုံခွဲမှူး-သန်လျင်အထည်ချုပ်စက်ရုံ)၊ ဦးကျော်ကျော်မင်းကြည်(ဦးစီးအရာရှိ၊ စက်မှုယန္တရားတပ်ခွဲ-တောင်)-ဒေါ်တင်နွယ်ဦး (ဦးစီးအရာရှိ၊ လမ်း/တံတား၊ မြို့တော်စည်ပင်)တို့၏မွေးသမိခင်၊ မောင်ပြည့်ဖြိုးဇော်-မလှမျိုးဆွေ၊ မောင်ကျော်ဇေဝင့်၊ မအိချောမြတ်၊ မလဝန်းမေတို့၏ဘွားဘွားကြီးသည် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြတ်မွန်

**နိုင်ငံခြားရပ်ရှင်ကော်ပိုရေးရှင်း(ငြိမ်း)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ်-၄၇၁/ကနေ (ဦးဘအုန်း-ဒေါ်တင်ရွှေ)တို့၏သမီးကြီး၊ ဒေါ်ခင်လေးရွှေ၊ ဒေါ်သန်းသန်းရှိန်၊ ဦးမြင့်စိုး-ဒေါ်စိုးစိုးဝင်းတို့၏အစ်မကြီး၊ တူ/တူမခြောက်ယောက်တို့၏ အဒေါ်သည် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၅၅နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (စဉ့်အိုးတန်းဆိပ်ကမ်းမှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ဒီ (၁၄၊၁၅၊၁၆)၊ မြေကွက်အမှတ်(၃၄၅)၏ တစ်စိတ်တစ်ဒေသ ဧရိယာ (၀ဒသမ၀၇၆)ဧက မြေကွက်တည်နေရာ အမှတ်-၆၀၃/က၊ (၈)လမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်တင်တင်လှ အမည်ပေါက် လိုင်စင်မြေအား အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်၊ ဓာတ်အားခတောင်းခံလွှာ၊ ရေဖိုးပြေစာ၊ သန်းခေါင်စာရင်းတို့ တင်ပြ၍ Dr.ဇော်မြင့် ၁၂/အစန(နိုင်)၁၀၆၂၉၀၊ ဒေါ်စန်းစန်းမော် ၁၂/အစန(နိုင်)၁၀၆၂၈၁ တို့မှ အထူးဝန်ဆောင်ခနှုန်းဖြင့် မြေငှားဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက် မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တအာဒိစ္စ

**သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ စိန်ဘရားသားကျောင်းဆရာတော် ဦးသီရိ၏တပည့်(ဦးတေဇနိယ)၊ ဦးဝဏ္ဏသာမိတို့၏ နောင်တော်ကြီး ဦးသုမန၊ ဦးတေဇောသာသ၊ ဦးဝဏ္ဏိတတို့၏ဆရာတော်၊ ဦးစံရွှေ၊ ဦးမောင်မြင့်၊ ဦးမောင်ညွန့်တို့၏နောင်တော်ကြီး၊ စိန်ဘရားသားကျောင်းသစ်၏ ပဓာနနာယကဆရာတော်သည် (၁၃၈၁ခုနှစ် ပြာသို့လပြည့်ကျော် ၁၃ ရက်) ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ အန္တိမအဂ္ဂိဈာပနကို (၁၃၈၁ခုနှစ် ပြာဆိုလပြည့်ကျော် ၁၅ရက်) ၂၄-၁-၂၀၂၀ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကြည်စုသုသာန်၌ ကျင်းပပူဇော်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (စိန်ဘရားသားကျောင်းမှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ (၁၃၈၁ခုနှစ် တပို့တွဲလဆန်း ၄ရက်) ၂၈-၁-၂၀၂၀ ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

## ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)

**(B.E,M.E)**

**OTS(13), ကြည်း/၇၀၆၅**

**ဗဟိုလျှပ်/စက်တပ် ကျောင်းအုပ်ကြီး(ငြိမ်း) (ပြင်ဦးလွင်)**

**အသက်(၈၉)နှစ်**

တောင်ငူမြို့နေ ဦးဘတူ-ဒေါ်စောရင်တို့၏သား၊ (ဦးသိန်းဖေ-ဒေါ်သာရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်း၊ သမိုင်း၊ အမှတ်(၉၅)(ခ)နေ (ဒေါ်သူဇာမြင့်)၏ခင်ပွန်း၊ ဦးကိုကိုကြီး-ဒေါ်ချယ်ရီစိန်၊ ဦးအောင်ကြီးမြင့်-ဒေါ်သီဂီစိန်၊ ဒေါ်ကေသီစိန်၊ ဦးကျော်စိုး၊ (ဦးထင်အောင်)-ဒေါ်မြင့်သီဂီတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်လွမ်

## အသက်(၈၉)နှစ်

သူငယ်ချင်း ဦးမြတ်မိုး၏မိခင် ဒေါ်ကျင်လွမ် အသက်(၈၉)နှစ် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများနှင့်အတန်းဖော်များ**
**အထက(၁)လသာ၊ ရန်ကုန်**

## ဒေါ်ငွေးငွေးဝင်း(ကျိုက်လတ်)

**ကေမ္မာ ယောဂီ**

**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ သောက်တော်တွင်းလမ်း၊ အမှတ်(၄၀)နေ ကျောင်းအုပ်ဆရာကြီး(ဦးမောင်စိန်)-ကျောင်းအုပ်ဆရာမကြီး(ဒေါ်ခင်နု)တို့၏သမီး၊ ကိုဝဏ္ဏဇော်-မခိုင်မာလာစိုး၊ ကိုမျိုးသူရစိုးတို့၏မိခင်၊ မယွန်းနဒီဦး၊ မောင်တေဇမောင်မောင်တို့၏အဘွား၊ ဦးစိုးအောင်၏ဇနီး ဒေါ်ငွေးငွေးဝင်းသည် ၂၂-၁-၂၀၂၀ရက် နံနက် ၀၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (အထက်ပါနေအိမ်မှကားများမွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ရဟန်းဒါယကာကြီး

## ဦးစိန်လင်း

**စန္ဒာမုန့်တိုက်၊ ဆန်းသစ်မုန့်တိုက်**

**ဟသ်ာတမြို့**

**အသက်(၆၂)နှစ်**

အမှတ်(၅)၊ မန်းဘခိုင်လမ်း၊ ဟသ်ာတမြို့နေ ဦးဖန်ဆောင်-ဒေါ်သန်းကြည်တို့၏သားထွေး၊ ဦးကျင်စိန်-(ဒေါ်ခင်စန်းရီ)၊ ဦးကျင်ထွန်း၊ ဦးမင်းဉာဏ်-ဒေါ်ရင်မေ၊ ဒေါ်သန်းအေး၊ (ဒေါ်ညွန့်ညွန့်ကြည်)တို့၏ ညီ/မောင်၊ ဦးမျိုးမင်းစံ-မသဇင်၊ ဦးရဲမင်းအောင်- မခင်သီတာကျော်၊ မဆုရည်မင်း၊ မလင်းလဲ့လဲ့အောင်တို့၏ ဦးလေး ဦးစိန်လင်းသည် ၂၁-၁-၂၀၂၀ရက်(အင်္ဂါနေ့) ည၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ကြက်တွန်ရိုးသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်စောမူ(B.Com,CPA)

**ညွှန်ကြားရေးမှူး(ငွေစာရင်း)စိုက်ပျိုးရေးဦးစီးဌာန**

**အသက်(၅၈)နှစ်**

သူငယ်ချင်းခင်စောမူသည် ၂၁-၁-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၁:၁၀နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ ချစ်သူငယ်ချင်းခင်စောမူကောင်းမြတ်တဲ့ သုဂတိဘုံဘဝသို့ ရောက်ရှိပါစေ။

**ချစ်သူငယ်ချင်းများ**
**ခင်ဆွေဝင်း၊ မြမြဝေ၊ မြင့်မြင့်ကြည်၊ နီနီဝင်း**
**CPA-11th .Batch**




ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို မျက်ခြည်မပြတ်လေ့လာ ရင်ဆိုင်တုံ့ပြန်ဖြေရှင်းနိုင်အောင် လိုအပ်သည့် ကြိုတင်စီမံမှုများကို ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ ( ၆ ) ခုမှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

## MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၅) ကို ယနေ့ နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ပိုင်းမှ အသင်းကြီးများ နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၁၅) တွင် ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် VUC အသင်းနှင့် MIU အသင်း၊ ယင်းနှစ်သင်းကို ဖိအားပေးနေသည့် GV အသင်းတို့ နိုင်ပွဲဆက်ခဲ့ပြီး ဇယားအောက်ပိုင်းမှ AMM Brothers အသင်းမှာလည်း နှစ်ပွဲဆက်အနိုင်ယူခဲ့သည်။ VUC အသင်းက On Doctor အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ MFF ယူ-၁၉ အသင်းက ဖူဆယ်ချစ်သူအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ GV အသင်းက Dream Team ကို ငါးဂိုး-နှစ်ဂိုး၊ လက်ရှိချန်ပီယံ MIU အသင်းက Do Do Ko Ko အသင်းကို ၁၀ ဂိုး-နှစ်ဂိုး၊ AMM Brothers အသင်းက မြို့မ JY အသင်းကို သုံးဂိုး-တစ်ဂိုး၊ Winner အသင်းက လက်ဝဲသုန္ဒရအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၁၃ ပွဲဆက်တိုက် နိုင်ပွဲမရခဲ့သည့် AMM Brothers အသင်းသည် နှစ်ပွဲဆက် အနိုင်ရလဒ်ကြောင့် အဆင့် ၁၀ နေရာအထိ တက်လှမ်းနိုင်ခဲ့သည်။ မြို့မ JY အသင်းမှာမူ ဇယားအောက်ပိုင်းမှ

*စာမျက်နှာ ၁၃ ကော်လံ ၄* ❍

ကိုရိုနာဗိုင်းရပ်စ်အသစ်ကြောင့် သေဆုံးသူ ကိုးဦးရှိလာပြီး ၄၄၀ ကျော် ကူးစက်ခံနေရဟု တရုတ်ကျန်းမာရေး ကော်မရှင်ပြော — စာ ၁၄

ကော်ဖီဆိုင်များက သက်သေပြနေသည့် ဆော်ဒီလူ့အဖွဲ့အစည်းအတွင်း ပြောင်းလဲလာမှု — စာ ၁၅

အမ်းမြို့နယ်၌ မော်တော်ယာဉ်တစ်စီးအား AA အဖွဲ့က မီးရှို့ဖျက်ဆီး၊ ယာဉ်မောင်းတစ်ဦး မီးလောင်ဒဏ်ရာများရရှိ — စာ ၁၉



၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၉ အသင်း။ ဓာတ်ပုံ- ဖိုးသော်ဇင်

## မြန်မာ ယူ-၁၉ အသင်း MNL-2 ပြိုင်ပွဲတွင် ကစားသမား ၂၄ ဦးဖြင့် ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ဖွဲ့စည်းထားသည့် မြန်မာ ယူ-၁၉ အသင်းသည် ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် ၂၀၂၀ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကစားသမား ၂၄ ဦးဖြင့် ဖွဲ့စည်းထားသည်။

မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းသည် ၂၀၁၉ ခုနှစ်က ရွေးချယ်ထားသည့် ကစားသမားများအနက် MNL ကလပ်အသင်းမှ ရွေးချယ်ထားသည့် ကစားသမားတချို့ကို ပြန်လည်စေလွှတ်ထားသောကြောင့် ကျန်ရှိသည့် ကစားသမား ၂၁ ဦးကို သုံးဦးထပ်ဖြည့်ကာ ၂၄ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပထမတန်း အမှတ်ပေးပြိုင်ပွဲတွင် Junior Lions အမည်ဖြင့်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 005394(0519)
စိတ်ဖိစီးမှုလျော့ပါးစေရန် ၊ ဆီးကောင်းစေရန် ၊ ခွန်အားသစ်ဖြစ်စေရန် ၊ မှတ်ဉာဏ်ကောင်းစေရန် ၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH18/11153
ISO 9001:2015 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၁၆ တဆထလ(တိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH18/11152